# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ သောကြာနေ့။ Friday, 12 June 2020 ၁၀၀၄၁




# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## Covid လောက် ကျယ်ပြန့်တဲ့ကိစ္စ မရှိသလို Covid လောက် ကျဉ်းမြောင်းတာလည်း မရှိကြောင်း၊ လူအားလုံး၊ အရာအားလုံးနဲ့ဆိုင်သလို လူတစ်ယောက်ချင်းနဲ့လည်း ဆိုင်နေကြောင်း ရေးသားဖော်ပြ

- ❖ ရောဂါကာကွယ်ရေးအတွက် သိကောင်းစရာတွေက များသလောက် ပြည်သူတွေသိချင်တာတွေကလည်း များပြီး၊ မနူးမနပ်၊ မမှန်မကန် သတင်းတွေကလည်း ပျံ့နှံ့နေတာကြောင့် တတ်နိုင်သမျှ ဘက်စုံက ဆွေးနွေးနိုင်ဖို့ ကြိုးစား
- ❖ ယခု Covid ကိစ္စကလည်း နိုင်ငံရေးပဲဖြစ်၊ နိုင်ငံအတွက် ကြီးမားတဲ့အရေးဖြစ်၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသဖြင့် ခွဲခြားပြီး စဉ်းစားလို့ မရ

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid လောက် ကျယ်ပြန့်တဲ့ကိစ္စ မရှိသလို၊ Covid လောက် ကျဉ်းမြောင်းတာလည်း မရှိပါကြောင်း၊ လူအားလုံး၊ အရာအားလုံးနဲ့ ဆိုင်သလို၊ လူတစ်ယောက်ချင်းနဲ့လည်း ဆိုင်နေပါကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က Covid နဲ့ ပတ်သက်တဲ့ video ဆွေးနွေးပွဲတွေ စီစဉ်တဲ့အခါ ပထမဆုံးလုပ်ရတာကတော့ အကြောင်းအရာ ရွေးရပါကြောင်း၊ ဘယ်ကိစ္စတွေဟာ ရောဂါတားဆီးကာကွယ်ရေးအတွက် အရေးကြီးလဲ။ ဘာတွေကို ပြည်သူတွေ စိတ်ဝင်စား၊ သိချင်နေလဲ။ ပြည်သူတွေ ပူးပေါင်းပါဝင်လာဖို့ ဘာတွေ အသိပေးဖို့လိုလဲ။ တစ်ခါတလေလည်း မိမိ ဘာပြောချင်တာများရှိလဲဆိုတာလဲ စဉ်းစားမိပါကြောင်း။

Covid လောက် ကျယ်ပြန့်တဲ့ကိစ္စ မရှိသလို၊ Covid လောက် ကျဉ်းမြောင်းတာလည်း မရှိပါကြောင်း၊ လူအားလုံး၊ အရာအားလုံးနဲ့ ဆိုင်သလို၊ လူတစ်ယောက်ချင်းနဲ့လည်း ဆိုင်နေပါကြောင်း၊ ရောဂါကာကွယ်ရေးအတွက် သိကောင်းစရာတွေက များသလောက် ပြည်သူတွေသိချင်တာတွေကလည်းများပြီး၊ မနူးမနပ်၊ မမှန်မကန် သတင်းတွေကလည်း ပျံ့နှံ့နေတာကြောင့် တတ်နိုင်သမျှ ဘက်စုံက ဆွေးနွေးနိုင်ဖို့ကြိုးစားပါကြောင်း၊ ပြည်သူတွေ ပူးပေါင်းပါဝင်တယ်ဆိုတာ နားလည်သဘောပေါက်ခြင်းအပေါ် အခြေခံမှသာ အာနိသင်ပြည့်ဝမှာဖြစ်ပါကြောင်း။

မိမိပြောချင်တာတွေကို စဉ်းစားလိုက်ရင်တော့ အများကြီးဖြစ်ပါကြောင်း၊ မိနစ်ခွန်းတစ်ခုမှာ ဖေဖေက ပြောဖူးပါကြောင်း၊ နိုင်ငံရေးနဲ့ပတ်သက်လို့ပြောချင်တာ "ဝမ်းထဲမှာ အများကြီးပဲ၊ ပုံနေတာပဲ" တဲ့။ အဲ့ဒါကို ဖတ်လိုက်တဲ့အခါ၊ သြော်၊ လွတ်လပ်ရေးကြိုးပမ်းနေရတဲ့အချိန်ဆိုတော့ ပြောစရာတွေကလည်း များမှာပဲလို့ တွေးမိပါကြောင်း၊ အခုတော့ နိုင်ငံရေးနဲ့ပတ်သက်လို့ ပြောစရာကတော့ အစဉ်များနေမှာပဲဆိုတာကို သဘောပေါက်နေပြီဖြစ်ပါကြောင်း။

ယခု Covid ကိစ္စကလည်း နိုင်ငံရေးပဲဖြစ်ပါကြောင်း၊ နိုင်ငံအတွက် ကြီးမားတဲ့အရေးဖြစ်ပါကြောင်း၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသဖြင့် ခွဲခြားပြီးစဉ်းစားလို့ မရပါကြောင်း၊ အားလုံးကို စုပေါင်းပြီး၊ နိုင်ငံရေး၊ နိုင်ငံရေးစိန်ခေါ်မှုကြီးလို့ မြင်ဖို့လိုပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ဖို့ အများကြီးလိုပါကြောင်း။

ဖေဖေ ဘုန်းကြီးကျောင်းသားလေသံနဲ့ မိနစ်ခွန်းတစ်ခုကို နိဂုံးချုပ်လိုက်သလို၊ "တုမှေ - သင် ပရိသတ်အပေါင်းတို့သည် ဂဏှထ - မမေ့မလျော့ မပေါ့ သတိနှင့် မှတ်သားသွားကြကုန်လော့။" ဟု ရေးသားထားသည်။

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့



စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသား ၁၃၂ ဦးနှင့် နယူးဇီလန်၊ အင်ဒိုနီးရှား၊ ပါပူးဝါနယူးဂီနီနှင့် ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသတို့မှ မြန်မာနိုင်ငံသား ၁၇ ဦး စုစုပေါင်း ၁၄၉ ဦးတို့အား စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။


စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## ကိုဗစ်-၁၉ ရောဂါမှ ရရှိသောသင်ခန်းစာ

ကြောက်မက်ဖွယ်ကောင်းသော ကိုဗစ်-၁၉ ကပ်ရောဂါကို တစ်ကမ္ဘာလုံး ရင်ဆိုင်ကြုံတွေ့နေရသည်မှာ နှစ်တစ်ဝက်ပင် ရှိတော့မည်ဖြစ်သည်။ ကမ္ဘာ့လူသားများ၏ လူမှုဘဝ၊ စီးပွားရေးလောက၊ တစ်ဦးချင်းကျန်းမာရေးနှင့် အသက်ဘေးအန္တရာယ်ကို ထိခိုက်ပျက်စီးစေသည့် ကပ်ရောဂါဘေးကင်းဝေးအောင် ကိုဗစ်-၁၉ ရောဂါကပင် သင်ခန်းစာပေးနေသည်ကို ပြည်သူအများ သိရှိနားလည်ကြပေလိမ့်မည်။

သတ္တဝါများ အသက်ရှင်နေထိုင်သည့် ဤကမ္ဘာလောက၌ ရောဂါပိုးအမျိုးမျိုးတို့ရှိနေသည်။ ရောဂါပိုးတို့သည် သတ္တဝါတို့ထံသို့ အလိုအလျောက်ရောက်လာသည်မဟုတ်၊ ရောဂါပိုးတို့ကို သတ္တဝါတို့ကပင် သယ်ဆောင်လာခဲ့ကြသည်။ ရောက်ရှိလာသော ပုံမှန်ရောဂါပိုးတို့ကို လူသားတို့သည် ကာကွယ်ကုသနိုင်ကြပြီး ရောဂါပိုးအသစ်အဆန်းတို့ကိုမူ ကာကွယ်နိုင်စွမ်းမရှိကြသေးချေ။ ထို့ကြောင့် ရောဂါဖြစ်ပွားမှုကာလ ရှည်ကြာလျှင် ရှည်ကြာသလောက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများလည်း တစ်စတစ်စများပြားလာသည်။

ရောဂါအသစ်အဆန်းတစ်မျိုးဖြစ်သည့် ကိုဗစ်-၁၉ ရောဂါသည် လူသားများအား ဆိုးကျိုးများပေးနေသည်မှန်သော်လည်း လောကလူသားများ အသိတရားနှင့် သတိထားနေထိုင်တတ်ရန် သင်ခန်းစာပေးနေသည်ဟုလည်း အကောင်းရှုမြင်ရမည် ဖြစ်သည်။ ကိုဗစ်-၁၉ မှ ရရှိလိုက်သော သင်ခန်းစာသည် စည်းလုံးညီညွတ်ခြင်းနှင့် စည်းကမ်းလိုက်နာခြင်းဖြစ်သည်။ ထိုအချက်နှစ်ချက်သည် ကိုဗစ်-၁၉ ရောဂါကို ကျော်လွှားအောင်မြင်နိုင်ရေး ဖြစ်သလို မိမိတို့လူမှုဘဝ၊ လူ့အသိုက်အဝန်း ရှေ့ခရီးအတွက် အောင်မြင်ရေး နိဿယများပင်ဖြစ်သည်။

စည်းလုံးညီညွတ်ခြင်းနှင့် စည်းကမ်းလိုက်နာခြင်းမရှိလျှင် ကိုဗစ်-၁၉ ကို မအောင်မြင်နိုင်ဘဲ ရေရှည်ရင်ဆိုင်ရပြီး ဆုံးရှုံးမှုများနှင့်ကြုံရမည်ဖြစ်သည်။ ပြည်သူများအားလုံး စည်းလုံးညီညွတ်ပြီး စည်းကမ်းလိုက်နာကြမည်ဆိုလျှင် ကိုဗစ်-၁၉ ကို အောင်နိုင်ပြီးနောက် မိမိတို့ရှေ့ခရီးတွင်လည်း အောင်မြင်မှုများရရှိမည် ဖြစ်သည်။ မိမိကိုယ်တိုင်နှင့် အခြားသူများကို ကိုဗစ်-၁၉ ရောဂါမှ ကာကွယ်နိုင်ရန် ရိုးရှင်းသောနည်းလမ်း၊ စည်းကမ်းခုနစ်သွယ်ရှိသည်။ လိုက်နာဆောင်ရွက်ရန် အပန်းမကြီးဘဲ အလေ့အထ၊ အလေ့အကျင့်၊ အကျင့်စရိုက်ကောင်းများဖြစ်ဖို့သာ လိုအပ်သည်။

ထိုအကြံပြုချက် ခုနစ်ချက်ကို လူတိုင်းလိုက်နာနိုင်ပါသည်။ သင်သည် ကိုဗစ်-၁၉ ရောဂါရှိသည်ဟု သိရှိရသောနေရာသို့ ရောက်ရှိနေလျှင် အထူးပင် လိုက်နာရန်အရေးကြီးပြီး ပုံမှန်လူထုနှင့် ထိတွေ့ဆက်ဆံရာတွင် လမ်းညွှန်ထားသောနည်းလမ်း၊ စည်းကမ်းများကို အလေ့အထသဖွယ် လုပ်ဆောင်ကြရမည် ဖြစ်သည်။ ၁။ လက်များကို လက်သန့်ဆေးရည်ဖြင့် သန့်စင်စေခြင်း သို့မဟုတ် ဆပ်ပြာနှင့် ရေဖြင့် စနစ်တကျဆေးကြောခြင်း။ ၂။ သင်၏ မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့ကို ထိခြင်း၊ ကိုင်ခြင်း မပြုလုပ်ခြင်း။ ၃။ ချောင်းဆိုးလျှင် လုံအောင်အုပ်ပြီးမှ ဆိုးခြင်း။ ၄။ လူထူထပ်သောနေရာများနှင့် ဖျားနေသော၊ ချောင်းဆိုးနေသောလူနှင့် အနီးကပ်ထိတွေ့ခြင်းကို ရှောင်ရှားခြင်း။ ၅။ နေမကောင်းလျှင် အိမ်မှာပင်နေခြင်း၊ အတတ်နိုင်ဆုံး နေအိမ်ပြင်ပသို့ မထွက်ခြင်း။ ၆။ သင့်ထံတွင် ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူခက်ခဲခြင်း စသည့် လက္ခဏာများခံစားရပါက ဆေးကုသမှု စောစီးစွာခံယူခြင်း။ ၇။ ယုံကြည်ရသည့် အရင်းအမြစ်များမှ သတင်းအချက်အလက်ရယူခြင်း ဟူသည့်ခုနစ်ချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိပေးထားသည်။

ပြည်သူအားလုံးအနေဖြင့် အဓိကအချက်မှာ တစ်ကိုယ်ရေကျန်းမာရေးကို အထူးဂရုစိုက်ရန်လိုအပ်ပြီး ပြင်ပသို့ထွက်လျှင် လက်ဆေးခြင်း၊ မျက်နှာ၊ ပါးစပ်၊ နှာခေါင်း အအုပ်အဆိုင်းများတပ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ဖြစ်သည်။ ထိုအချက်များသည် သက်ဆိုင်ရာတို့မှ လမ်းညွှန်ထားသော စည်းကမ်း၊ နည်းလမ်းများဖြစ်ပြီး ထိုစည်းကမ်းနည်းလမ်းများကို လိုက်နာကျင့်ကြံနေထိုင်တတ်သည့် အလေ့အထကောင်းများရှိလာပါက ကိုဗစ်-၁၉ ကိုသာမက မိမိတို့ဘဝခရီးလမ်းတွင် လုပ်ကိုင်လွယ်ကူအောင်မြင်ချောမွေ့မှုတို့ကို ရရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါကို အကြောင်းပြု၍ ပြည်သူ ပြည်သားများ လိုက်နာဆောင်ရွက်ရန် ဥပဒေ၊ စည်းကမ်း၊ နည်းလမ်းများကို သက်ဆိုင်ရာတို့က ချမှတ်ပေးလျက်ရှိသည်။ ထိုစည်းကမ်း၊ နည်းလမ်းများကို အလေ့အထသဖွယ် လိုက်နာဆောင်ရွက်တတ်လာပါက စည်းကမ်းလိုက်နာတတ်သော နိုင်ငံသားကောင်းများဖြစ်ကာ မိမိတို့ဘဝ၊ မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့နိုင်ငံအတွက် ကောင်းမွန်သောအနာဂတ်ကို ပုံဖော်ထုဆစ်နိုင်မည် ဖြစ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လူမှုဖူလုံရေးထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ထုတ်ပေး

ရန်ကုန် ဇွန် ၁၁

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးကာလအတွင်း ကျန်းမာရေးစစ်ဆေးခံရန် (ယာယီ) ပိတ်သိမ်းခဲ့သည့် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် လူမှုဖူလုံရေးအဖွဲ့ ရွှေလင်ပန်းစက်မှုဇုန်ရုံးခွဲတွင် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး အကျိုးဝင်မှတ်ပုံတင်ထားသော စက်ရုံ၊ အလုပ်ရုံအလုပ်ဌာနများမှ အာမခံအလုပ်သမားများအား ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ ရွှေလင်ပန်း စက်မှုဇုန်ရုံးခွဲ၌ ကျင်းပသည်။

ထိုသို့ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်များထုတ်ပေးရာတွင် လှိုင်သာယာမြို့နယ် လူမှုဖူလုံရေးအဖွဲ့ ရွှေလင်ပန်းစက်မှုဇုန်ရုံးခွဲ တာဝန်ခံ ဒေါ်သန်းသန်းဆင့်က အလုပ်ဌာန ၁၂ ဌာနမှ အာမခံအလုပ်သမားပေါင်း ၄၅၃၅ ဦးတို့အား စုစုပေါင်းငွေကျပ် ၇၀၈၃၀၅၆၀ ကို သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတို့မှ တာဝန်ခံများထံသို့ ပေးအပ်ခဲ့သည်။ ယနေ့အထိ အလုပ်ဌာနပေါင်း ၃၄ ဌာနမှ အလုပ်သမားပေါင်း ၁၄၃၈၄ ဦးကို ငွေကျပ်သိန်းနှစ်ထောင်ကျော် ထုတ်ပေးခဲ့ပြီး အခြားစက်ရုံ၊ အလုပ်ရုံများကိုလည်း တင်ပြထားပြီးဖြစ်ကာ ခွင့်ပြုမိန့်ရရှိလာပါက ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ရုံးခွဲတာဝန်ခံ ဒေါ်သန်းသန်းဆင့်ထံမှ သိရသည်။ **ဉာဏ်ဟိန်း**



## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဦးရွှေမော် ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ရေနံထွက်ပစ္စည်းကြီးကြပ်ရေး ဦးစီးဌာန လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| (ခ) ဒေါက်တာ အယ်လ်တူးမိန်းဂေါင် ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုဝန်ကြီးရုံး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန |
| (ဂ) ဦးမင်းအေးကို ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုဝန်ကြီးရုံး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၁-၆-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၀,၅၀၀ | ၁,၈၇၆ | ၂၀,၅၉၈,၀၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၅၀ | ၄,၂၈၁ | ၁၆,၂၆၈,၀၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၁,၅၀၇ | ၃၄,၉၆၁,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၁,၉၇၈ | ၅,၅၃၈,၄၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၄,၀၉၉ | ၁၁,၀၆၇,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၁၁

**ရန်ကုန်(ရွှေဈေး) ၁၂၁၄၅၀၀ မန္တလေး(ရွှေဈေး) ၁၂၁၄၅၀၀**

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၃၀/၅၆၀ ကျပ် | ၅၆၀/၅၇၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၂၀/၅၅၀ ကျပ် | ၅၄၅/၅၆၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၈၀/၆၀၅ ကျပ် | ၆၁၅/၆၆၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၅၀/၄၉၀ ကျပ် | ၅၁၅/၅၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၇၅/၄၈၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၉၀/၄၉၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၀/၄၇၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၀.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၉၄.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၈.၁၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၅.၂၅၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၉.၅၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၄၉၄ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၁.၇၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၉.၄ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၁၀.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၇.၁၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| ခေတ္တ စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - | ဦးဝင်းနိုင် | | | |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း | | | |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး | ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |
| ဘာသာပြန်စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| အကြီးတန်း သတင်းထောက်များ | - | ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ | စာပြင် | - | ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| | | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## Covid-19 Economic Relief Plan တွင်ပါရှိသော လယ်ယာကဏ္ဍအပေါ် အကျိုးသက်ရောက်မှုအား တုံ့ပြန်မည့်အစီအစဉ်နှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၁**

Covid-19 Economic Relief Plan(CERP)တွင်ပါရှိသော လယ်ယာကဏ္ဍအပေါ် အကျိုးသက်ရောက်မှုအား တုံ့ပြန်မည့် အစီအစဉ် Action Plan နှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ စုံညီစွာတက်ရောက်ဆွေးနွေးကြသည်။

**အကောင်အထည်ဖော်ဆောင်ရွက်မည်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် လယ်ယာကဏ္ဍအပေါ် အကျိုးသက်ရောက်မှုအား တုံ့ပြန်ဆောင်ရွက်ရာ၌ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ အသေးစားကုန်ထုတ်လုပ်မှုကဏ္ဍများပါဝင်သည့် ဘက်စုံထောင့်စုံမှ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ကိုဗစ်-၁၉ အလွန်ကာလတွင် ပြန်လည်ထူထောင်နိုင်ရေးအတွက် အစီအမံများကိုလည်း ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များအား ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကိုဗစ်-၁၉ အန္တရာယ် ဘေးကင်းလုံခြုံစွာ ခွဲစိတ်ကုသမှု ကိစ္စရပ်များအား Video Conferencing ဖြင့် ဆွေးနွေး

**နေပြည်တော် ဇွန် ၁၁**

ကိုဗစ်-၁၉ အန္တရာယ် ဘေးကင်းလုံခြုံစွာ ခွဲစိတ်ကုသမှု (COVID-19 Surgical Safety) ကိစ္စရပ်များနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဆေးတက္ကသိုလ်ငါးခုမှ ပါမောက္ခချုပ်များ၊ ခွဲစိတ်ကုပညာ၊ ဆေးပညာ၊ သားဖွားနှင့်မီးယပ်ပညာ၊ မေ့ဆေးပညာ၊ အရေးပေါ်ဆေးပညာနှင့် ဆေးပညာတို့မှ ပါမောက္ခ/ဌာနမှူးများ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ တာဝန်ခံ၊ ဆေးရုံအုပ်ကြီးများ၊ သူနာပြုအုပ်ကြီးများသည် ယနေ့နံနက်ပိုင်းက Video Conferencing ဖြင့် ဆွေးနွေးပွဲကျင်းပသည်။



**ဆေးပညာကျင့်ဝတ်နှင့်အညီ**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကိုဗစ်-၁၉ သည် ခွဲစိတ်မှုဆိုင်ရာ ရောဂါမဟုတ်သော်လည်း ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း ခွဲစိတ်ကုသမှုများ ပြုလုပ်ရာတွင် လူနာဘေးကင်းလုံခြုံရေးအပြင် ခွဲစိတ်ကုသသူ ခွဲစိတ်ဆရာဝန်၊ မေ့ဆေးဆရာဝန်နှင့် သူနာပြုများထံ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးတို့သည် အရေးကြီးပါကြောင်း၊ ခွဲစိတ်ကုသမှုများဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချခြင်းနှင့် ခွဲစိတ်ကုသမှုဆောင်ရွက်ခြင်းတို့တွင် ဆေးပညာကျင့်ဝတ်များနှင့်အညီ တိုင်းတာချိန်ဆဆောင်ရွက်သကဲ့သို့ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း ခွဲစိတ်ကုသမှုများ ဘေးကင်းလုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ခြင်းများကို ဆေးပညာကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ အန္တရာယ် ဘေးကင်းလုံခြုံစွာ ခွဲစိတ်ကုသမှုကိစ္စရပ်များအတွက် လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများကို မူကြမ်းများရေးဆွဲဆောင်ရွက်ထားရှိမှုသည် ကောင်းမွန်ပါကြောင်း၊ အဆိုပါ လုပ်ငန်းလမ်းညွှန်နှင့် လုပ်ထုံးလုပ်နည်း မူကြမ်းများကို အပြီးသတ်ရေးဆွဲနိုင်ရန် ခွဲစိတ်ကုပညာ၊ မေ့ဆေးပညာနှင့် နီးနွယ်ဌာနများမှ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများပါဝင်သော အဖွဲ့ကိုဖွဲ့ပြီး ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်မှာ ကောင်းမွန်ပါကြောင်း၊ ဆေးနှင့်ဆေးပညာနီးနွယ် ပညာရပ်ဌာနများအားလုံးမှ သက်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများက ကြီးမှူး၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ အထူးကုဆရာဝန်များနှင့် ပုံမှန်ဆွေးနွေးမှု၊ ပညာရပ်ပိုင်းဆိုင်ရာ မျှဝေမှုတို့အား ယခုကဲ့သို့ Video Conferencing စနစ်ဖြင့် ဆက်လက်ဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံတကာတွင် ချမှတ်ကျင့်သုံးနေသော ကိုဗစ်-၁၉ ဘေးကင်းလုံခြုံစွာ ခွဲစိတ်ကုသခြင်းလုပ်ငန်းလမ်းညွှန်များကို မိမိတို့နိုင်ငံနှင့် ကိုက်ညီစွာဖြင့် မွမ်းမံမှုများပြုလုပ်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ အထူးကုဆရာဝန်များထံ ဖြန့်ဝေခြင်းတို့ကိုဆောင်ရွက်စေလိုပါကြောင်း။

**မွမ်းမံပြင်ဆင်မှုများပြုလုပ်**

ကိုဗစ်-၁၉ ၏ ဖြစ်စဉ်သဘောသဘာဝ (natural history of disease) ကို အပြည့်အဝမသိရှိသေးသဖြင့် မိမိတို့အနေဖြင့် ကိုဗစ်-၁၉ သံသယလူနာနှင့် ဓာတ်ခွဲအတည်ပြုလူနာများကို ခွဲစိတ်ကုသရာ၌ အထူးသတိပြု၍ လုပ်ငန်းလမ်းညွှန်များအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ အန္တရာယ်ဘေးကင်းလုံခြုံစွာ ခွဲစိတ်ကုသခြင်း အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် အနည်းဆုံးလိုအပ်ချက်နှင့် စံနှုန်းများကို ချမှတ်ပေးရန်နှင့် စံနှုန်းများ ပြည့်မီမှုအခြေအနေကို စာရင်းပုံစံများဖြင့် ဆန်းစစ်ကြရမည်ဖြစ်ပါကြောင်း၊ အရေးပေါ်မဟုတ်သော ခွဲစိတ်ကုသမှုများကို ယခုအချိန်တွင် စတင်ပြုလုပ်ရန် သင့်/မသင့်ကို သက်ဆိုင်ရာဆေးရုံအလိုက် တာဝန်ရှိသူများက စဉ်းစားဆုံးဖြတ်ရန်ဖြစ်ပါကြောင်း၊ ပြင်ပလူနာများနှင့် ပြန်လည်ချိန်းဆို၍ကြည့်ရှုသောလူနာများ စုပြုံမနေစေရန် သက်ဆိုင်ရာဆေးရုံအုပ်နှင့် အထူးကုဆရာဝန်ကြီးများ တိုင်ပင်၍ အစီအမံနှင့် လုပ်ငန်းလမ်းညွှန်များ ချမှတ်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ ဝယ်ယူဖြည့်ဆည်းမှု၊ စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုများကြောင့် ဆေးပစ္စည်းကိရိယာများ ပိုမိုရရှိလျက်ရှိပြီး အဆိုပါ ဆေးပစ္စည်းကိရိယာများကို ယခုကိုဗစ်-၁၉ အတွက်သာမက ရေရှည်တွင် အခြားလူနာများအတွက်ပါ အသုံးချဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ အထူးကြပ်မတ်ကုသဆောင်များကို အဆင့်မြှင့်တင်မှု၊ ဆေးပစ္စည်းကိရိယာများ ပိုမိုရရှိလာမှုတို့ကြောင့် ရေရှည်တွင် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၌ ဝန်ကြီးဌာန၏ ဘဏ္ဍာငွေဖြင့် ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူရာတွင် သက်ဆိုင်ရာပညာရပ် ပါမောက္ခ/ ဌာနမှူးများနှင့် အထူးကုဆရာဝန်ကြီးများ၏ အကြံပြုချက်များ ရယူကာ ဆက်လက်ဝယ်ယူရန် အသေးစိတ်စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို ဆေးရုံများသို့ ခွဲဝေချထားပေးရာတွင်လည်း သက်ဆိုင်ရာ ဆေးရုံများအလိုက် ရောဂါဖြစ်ပွားမှုအခြေအနေများနှင့်အညီ ခွဲဝေဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနဆေးနှင့်ဆေးပညာနီးနွယ်ပညာရပ်များမှ လုပ်ငန်းလမ်းညွှန်များနှင့် လုပ်ထုံးလုပ်နည်းများကို အမြဲပုံသေမဟုတ်ဘဲ ပြောင်းလဲလျက်ရှိသော အခြေအနေအရပ်ရပ်၊ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို သုံးသပ်ပြီး အချိန်နှင့်တစ်ပြေးညီ မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ယခု ဆွေးနွေးပွဲသို့တက်ရောက်လာသော ခွဲစိတ်နှင့် နီးနွယ်ပညာရပ်များမှ ပါမောက္ခ/ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ သူနာပြုဆရာမကြီးများနှင့် တာဝန်ရှိသူများအနေဖြင့် ပွင့်လင်းစွာ ဆွေးနွေးအကြံပြုကြစေလိုပါကြောင်း ပြောကြားသည်။

**လုပ်ငန်းလမ်းညွှန်ပေါ်ပေါက်ရေး**

ထို့နောက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးက ကိုဗစ်-၁၉ အန္တရာယ် ဘေးကင်းလုံခြုံစွာ ခွဲစိတ်ကုသမှုဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းလမ်းညွှန် ပေါ်ပေါက်လာရေးအတွက် အဖွဲ့ဖွဲ့စည်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးသည့် အခြေအနေများအား တင်ပြသည်။

ယင်းနောက် ဆေးတက္ကသိုလ်များမှ ခွဲစိတ်ကုပညာဌာန၊ ပါမောက္ခ/ဌာနမှူးများက ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း ခွဲစိတ်ကုသမှုများတွင် ကိုဗစ်-၁၉ အန္တရာယ်ဘေးကင်းလုံခြုံရေး (COVID-19 Surgical Safety) ဆိုင်ရာ လုပ်ငန်းလမ်းညွှန်(မူကြမ်း)နှင့် စံလုပ်ထုံးလုပ်နည်း (မူကြမ်း)များ ပြုစုထားရှိမှုကို ဆွေးနွေးတင်ပြကြသည်။

**အကြံပြုဆွေးနွေး**

ဆက်လက်၍ ဆေးတက္ကသိုလ်ငါးခုမှ ပါမောက္ခချုပ်များ၊ ခွဲစိတ်ကုပညာဌာနများ၊ အရိုးရောဂါပညာဌာနများ၊ သားဖွားနှင့် မီးယပ်ပညာဌာနများ၊ ကလေးခွဲစိတ်ပညာဌာနများ၊ မေ့ဆေးပညာဌာနများ၊ အရေးပေါ်ဆေးပညာဌာနများနှင့် ဆေးပညာဌာနများမှ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း ခွဲစိတ်ကုသမှုမပြုလုပ်မီ၊ ပြုလုပ်နေစဉ်နှင့် ပြုလုပ်ပြီးတို့တွင် ဘေးကင်းလုံခြုံရေးနှင့် ရောဂါကူးစက်မှုမရှိစေရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

ထိုသို့ အကြံပြုဆွေးနွေးမှုများအပေါ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်နှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ National Tourism Guidelines for COVID-19 Safe Services နှင့် ဆက်စပ်လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ National Tourism Guidelines for COVID–19 Safe Services နှင့် ဆက်စပ်လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးတင်လတ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ သက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဆင့်သုံးဆင့်ချမှတ်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ စတင်ဖြစ်ပွားချိန်မှစ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်မှုများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Guidelines များကို အတိအကျ လိုက်နာဆောင်ရွက်စေခဲ့ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် COVID–19 Economic Relief Plan (CERP) ပေါ်တွင် အခြေပြု၍ COVID–19 Myanmar Tourism Relief Plan ကို အဆင့် သုံးဆင့်ဖြင့်ချမှတ်ပြီး ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီကို တင်ပြပြီးဖြစ်ပါကြောင်း။

ကိုဗစ်–၁၉ ကူးစက်မှုကို ကာကွယ်ရန် ပြည်ဝင်ခွင့်များ ယာယီပိတ်ထားပြီး လေကြောင်းလိုင်းများ ရပ်နားထားသည့် အချိန်တွင် ခရီးသွားလုပ်ငန်းသည် လုံးဝရပ်တန့်သွားပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ခရီးသွား လေးသိန်းဝင်ရောက်ခဲ့ရာမှ ဧပြီလတွင် ခရီးသွား ၁၀၀ မရှိသည့်အနေအထား ရောက်ရှိသွားသည်ကို ပြည်သူများ ဘေးကင်းလုံခြုံမှုအတွက် အားလုံးအတူတကွ ကြံ့ကြံ့ခံခဲ့ကြပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Guidelines များကို လိုက်နာပြီး ကိုဗစ်–၁၉ ကူးစက်မှုကို ထိန်းချုပ်နိုင်သည့် Social Distancing နှင့် အလုပ်ရုံစက်ရုံများ ပြန်ဖွင့်ရန်၊ ဈေးများ၊ စားသောက်ဆိုင်များ ပြန်ဖွင့်ရန်၊ ဟိုတယ်၊ တည်းခိုခန်းများ ပြန်ဖွင့်ရန် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ဖြေလျှော့မှု နောက်တစ်ဆင့်မှာ ဘုရားများ၊ ပြတိုက်များကို Social Distancing နှင့် ပြန်လည်ဖွင့်လှစ်ခွင့်ပြုမယ်ဆိုလျှင် ပြည်တွင်းခရီးသွားများ စတင်သွားလာကြပြီး ခရီးသွားလုပ်ငန်း တဖြည်းဖြည်းချင်း ပြန်လည်အသက်ဝင်လာရန် မျှော်လင့်ပါကြောင်း၊ ပြည်တွင်းခရီးသွားများ COVID Safe travel လုပ်နိုင်သည်ကို ပြပြီး ကိုဗစ်–၁၉ ကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်နေသည်ဟု ယူဆရသည့် လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံများနှင့် Regional Travel Bubble ထူထောင်သွားလိုပါကြောင်း၊ ဒေသတွင်းခရီးသွား ပြန်လည်စတင်နိုင်ရန် Tourism National Guidelines ရှိရမည်ဖြစ်သည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော Guidelines များကိုစုစည်း၍ Tourism National Guidelines Beta Version အဖြစ် ပြင်ဆင်ထားပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထပ်မံထုတ်ပြန်မည့် Guidelines များကိုလည်း နောက် version တွင် ဖြည့်စွက်ထည့်သွင်းသွားမည်ဖြစ်ပါကြောင်း။

**ထည့်သွင်းပေးစေလို**

မကြာမီက Forbes Magazine က ကိုဗစ်–၁၉ အလွန်တွင် ပေါ်ထွန်းလာမည့် Tourism Destination ခုနစ်ခုမှာ မြန်မာနိုင်ငံကို ထည့်သွင်းဖော်ပြခဲ့သည့်အတွက် လာမည့် ခရီးသွားရာသီတွင် မြန်မာနိုင်ငံကို လာရောက်လိုသည့် ခရီးသွားများ၏ စုံစမ်းမှုများကို စတင်ရရှိနေပြီ ဖြစ်ပါကြောင်း၊ လက်ရှိလာရောက်သူများမှာ Business or Diplomatic Traveller အများစုဖြစ်ကြပြီး Leisure Traveller များ စတင်ဝင်ရောက်လာလျှင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် Health Insurance ပါရှိရန်ကိုပါ လိုအပ်ချက်တစ်ခုအဖြစ် ထည့်သွင်းပေးစေလိုပါကြောင်း။

နောက်ဆုံးတစ်ချက်မှာ နိုင်ငံ၏ ပကတိအခြေအနေအတိုင်း တည်ရှိနေသည့် တောတောင်ရေမြေတွင် Hiking, Canoeing, Rafting, Bungee Jumping, Zip Lining ကဲ့သို့သော Adventure Tourism ဖြင့် Quality Traveller များကို ဆွဲဆောင်နိုင်ရန် ပြင်ဆင်နေပါကြောင်း၊ Sports Tourism ကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်၍ ယင်းကော်မတီက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး Adventure Tourism SOP များ ပေါ်ထွက်အောင် ဆောင်ရွက်ရန် ပဏာမညှိနှိုင်းမှုတစ်ကြိမ် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ပြည်သူများအတွက် ဘေးကင်းလုံခြုံစွာနှင့် ခရီးသွားလုပ်ငန်းတစ်ဆင့်ချင်း ပြန်လည်စတင်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံဉာဏ်များကို တောင်းခံပါကြောင်း ပြောကြားသည်။

**ကျန်းမာရေးအာမခံ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ရှိ၌ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါသည် Community Transmission၊ Local Transmission တွင် နည်းနေပြီဖြစ်ပြီး ကူးစက်မှုများရှိနေဆဲဖြစ်ပါကြောင်း၊ လက်ရှိတွင် ပြည်ပမှ ဝင်ရောက်မှုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်–၁၉ ရောဂါကိုထိန်းချုပ်နိုင်ကာ စီးပွားရေးလုပ်ငန်းများ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရန် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိဖြေလျှော့မှုများကို ကိုဗစ်–၁၉ ၏ ကူးစက်ဖြစ်ပွားမှုအပေါ်မူတည်၍ တစ်ဆင့်ချင်း တဖြည်းဖြည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိကအရေးကြီးသည့် ကာကွယ်မှုများမှာ Social Distancing အတိုင်း ဆောင်ရွက်ခြင်း၊ လက်ဆေးခြင်းနှင့် နှာခေါင်းစည်းများ တပ်ခြင်းတို့ဖြစ်ပါကြောင်း၊ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများ ဖွင့်လှစ်ရာတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး Guidelines များကို တိတိကျကျ လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း အများပြည်သူ လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးအာမခံနှင့်ပတ်သက်၍ နိုင်ငံတကာခရီးသွားများကို အဟန့်အတားဖြစ်လောက်အောင် ဈေးမကြီးဘဲ နိုင်ငံတော်က စရိတ်ကျခံရခြင်းကို ကာမိစေမည့် ကျန်းမာရေးအာမခံထားရှိရေး ဆောင်ရွက်ရမည့် ကိစ္စများကို အသေးစိတ်ပြန်လည်ဆွေးနွေးပြီး ဆောင်ရွက်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

**ပုံမှန်စစ်ဆေးနိုင်ရေး**

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် ဖြေလျှော့မှုများအပေါ်မူတည်၍ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် ဖြေလျှော့မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဟိုတယ်၊ တည်းခိုရိပ်သာများနှင့် စားသောက်ဆိုင်များကို သတ်မှတ်ထားသည့် Guidelines များအား လိုက်နာဆောင်ရွက်၍ ဖွင့်လှစ်နေခြင်း ရှိ၊ မရှိကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လစဉ်ပုံမှန်စစ်ဆေးနိုင်ရေး ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ပြည်တွင်းခရီးသွားများ ပြန်လည်စတင်လာလျှင် ဆောင်ရွက်နိုင်ရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် Guidelines များကို စုစည်း၍ Tourism National Guidelines Beta Version အဖြစ် ပြုစုလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားမြှင့်တင်မှုအနေဖြင့် BBC မီဒီယာအစီအစဉ်တွင် ထည့်သွင်းဖော်ပြရန် Video Clip ပြုလုပ်၍ ပေးပို့ထားပါကြောင်း၊ ထို့ပြင် ပြီးခဲ့သည့် ASEAN Tourism Minister Meeting Online အစည်းအဝေးတွင် မလေးရှားခရီးသွားဝန်ကြီးက Common ASEAN Health Certificate ဖော်ဆောင်ရန် သင့်၊ မသင့် စဉ်းစားရေး ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်း၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် တာဝန်ရှိသူများက National Tourism Guidelines for COVID–19 Safe Services နှင့် ဆက်စပ်လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ပါကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

**ပုသိမ် ဇွန် ၁၁**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ထုတ်ဝေသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်၊ စာအုပ်စာတမ်းများကို ဧရာဝတီတိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်များသို့ လှူဒါန်းပေးအပ်ပွဲကို ဇွန် ၉ ရက် မွန်းတည့် ၁၂ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးသန်းထွန်းနှင့် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစန်းထွေးတို့ တက်ရောက်ကြသည်။

ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်က ရည်ညွှန်းစာစောင်များ လှူဒါန်းပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရည်ညွှန်းစာစောင် ၈၉ စုံအား လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဧပြီလအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဇွန် ၁၁**

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ဧပြီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၂၆ ဒသမ ၁၆ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၅၁ ဒသမ ၉၇ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၇၈ ဒသမ ၁၃ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၇၂ ဒသမ ၄၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၃ ဒသမ ၂၉ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၂၅ ဒသမ ၇၃ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ဧပြီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၀၃ ဒသမ ၈၆ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၂၅၂ ဒသမ ၄၀ သန်းဖြစ်ပေါ်သည်။

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဧပြီလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၄၄၉ ဒသမ ၁၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၂၉၆ ဒသမ ၃၅ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၇၄၅ ဒသမ ၅၄ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၁၂၅ ဒသမ ၈၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၈၁ ဒသမ ၀၆ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၉၀၆ ဒသမ ၈၈ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဧပြီလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၂၆၅၂ ဒသမ ၄၂ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၁၆၁ ဒသမ ၃၄ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေအစီရင်ခံစာအရ သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးအား Video Conference ဖြင့် ပြုလုပ်



**နေပြည်တော် ဇွန် ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) ဥက္ကဋ္ဌ၊ သိက္ခာတော်ရဆရာတော်ခလမ်ဆမ်ဆွန် အဖွဲ့တို့နှင့် ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူ (IDP)များ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက Video Conference ဖြင့် ပြုလုပ်သည်။

**IDP စခန်းများ ပိတ်သိမ်းရေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူ (IDP)များ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၉ ခုနှစ် မေ ၈ ရက်တွင် ဖွဲ့စည်းကာ ကချင်ပြည်နယ်အတွင်းရှိ IDP စခန်းများ ပိတ်သိမ်းရေးအတွက် ကချင်ဒေသ တိုက်ပွဲရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ(KHCC)နှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ကာ ဆောင်ရွက်လျက်ရှိကြောင်း၊ ဦးစားပေး ပိတ်သိမ်းရမည့်စခန်းများ ရွေးချယ်ခြင်း၊ ပြန်လည်နေရာချထားမည့်နေရာများ ရွေးချယ်ခြင်း ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းစီမံချက် ရေးဆွဲပြီးဖြစ်ကြောင်း၊ နေရပ်စွန့်ခွာရသူ(IDP) များအတွက် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေးနှင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြန်လည်ရရှိရေးတို့ကို ဆောင်ရွက်ပေးနေကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ၏ ဆုံးဖြတ်ချက်များ၊ သဘောတူညီချက်များတွင်လည်း ပြန်လည်နေရာချထားရေးကိစ္စများ ဆောင်ရွက်ပေးရန် ပါဝင်ကြောင်း၊ The Nippon Foundation ၏ ကူညီထောက်ပံ့မှုဖြင့် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC) က IDP စခန်းများမှ မိသားစုများနေရပ်ပြန်ရေး၊ ပြန်လည်နေရာချထားရေး စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် NRPC ၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသမီးများအတွက် Vocational Training များ ရရှိရေး ပိုမိုအလေးပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီတွင် အမျိုးသမီးအရေးတက်ကြွစွာ လှုပ်ရှားလျက်ရှိသော အမျိုးသမီးအဖွဲ့ ၁၁ ဖွဲ့ ပါဝင်ကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဆင့်တွင် အမျိုးသမီးကော်မတီများ ဖွဲ့စည်းထားရှိရာ ကချင်ပြည်နယ် အမျိုးသမီးကော်မတီတွင်လည်း ထိုအမျိုးသမီးအဖွဲ့အစည်းများ ပါဝင်လျက်ရှိသဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်တွင် ကြုံတွေ့ရသော အခက်အခဲများကို ပြည်ထောင်စုအစိုးရ၊ ကချင်ပြည်နယ်အစိုးရ၊ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC)၊ ကချင်ဒေသ တိုက်ပွဲရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေး ကော်မတီ (KHCC)၊ ဒေသခံလူမှုအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက အချင်းချင်းယုံကြည်မှုတည်ဆောက်၍ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် (KBC) က ဂျပန်အစိုးရနှင့် The Nippon Foundation က လှူဒါန်းသော အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် IDP မိသားစု ၅၀၀ မှ အိမ်ထောင်စု ၁၈၃ စုကို ရွှေ့ပြေးနေရပ်ပြန်ရေး၊ စံပြပြန်လည်နေရာချထားရေး အစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း၊ လှူဒါန်းငွေများနှင့်စပ်လျဉ်း၍ စီမံကိန်းသဘောတူညီချက်တွင် ချုပ်ဆိုထားသည့်အတိုင်း လုပ်ငန်းများကို လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အစိုးရ၏ ပူးပေါင်းပံ့ပိုးကူညီမှုများ လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများက ကဏ္ဍအလိုက် ဆွေးနွေးရာတွင် ရွှေ့ပြေး ပြန်လည်နေရာချထားရေး အကောင်အထည်ဖော်ရာတွင် လိုအပ်ချက်များ၊ ကနဦးစားနပ်ရိက္ခာ၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လိုအပ်ချက်များကို အစိုးရက ပံ့ပိုးကူညီဖြည့်ဆည်းပေးနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကချင်ဒေသ တိုက်ပွဲရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ (KHCC) နှင့်လည်း ကချင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာရသူများ (IDP)စခန်းများ ပိတ်သိမ်းရေးနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးသွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများ၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ယမန်နေ့နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် နမ္မတူမြို့နယ်ရှိ ကြူဆော့၊ လီဆူ၊ ကချင်နှစ်ခြင်း IDP စခန်း စုစုပေါင်း သုံးခုသို့သွားရောက်၍ Hand Speaker သုံးခုနှင့် ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင်ထည့်သွင်းထားသော Memory Stick သုံးခုတို့အား ထောက်ပံ့ခဲ့သည်။

**ထောက်ပံ့**

အလားတူ ချင်းပြည်နယ် ဆမီးမြို့နယ်ရှိ တိုက်ပွဲရှောင်စခန်း ခုနစ်ခုသို့ သွားရောက်၍ ဗီနိုင်း ၁၄ ခုအားလည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဘောဒူဖ(၁)၊ ဒါးပိုင်၊ သက္ကေပြင် IDP စခန်း သုံးခုနှင့် မင်းပြားမြို့နယ်ရှိ ကျွန်းတောရွှေဖောင်တောဘုန်းကြီးကျောင်း၊ ရွာသစ်ကေဘုန်းကြီးကျောင်း၊ နရမ်းရွာကြီးဓမ္မာရုံ၊ နရမ်းအုပ်စုဘုန်းတော်ကြီးကျောင်း၊ သေကန်ဘုန်းတော်ကြီးကျောင်း၊ အမ်းသားဘုန်းတော်ကြီးကျောင်း စုစုပေါင်းတိုက်ပွဲရှောင်စခန်း ခြောက်ခုသို့ သွားရောက်၍ ဆပ်ပြာ ၂၃၆၉ တောင့်၊ အဝတ်နှာခေါင်းစည်း ၄၇၃၈ ခု၊ လက်သန့်ဆေးရည်ဘူး ၁၁၈၀၊ အပူချိန်တိုင်းကိရိယာ ခြောက်ခု၊ ဗီနိုင်း ၁၇ ခု၊ Hand Speaker ခြောက်ခု၊ ဆပ်ပြာခဲ ၃၅၀၀၊ ဆပ်ပြာရည် ၈၆ ဘူး၊ Surgical Mask ၃၅၀၀ နှင့် ကိုဗစ်- ၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick ခြောက်ခုတို့အား ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မေလအတွင်း ပြည်တွင်းအလုပ်နေရာ ၆၀၀၀ ကျော် ခန့်ထားနိုင်ခဲ့

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေး ဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် မေလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်အကိုင်ရရှိမှုအခြေအနေမှာ အစိုးရအလုပ်အကိုင် ၃၃၇ ဦး၊ ပုဂ္ဂလိကအလုပ်အကိုင် ၆၄၇၁ ဦး စုစုပေါင်း ၆၈၀၈ ဦးကို အလုပ်အကိုင်ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား ကျင်းပနိုင်ရေး စည်းရုံးလှုံ့ဆော်ရေးဆပ်ကော်မတီနှင့် ပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ အစည်းအဝေးများကျင်းပ

**ရန်ကုန် ဇွန် ၁၁**

မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး စည်းရုံးလှုံ့ဆော်ရေးဆပ်ကော်မတီနှင့် ပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ အစည်းအဝေးများကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စည်းရုံးလှုံ့ဆော်ရေးဆပ်ကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်နှင့် ဆပ်ကော်မတီဝင်များက ရုပ်ရှင်နှစ်(၁၀၀)ပြည့် ပွဲတော်နှင့်ပတ်သက်၍ ပြည်သူလူထုအကြား ပျံ့နှံ့သိရှိစေရန် အွန်လိုင်းမီဒီယာတစ်ခုဖြစ်သော Facebook Page တစ်ခု ထူထောင်ပြီး ရုပ်ရှင်ရာပြည့်နှင့်ပတ်သက်သော သတင်းများနှင့် လှုပ်ရှားမှုများ လွှင့်တင်နိုင်ရေး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံတေးသီချင်းမူပိုင်ရှင်များအသင်းတို့ ပူးပေါင်းညှိနှိုင်း၍ ယခင်က နာမည်ကျော်ကြားခဲ့သော ရုပ်ရှင်ဇာတ်ဝင်တေးသီချင်းများ၊ မြန်မာသံစဉ်တေးသီချင်းများအပြင် ရုပ်ရှင်ရာပြည့်အတွက် သီချင်းသစ်များကို အရွယ်သုံးပါး ကြိုက်နှစ်သက်သည့် သီချင်းများ ရေးစပ်ရိုက်ကူးထုတ်လွှင့်နိုင်ရေး၊ မြန်မာ့ရုပ်ရှင် ရာပြည့်အမှတ်တရအဖြစ် တေးသီချင်းပြိုင်ပွဲ ကျင်းပနိုင်ရေး၊ ယှဉ်ပြိုင်ပြီးသည့် ဇာတ်ဝင်တေးသီချင်းများကို စုစည်း၍ တေးသီချင်း Album တစ်ခုထုတ်ဝေရေး၊ ရုပ်ရှင်ရာပြည့်နှင့်ပတ်သက်သော အမှတ်တရပစ္စည်း ပြုလုပ်သွားရေး၊ ရုပ်သံလိုင်းများတွင် သမိုင်းဝင် ရုပ်ရှင်တေးသီချင်းများနှင့် ရုပ်ရှင်ကားများ၊ စကားဝိုင်းဆွေးနွေးပွဲများနှင့် အင်တာဗျူးအစီအစဉ်များ ထုတ်လွှင့်ပြသရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီ တတိယအကြိမ်အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဆပ်ကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဦးကြည်စိုးထွန်းနှင့် ဆပ်ကော်မတီဝင်များက မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ရုပ်ရှင်ဇာတ်လမ်းတိုပြိုင်ပွဲ၊ ကာတွန်းရုပ်ရှင်ပြိုင်ပွဲနှင့် မှတ်တမ်းရုပ်ရှင်ပြိုင်ပွဲများ၊ Tik Tok ပြိုင်ပွဲများကို မြန်မာ့ရုပ်ရှင်ရာပြည့် အခမ်းအနားကျင်းပရေး ရည်ရွယ်ချက် (၃)ရပ်နှင့်အညီ ဖိတ်ခေါ်ကျင်းပရေး၊ ဆုများစနစ်တကျ ရွေးချယ်နိုင်ရေး၊ ဆုချီးမြှင့်ရေးတို့အတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များပါဝင်သည့် စိစစ်အကဲဖြတ်အဖွဲ့ကို ဖွဲ့စည်းပြီး ဆုများစနစ်တကျ ရွေးချယ်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။




**ဥမ္မာ၊ ရီရီ**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာအရောက်ထောက်ပံ့ပေးလျက်ရှိ

အေးအေးကြူ (ကျေးလက်ဦးစီး)

မြန်မာနိုင်ငံတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခုနှင့် ပြည်နယ်ခွဲနှစ်ခု၊ ခရိုင် ၇၆ ခု၊ မြို့နယ် ၃၃၀ နှင့် ကျေးရွာပေါင်း ၆၃၂၆၄ ရွာရှိပြီး နိုင်ငံလူဦးရေ၏ ၇၀ ဒသမ ၄ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသူများဖြစ်ပါသည်။ ကျေးလက်လူဦးရေ၏ ၃၀ ဒသမ ၂ ရာခိုင်နှုန်းသည် ဆင်းရဲနွမ်းပါးသူများ ဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေ၍ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုနှုန်းကို လျှော့ချနိုင်စေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်မှစတင်ကာ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/တိုင်း ဒေသကြီး ၁၄ ခုရှိ မြို့နယ် ၂၈၉ မြို့နယ်တွင် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အထိ ကျေးရွာစုစုပေါင်း ၁၁၆၆၅ ရွာတွင် ၉၅၅၇ ယူနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။


ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်တစ်ဦးက အသင်းသားတစ်ဦးအား အိမ်တိုင်ရာရောက် ငွေထုတ်ချေးပေးစဉ်။

ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားနေသည့်အချိန်တွင် အလုပ်အကိုင်အခွင့်အလမ်းများ ရပ်နားထားပြီး ရောင်းဝယ်ဖောက်ကားမှု နှောင့်နှေးခြင်း၊ ဝင်ငွေလျော့နည်းပြီး ဝင်ငွေနှင့်ထွက်ငွေ မမျှတခြင်းတို့ကြောင့် ကျေးရွာနေပြည်သူများအား ဝင်ငွေနည်းနေချိန်တွင် ထွက်ငွေဘက်မှ တစ်ဖက်တစ်လမ်းမှ သက်သာသွားစေဖို့ ကူညီထောက်ပံ့ပေးရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်နေသည့် ကျေးရွာများတွင် ချေးငွေအတွက် ငွေကျပ် ၁၀၀ တွင် တစ်လလျှင် အတိုးနှုန်းကို ပြား ၅၀ ဖြင့် တစ်ပြေးညီ သတ်မှတ်ပေးခဲ့ပါသည်။ လက်ရှိသတ်မှတ်သည့် အတိုးနှုန်းကို တစ်နှစ်တိတိ လျှော့ပေါ့ပေးခြင်း ဖြစ်ပါသည်။


ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက ကျေးရွာသူ ကျေးရွာသားများအား အိမ်တိုင်ရာရောက် ငွေထုတ်ချေးပေးစဉ်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေထုတ်ချေးမှုအား အတိုးနှုန်း ပြား ၅၀ နှုန်းဖြင့် ဧပြီလကုန်မှစ၍ စတင်ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ချေးငွေထုတ်ချေးခြင်း ဆောင်ရွက်လျက်ရှိပါသည်။ ရန်ပုံငွေများ ပြန်လည်ထုတ်ချေးရာတွင် လေဝင်လေထွက်ကောင်းသောနေရာများ (ဓမ္မာရုံ၊ ဇရပ်၊ ဘုန်းတော်ကြီးကျောင်း၊ ဘုရားရှိခိုးကျောင်း၊ ကျေးရွာခန်းမ စသည့်နေရာများ)တွင် Social Distancing လူတစ်ဦးနှင့်တစ်ဦး နှစ်မီတာ(ခြောက်ပေ)အကွာတွင် နေထိုင်စေခြင်း၊ နှာခေါင်းစည်း၊ လက်အိတ်များဝတ်ဆင်စေခြင်း၊ လက်ကို ဆပ်ပြာဖြင့် ဆေးကြောစေခြင်း၊ ကိုယ်အပူချိန်တိုင်းတာသည့်စက်(Non touch thermometer) ဖြင့် ကိုယ်အပူချိန် တိုင်းတာခြင်းတို့ လုပ်ဆောင်စေ၍ လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီက ကျေးရွာသူကျေးရွာသား (အသင်းသားများ) အား အများဆုံး ငါးဦးလျှင် တစ်စုနှုန်းဖြင့် အမည်စာရင်းပြုစုပြီး တုံကင်စနစ်ဖြင့် အုပ်စုများခွဲ၍ ထုတ်ချေးခြင်း၊ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက ကျေးရွာသူ ကျေးရွာသားများနေထိုင်သည့် နေအိမ်များသို့ အိမ်အရောက်ထုတ်ချေးခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိပါသည်။ ထိုသို့ ထုတ်ချေးပေးခဲ့သည့်အတွက် ကျေးရွာသူကျေးရွာသားများ၏ ဝမ်းသာပီတိ စကားသံများကို ဖော်ပြလိုက်ပါသည် –


ဘုန်းတော်ကြီးကျောင်းအတွင်း၌ ကျန်းမာရေးဝန်ထမ်းများက ငွေထုတ်ချေးယူမည့် ကျေးရွာသူ ကျေးရွာသားများအား ခြောက်ပေအကွာစီခြား၍ အပူချိန်တိုင်းပေးစဉ်။

**ချင်းပြည်နယ် မင်းတပ်မြို့နယ် လေးကောင်း မြစိမ်းရောင်ကျေးရွာနေ ဦးဂေထန်က** "ကျွန်တော်က တစ်နိုင်တစ်ပိုင် (ဝဥ) စိုက်ပျိုးတဲ့ လုပ်ငန်းနဲ့ နှစ်ရှည်သီးနှံတွေကို စိုက်ပျိုးလုပ်ကိုင်ပါတယ်။ အခု ကိုဗစ်–၁၉ ကာလအတွင်း အသွားအလာကန့်သတ်ထားတဲ့အတွက် ဝင်ငွေမရှိ ထွက်ငွေသာရှိတဲ့အတွက် မိသားစုစီးပွားရေး အဆင်မပြေခဲ့ပါဘူး။ သီးနှံစိုက်ပျိုးဖို့ မျိုးစေ့တွေကလည်း မဝယ်နိုင်ဖြစ်ခဲ့ရပါတယ်။ ကျေးလက်ဦးစီးဌာနက မြစိမ်းရောင်ချေးငွေကို ကျွန်တော်တို့ကျေးရွာအရောက် ချေးငွေထုတ်ချေးပေးပါတယ်။ အတိုးနှုန်း ပြား ၅၀ ဆိုတော့ အတိုးနှုန်းသက်သာတဲ့အတွက် ကျွန်တော်တို့မိသားစု ချေးငွေပြန်ဆပ်ဖို့အတွက် အခက်အခဲမရှိပါဘူး။ ကျေးရွာသူ ရွာသားတွေလည်း အများကြီးပီတိဖြစ်ရပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ကျေးရွာမြစိမ်းရောင်ကော်မတီဝင်တွေကို အထူးပဲကျေးဇူးတင်ပါတယ်''။

**ရှမ်းပြည်နယ် လားရှိုးမြို့နယ် အီနိုင်းကျေးရွာအုပ်စု တာရွှေထန်မြစိမ်းရောင်ကျေးရွာမှ ဒေါ်ဆိုင်စမ်က** "ကျွန်မက ပြောင်းစိုက်ပျိုးပါတယ်။ ကိုဗစ်–၁၉ ကာလမှာ အရောင်းအဝယ်တွေလည်း မကောင်းဘူး။ လမ်းတွေပိတ်ထားလို့ ဘယ်ကိုမှလည်း ကူးသန်းရောင်းဝယ်လို့မရဖြစ်နေတာပါ။ စိုက်ပျိုးထားတဲ့သီးနှံတွေက ရောင်းမထွက်တော့ ဝင်ငွေမရှိတာနဲ့ အခက်အခဲကြုံနေပါတယ်။ အဲဒါ ကျေးလက်ဦးစီးဌာနက မြစိမ်းရောင်ချေးငွေကို ပြား ၅၀ အတိုးနှုန်းနဲ့ ငွေကျပ် ၁၅ သိန်း ချေးပေးတဲ့အတွက် လုပ်ငန်းပြန်လည်လည်ပတ်နိုင်ပါတယ်။ အခက်အခဲကြုံနေတဲ့အချိန်မှာ အတိုးနှုန်းသက်သာစွာနဲ့ ငွေထုတ်ချေးပေးတဲ့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို တကယ်ပဲကျေးဇူးတင်ပါတယ်။''

**ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ဒေါင့်ကြီး မြစိမ်းရောင်ကျေးရွာနေ ဒေါ်အေးအေးရီက** "ကျွန်မက ရာသီပေါ်သီးနှံတွေစိုက်ပျိုးရောင်းချပြီး အသက်မွေးပါတယ်။ သခွားသီး၊ သံပရာသီး၊ ဘုရားပန်းတို့ စိုက်ပျိုးရောင်းချပါတယ်။ ကိုဗစ်–၁၉ ကာလမှာ အသွားအလာကန့်သတ်ထားတော့ စိုက်ထားတဲ့ သီးနှံတွေက ရောင်းမထွက်ဘူး။ ဝင်ငွေမရှိတော့ မိသားစု စားဝတ်နေရေး အခက်အခဲဖြစ်ခဲ့ရာမှ မြစိမ်းရောင်ချေးငွေကို အတိုးနှုန်းသက်သာစွာနဲ့ ရရှိတဲ့အတွက် ကျွန်မတို့မိသားစု စားဝတ်နေရေးပြေလည်ပြီး စိုက်ပျိုးဖို့ မျိုးစေ့တွေ ဝယ်ယူနိုင်တဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။"

**ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ခလောက်တရာကျေးရွာနေ ဒေါ်တင်မြင့်က** "ကမ္ဘာ့ကပ်ရောဂါကြီးဖြစ်နေတဲ့အတွက်ကြောင့် အပြင်ကိုလည်းမထွက်ရဲပါဘူး။ အိမ်မှာပဲနေရပါတယ်။ ဝင်ငွေမရှိ ထွက်ငွေသာများနေတယ်။ စိုက်ပျိုးရေးလုပ်ငန်း ပြန်လည်လည်ပတ်နိုင်ဖို့ အခက်အခဲရှိရာမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ချေးငွေကို အတိုးနှုန်းသက်သာစွာနဲ့ အိမ်တိုင်ရာရောက် ချေးငွေကို လာရောက်ထုတ်ချေးပေးတဲ့အတွက် အိပ်မက်လို့တောင် ထင်မိပါတယ်။"

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောက္ကကာ မြစိမ်းရောင်ကျေးရွာရှိ ဒေါ်နီလာက** "ကျွန်မက ရက်ကန်းခတ်ပြီး အသက်မွေးဝမ်းကျောင်းပြုပါတယ်။ ကိုဗစ်ကာလအတွင်းမှာ ထွက်ရှိတဲ့ အထည်တွေလည်း ရောင်းချလို့မရတဲ့အတွက် ရက်ကန်းခတ်ဖို့ရာ ချည်ခင်တွေ ဝယ်ယူဖို့လည်း ငွေအခက်အခဲဖြစ်ခဲ့ပါတယ်။ အပြင်မှာ ငွေချေးမယ်ဆိုရင် အတိုးကများတဲ့အတွက် ချေးယူဖို့ အဆင်မပြေခဲ့ပါဘူး။ အခုလို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အတိုးနှုန်းလျှော့ချပြီး ကျေးရွာအရောက် ငွေထုတ်ချေးပေးတဲ့အတွက် မိသားစု စားဝတ်နေရေး အဆင်ပြေခဲ့ပါတယ်။ လုပ်ငန်းလည်း ပြန်လည်လည်ပတ်နိုင်ခဲ့လို့ အခုလိုမျိုး အတိုးနှုန်းသက်သာစွာနဲ့ ချေးပေးတဲ့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ကျေးရွာသူ ကျေးရွာသားတွေကိုယ်စား အထူးကျေးဇူးတင်ပါတယ်။"

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားနေသည့် အခက်ခဲဆုံး ကာလအတွင်း ကျေးရွာအရောက် မြို့နယ် ၂၁၃ မြို့နယ်၊ ကျေးရွာ ၁၆၅၆ ရွာရှိ ကျေးလက်နေပြည်သူ ၁၇၁၃၀၁ ဦးအား အတိုးနှုန်း ပြား ၅၀ နှုန်းဖြင့် ထုတ်ချေးပေးနိုင်ခဲ့သဖြင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။


ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များနှင့်အညီ ကျန်းမာရေးဝန်ထမ်းများက ငွေထုတ်ချေးယူမည့် ကျေးရွာသူ ကျေးရွာသားများအား အပူချိန်တိုင်းပေးစဉ်။

**ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်အချိန်တွင် အလုပ်အကိုင်အခွင့်အလမ်းများ ရပ်နားထားပြီး ရောင်းဝယ်ဖောက်ကားမှု နှောင့်နှေးခြင်း၊ ဝင်ငွေလျော့နည်းပြီး ဝင်ငွေနှင့်ထွက်ငွေ မမျှခြင်းတို့ကြောင့် ကျေးရွာနေပြည်သူများအား ဝင်ငွေနည်းနေချိန်တွင် ထွက်ငွေဘက်မှ တစ်ဖက်တစ်လမ်းမှ သက်သာသွားစေဖို့ ကူညီထောက်ပံ့ပေးရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်နေသည့် ကျေးရွာများတွင် ချေးငွေအတွက် ငွေကျပ် ၁၀၀ တွင် တစ်လလျှင် အတိုးနှုန်းကို ပြား ၅၀ ဖြင့် တစ်ပြေးညီ သတ်မှတ်ပေးခဲ့ပါသည်။ လက်ရှိသတ်မှတ်သည့် အတိုးနှုန်းကို တစ်နှစ်တိတိ လျှော့ပေါ့ပေးခြင်းဖြစ်ပါသည်။**

# ဌာပနာဖောက်ခံရတဲ့ ဘုရား ၁၀ ဆူထဲက ငါးဆူက လောလောလတ်လတ် အဖောက်ခံထားရတဲ့ အနေအထားဖြစ်ပြီး ကျန်တဲ့ ငါးဆူက လအတော်ကြာကြာကတည်းက ဖောက်ခံထားရတဲ့ အခြေအနေမျိုးတွေ့ရတယ်

**ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ စေတီတော် ၁၀ ဆူ ဌာပနာတော် ဖောက်ထွင်းခံထားရကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က အတည်ပြုပြောကြားသည်။

“ဌာပနာဖောက်ခံရတဲ့ ဘုရား ၁၀ ဆူထဲမှ ငါးဆူက လောလောလတ်လတ် အဖောက်ခံထားရတဲ့ အနေအထားဖြစ်ပြီး ကျန်တဲ့ငါးဆူက လအတော်ကြာကြာကတည်းက ဖောက်ခံထားရတဲ့ အခြေအနေမျိုးတွေ့ရတယ်။ ဌာပနာတော်တိုက်ထဲမှာ ငှက်သိုက်တွေ လုပ်ထားတာတွေ့တဲ့ ဘုရားတွေက လောလောလတ်လတ် ဖောက်ခံထားရတာ မဟုတ်ဘူးလို့ ယူဆပါတယ်။ ဌာပနာတော်အပေါက်တွေနဲ့ တွေ့ရတဲ့ အခြားစေတီတော် ၂၃ ဆူက ၁၉၉၀ ပြည့်နှစ်ကနေ ၂၀၀၆-၂၀၀၇ ခုနှစ်အထိ ပြန်လည်တည်ထားတဲ့ စေတီအသစ်တွေဖြစ်တဲ့အတွက် မူလတည်ထားစဉ်ကတည်းက ဌာပနာပိတ်သွင်းမယ်ဆိုပြီး ဌာပနာပေါက်တွေ ဖောက်ထားခဲ့တာ ဖြစ်ပါတယ်။ ဌာပနာပိတ်သွင်းတဲ့လုပ်ငန်းကို မူလကတည်းက မလုပ်ခဲ့ရသေးတာပါ” ဟု ဒေါက်တာသန်းထိုက်က ပြောသည်။

“ပုဂံက ပြီးခဲ့တဲ့ မတ်လကတည်းက ပြည်တွင်း ပြည်ပ ခရီးသွားဝင်ရောက်မှု မရှိတော့ဘူး။ ညမထွက်ရအမိန့်တွေလည်းရှိတယ်။ ညမထွက်ရအမိန့်ကို ဖြေလျှော့တာက ရက်ပိုင်းလောက်ပဲ ရှိသေးတယ်။ ဒီကြားကာလအတွင်း ဌာပနာဖောက်ခံရတာ ဖြစ်နိုင်တယ်။ လက်ရှိအချိန်မှာ ဌာပနာဖောက်ခံရတာနဲ့ပတ်သက်ပြီး ဌာနဆိုင်ရာဝန်ထမ်းတွေ၊ နယ်မြေအလိုက် တာဝန်ထမ်းဆောင်နေကြတဲ့ ထိန်းသိမ်းရေးအဖွဲ့တွေရယ်၊ ပုဂံဧည့်လမ်းညွှန်အသင်းရယ်၊ နယ်မြေခံရဲတပ်ဖွဲ့တွေ၊ မီးသတ်တပ်ဖွဲ့တွေနဲ့ ပူးပေါင်းပြီး လုံခြုံရေးတိုးမြှင့်ဆောင်ရွက်နေပါတယ်။

“ကျွန်တော်တို့ဌာနက ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်းက ဘုရားစေတီ၊ ပုထိုးတွေကို စောင့်ကြပ်ကြည့်ရှုပေးတာ ၂၄ ဦးရှိပါတယ်။ အဆောက်အအုံကို ထိန်းသိမ်းတဲ့ အင်ဂျင်နီယာရှိသလို၊ ဂူဘုရားတွေထဲမှာရှိတဲ့ နံရံပန်းချီကို ထိန်းသိမ်းတဲ့ ထိန်းသိမ်းရေးအဖွဲ့တွေလည်း ရှိပါတယ်။ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသမှာ ဇုန်နယ်မြေတွေကို ၁၂ ခုပိုင်းခြားထားတယ်။ အဲဒီဇုန်နယ်မြေတွေမှာ ထိန်းသိမ်းရေးအဖွဲ့တွေ၊ အဆောက်အအုံထိန်းသိမ်းရေးအဖွဲ့တွေ၊ နံရံပန်းချီထိန်းသိမ်းရေးအဖွဲ့တွေ၊ လုံခြုံရေးအဖွဲ့တွေ စုစုပေါင်း ဝန်ထမ်းဦးရေ ၆၀ ဝန်းကျင်ရှိတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။



လောကထိပ်ပန်ဘုရား ဝါးယင်းလိပ် မီးလောင်ထားမှုအား တွေ့ရစဉ်။

ယခုကာလ၌ ဝန်ထမ်းအင်အားအပြင် ပုဂံညောင်ဦး ဧည့်လမ်းညွှန်အသင်းမှ အသင်းသား ၁၀၀ ကျော်တို့၏ ပူးပေါင်းကူညီမှုဖြင့် ဇုန်နယ်မြေအလိုက် ကင်းလှည့်ခြင်းလုပ်ငန်းများကို နေ့ရော၊ ညပါ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“အခုလို ဌာပနာဖောက်ခံရတာတွေရှိတဲ့အတွက် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတွေနဲ့ပူးပေါင်းပြီး ဇုန်နယ်မြေအလိုက် နေ့၊ ည လုံခြုံရေးအတွက် ကင်းလှည့်လည်တာတွေကို ယခင်ထက် တိုးမြှင့်ဆောင်ရွက်နေပါတယ်။ ဌာပနာဖောက်ခံရတာနဲ့ပတ်သက်ပြီး ပုဂံရဲစခန်းမှာ အမှုဖွင့်ထားပြီးပါပြီ။ ရဲတပ်ဖွဲ့ကလည်း စုံစမ်းစစ်ဆေးတာတွေ ဆောင်ရွက်နေပါတယ်” ဟု ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က ပြောသည်။

ဘုရားများ ဌာပနာအဖောက်ခံရခြင်းကို စတင်တွေ့ရှိခဲ့သော ကင်းလှည့်အဖွဲ့တွင် ပါဝင်ခဲ့သူ ပုဂံညောင်ဦး ဧည့်လမ်းညွှန်အသင်းဥက္ကဋ္ဌ ဦးသန်းဌေးက “ကိုဗစ်-၁၉ ကာလမှာ ခရီးသွားဧည့်သည် လာရောက်မှုမရှိတဲ့အတွက် လုပ်ငန်းအားလပ်နေချိန်မှာ ကျွန်တော်တို့အနေနဲ့ ပုဂံဒေသမှာ ဘာလုပ်ပေးနိုင်မလဲဆိုတာ စဉ်းစားဖြစ်တယ်။ ဒီလိုစဉ်းစားပြီး ပုဂံမှာရှိတဲ့ ဘုရားတွေရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ ဆုံးရှုံးမှုမရှိစေဖို့ သက်ဆိုင်ရာဌာနတွေကို တင်ပြပြီး အဖွဲ့လေးဖွဲ့ ဖွဲ့ဖြစ်တယ်။ ကျွန်တော်တို့အဖွဲ့က ပုဂံဘုရားတွေ လုံခြုံမှုရှိစေရေးကို ကင်းလှည့်တယ်။

“တချို့က မိသားစုကိစ္စတွေနဲ့ အလုပ်တွေရှိလို့ ညတော့ ကင်းမလှည့်နိုင်ဘူး။ ကျွန်တော်တို့အဖွဲ့အနေနဲ့ တစ်ရက်ကို လူ ၂၀ လောက်နဲ့ အဖွဲ့သုံးဖွဲ့ခွဲပြီး ကင်းလှည့်ပါတယ်။ ကင်းလှည့်ချိန်မှာ တွေ့ရှိရတဲ့ နံရံပန်းချီ အင်္ဂတေ စတဲ့ ပျက်စီးမှုတွေကို ရှေးဟောင်းသုတေသနဌာနနဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ကို နှစ်ပတ်တစ်ကြိမ် တင်ပြပါတယ်။ လုံခြုံရေးအတွက် ကင်းလှည့်ရင်းနဲ့ ၁၉၉၅ ခုနှစ်နောက်ပိုင်း တည်ထားတဲ့ ဘုရားတွေအပေါ်ဘက်မှာ အပေါက်လေးတွေကို သတိထားမိတယ်။ ဒီလိုပုံစံမျိုး ဘုရား လေး၊ ငါးဆူမှာ တွေ့တဲ့



ညွှန်ကြားရေးမှူး
ဒေါက်တာသန်းထိုက်

အခါ မသင်္ကာလို့ ရှေးဟောင်းသုတေသနဌာနကို အကြောင်းကြားတယ်။ ရှေးဟောင်းသုတေသနဌာနက တာဝန်ရှိသူတွေ လာရောက်ကြည့်ရှုတဲ့အခါမှာ လောလောလတ်လတ်ဖောက်ထားတဲ့ အပေါက်တွေကိုတွေ့ရှိပြီး သေချာစစ်ဆေးတဲ့အခါ ဌာပနာဖောက်ခံထားရတာ ဖြစ်နေတယ်”ဟု ပြောသည်။

ဌာပနာဖောက်ခံရသည့် စေတီတော်များသည် လူသူအရောက်နည်းသော နေရာများတွင် ရှိသည့်အတွက် ၎င်းတို့အဖွဲ့အနေဖြင့် အခြားလူသူအရောက်နည်းသော နေရာများရှိ ဘုရားများကို လိုက်လံစစ်ဆေးခဲ့ရာမှ ဌာပနာဖောက်ခံရသည့် ဘုရားများကို ထပ်မံတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

“ရှေးဟောင်းသုတေသနဌာနရဲ့ ထုတ်ပြန်ချက်မှာ ၃၃ ဆူ တွေ့ရတယ်လို့ ပါတယ်။ အခု နောက်ထပ်တွေ့တာနဲ့ဆိုရင် အားလုံး အဆူ ၄၀ လောက်ရှိမယ်။ အဖောက်ခံရတဲ့ ဘုရားတွေမှာ တန်ဖိုးရှိတဲ့ပစ္စည်းတွေကိုပဲ ရွေးပြီးယူသွားတယ်။ အလှူရှင်ကမ္ပည်းစာနဲ့ ဘုရားဆင်းတုတော်တွေကို ထားခဲ့တယ်။ တချို့အဖောက်ခံထားရတဲ့ဘုရားတွေမှာ ကျောက်စိမ်းလက်ကောက်၊ ကျောက်အသေးတွေ ကောက်ရိုးမျှင်တွေကြားမှာ ကျန်ခဲ့တာ တွေ့ရတယ်။

ကိုဗစ်-၁၉ ကာလမှာ ပုဂံကို ဘုရားဖူးတွေလည်း မလာဘူးဆိုတော့ လူသိပ်မရှိဘူး။ လှည့်ကင်းတွေ မလှည့်တဲ့အချိန်မှာ ဌာပနာဖောက်တာဖြစ်နိုင်တယ်။ တချို့ဘုရားတွေ တည်တဲ့အခါမှာ ဌာပနာမထည့်တဲ့ ဘုရားတွေလည်း ရှိပါတယ်။ ဘုရားမှာ ဌာပနာထည့်ဖို့ အဆင်မပြေတဲ့အတွက် အပေါက်အတိုင်း ထားခဲ့တာတွေလည်း ရှိတယ်။ ဌာပနာဖောက်ခံရတဲ့ ဘုရားတွေမှာ ကျန်နေခဲ့တဲ့ ဘုရားဆင်းတုတွေ၊ လက်ကောက်တွေ၊ ကျောက်တွေ၊ လက်စွပ်တွေ တွေ့ပါတယ်။ ဒါတွေကို ရှေးဟောင်းသုတေသနဌာနက ထိန်းသိမ်းထားပါတယ်” ဟု ပုဂံညောင်ဦး ဧည့်လမ်းညွှန်အသင်းဥက္ကဋ္ဌ



ပုဂံညောင်ဦး ဧည့်လမ်းညွှန်အသင်း
ဥက္ကဋ္ဌ ဦးသန်းဌေး

ဦးသန်းဌေးက ဆက်လက်ပြောသည်။

ဆက်လက်၍ဦးသန်းဌေးက“ပုဂံမှာ နေထိုင်သူတစ်ယောက်အနေနဲ့ အကြံပြုချင်တာကတော့ အစောင့်ဝန်ထမ်းများများ လိုအပ်တယ်။ ပုဂံဒေသကို လာရောက်လည်ပတ်ကြတဲ့ နိုင်ငံခြားသားတွေဆီကရတဲ့ ဝင်ကြေးထဲက ဖြစ်ဖြစ်ပေါ့။ နံရံပန်းချီကောင်းတဲ့၊ အင်္ဂတေပန်းတွေ၊ အမှန်တကယ်အရေးကြီးတဲ့ ဘုရားတွေမှာ နေ့၊ ည လုံခြုံရေးတွေ ဆောင်ရွက်ပေးစေချင်ပါတယ်။ ဘုရားတွေကို ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးစေချင်ပါတယ်” ဟု ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီများ လုံခြုံရေးနှင့်ပတ်သက်၍ အကြံပြုပြောကြားသည်။



ဖောက်ထွင်းခံရသည့် ဌာပနာတိုက်အတွင်း၌ ကျန်ရှိခဲ့သော အလှူရှင်ကမ္ပည်းစာနှင့် ဘုရားဆင်းတုတော်များအား တွေ့ရစဉ်။

ဇွန် ၉ ရက် နံနက်ပိုင်းက လောကထိပ်ပန်ဘုရား ဝါးယင်းလိပ် မီးလောင်မှုဖြစ်ပွားခဲ့သည့်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က “လောကထိပ်ပန်ဘုရားက ပုဂံမှာရှိတဲ့ဘုရားတွေထဲမှာ နံရံပန်းချီအင်မတန်ကောင်းတဲ့ ဘုရားတစ်ဆူဖြစ်တယ်။ ကျွန်တော်တို့ဌာနက ဘုရားဥမင်ထဲမှာရှိတဲ့ ရှားပါးနံရံပန်းချီလက်ရာတွေကို ပျက်စီးမှုမရှိအောင် သံပန်းတံခါး တပ်ထားတယ်။ သံပန်းတံခါးရဲ့ အတွင်းဘက်မှာဆိုရင် သံဆန်ခါကပ်ထားတယ်။ အတွင်းထဲမှာရှိတဲ့ နံရံပန်းချီက တန်ဖိုးရှိတော့ ပိုးကောင်၊ လင်းနို့နဲ့ ငှက်တွေ အထဲဝင်ပြီး အသိုက်လုပ်လို့မရအောင်နဲ့ ပျက်စီးမှုမရှိအောင် ပညာရှင်အဖွဲ့တွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ကာထားတာဖြစ်တယ်။ အခုမီးလောင်မှုမှာ သတင်းပေးပို့မှုကြောင့် ချက်ချင်းသွားရောက်ခဲ့ပြီး မီးစလောင်တဲ့ အနေအထားမှာပဲ ငြိမ်းသတ်နိုင်ခဲ့တယ်။ နယ်မြေခံရဲတွေအနေနဲ့ မီးရှို့သူတွေကို ဖမ်းဆီးနိုင်ရေးလိုက်လံစုံစမ်းနေပါတယ်”ဟု ပြောသည်။

ယခု ဖြစ်စဉ်များနှင့်ပတ်သက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက “ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေက ဧရိယာစတုရန်း မိုင် ၂၅ မိုင်ခန့် ကျယ်ဝန်းပါတယ်။ အခုအချိန်မှာ လုံခြုံရေးကို ဂရုစိုက်ဆောင်ရွက်နေတယ်။ ဒါပေမယ့် လုံခြုံရေးဆိုတာ တစ်နေရာမဟုတ် တစ်နေရာ ကျိုးပေါက်နိုင်တယ်။ ဒီလိုကိစ္စမျိုး ထပ်မဖြစ်အောင် ပြန်လည်သုံးသပ်ဆောင်ရွက်နေပါတယ်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် တင်သွင်းတဲ့အခါကလည်း အခက်အခဲတွေ ရှိခဲ့ပါတယ်။ မီးရှို့တာက တမင်ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်တယ်ဆိုတာ ငြင်းလို့မရပါဘူး။

“လုံခြုံရေးအင်အား တစ်ရာကျော်နဲ့ ပုဂံဒေသမှာရှိတဲ့ စေတီ၊ ပုထိုးပေါင်း သုံးထောင့်ရှစ်ရာကျော်ကို လွှမ်းခြုံပြီး လုံခြုံရေးဆောင်ရွက်ရတာ မလွယ်ကူပါဘူး။ ဒါကြောင့် လုံခြုံရေးဆောင်ရွက်တဲ့အခါ ဝန်ကြီးဌာနက ဝန်ထမ်းတွေအပြင် ပြည်သူတွေ ပါဝင်လာအောင် ဘယ်လိုဆက်လက်ဆောင်ရွက်ရမလဲ ဆိုတာ အစီအမံတွေ ဆောင်ရွက်နေပါတယ်”ဟု ဇွန် ၁၀ ရက်က ကျင်းပခဲ့သည့် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်တစ်ဦး၏ မေးမြန်းမှုကို ဖြေကြားခဲ့သည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ထိန်းသိမ်းစုဆောင်းထားသည့် ဘုရားစေတီများအနေဖြင့် ဧရာဝတီမြစ်၏ အရှေ့ဘက် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဇုန်၌ ၃၈၂၂ ဆူနှင့် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း တန့်ကြည့်တောင်ဘက်၌ ၁၅ ဆူရှိပြီး စုစုပေါင်း ၃၈၃၇ ဆူရှိကြောင်း သိရသည်။

**သတင်းအင်တာဗျူး-မျိုးမင်းနိုင်**
**ဓာတ်ပုံ-မျိုးမြင့်(သတင်းစဉ်)**

## မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ စနစ်တကျ ထုတ်ချေးပေး

**သထုံ ဇွန် ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများကို ဝင်းစိန်အလယ်ကျေးရွာနှင့် ဝင်းစိန်ရွာသစ်ကျေးရွာများသို့ ဇွန် ၁၁ ရက်တွင် စနစ်တကျ ထုတ်ချေးပေးခဲ့သည်။

စီမံကိန်းချေးငွေ ထုတ်ချေးပေးရာတွင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်ဦးနှင့် ဝန်ထမ်းများက ကျေးရွာပြည်သူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လူစုလူဝေးမဖြစ်ပေါ်စေရေးနှင့် အချိန်ကုန်သက်သာစေရန် ချေးငွေများကို စနစ်တကျ အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်ခဲ့သည်။

ဝင်းစိန်အလယ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများကို ချေးယူသူဦးရေ ၁၉၄ ဦးနှင့် ချေးငွေပမာဏ ငွေကျပ် ၄၃၆ သိန်းဖြင့်လည်းကောင်း၊ ဝင်းစိန်ရွာသစ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများကို ချေးယူသူဦးရေ ၇၀ နှင့် ချေးငွေပမာဏ ငွေကျပ် ၄၂၆ သိန်းကို လည်းကောင်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ

**စားသောက်ဆိုင်များတွင် ပြင်ဆင်ထားရှိရန် အချက်များ**

၁။ ဆိုင်သို့ရောက်ရှိလာသည့် စားသုံးသူများအားလုံးကို အဝင်ဝတွင် အပူချိန်တိုင်းရန်နှင့် လက်ဆေးစေရန်။

၂။ စားသုံးသူများ ထိုင်မည့်နေရာသည် လေဝင်၊ လေထွက်ကောင်းသောနေရာ ဖြစ်ရမည်။ လေအေးပေးစက်တပ်ဆင်ထားသော အခန်းဖြစ်ပါက ပြတင်းပေါက်များ ဖွင့်ထားရမည်။

၃။ တစ်ယောက်ချင်းစီ စားနိုင်ပြီး အတူလာရောက်ခြင်းမဟုတ်သူ တစ်ဦးနှင့်တစ်ဦးကြားတွင် ကတ်ထူပြား၊ မှန်ပြား၊ သစ်သားပြားတို့ဖြင့် အကန့် ကန့်ထားပေးပြီး စားသောက်နိုင်ရေး စီစဉ်ပေးရမည်။

၄။ **အတူလာရောက်သည့် ငါးဦးထက် မပိုသော အုပ်စု ဖြစ်ပါက Distancing စားပွဲတွင် အတူ ထိုင်နိုင်အောင် စီစဉ်ပေးရမည်။** (ယခုအချက်ကို လိုက်နာမှုအားနည်းလျက်ရှိကြောင်း သိရှိရပါသဖြင့် တာဝန်ရှိသူများနှင့် ဝန်ထမ်းများအနေဖြင့် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ပေးပါရန်)

၅။ **ဆိုင်ထိုင်စားသုံးသူများ Social Distancing ဖြစ်စေရေး စားပွဲတစ်ဝိုင်းနှင့် တစ်ဝိုင်းအကြား (၆) ပေ အကွာထားရှိ၍ Partition ကာရံထားပေးရမည်။**

၆။ ကိုယ်တိုင်ယူစနစ်ဖြင့် ရောင်းချသောအစားအစာ (Buffet, Self-service) များ ရောင်းချခြင်းကို ဆိုင်ဝန်ထမ်းကသာ ဝန်ဆောင်မှုပေးရမည်။

၇။ ပန်းကန်၊ ဇွန်းများအား တစ်ခါသုံးပစ္စည်းများ (သို့မဟုတ်) ပိုးသတ်ထားသော ပန်းကန်/ ဇွန်းများသာ အသုံးပြုရမည်။

၈။ အစားအသောက်စာရင်း (Menu) အား ချိတ်ဆွဲထားခြင်း သို့မဟုတ် စားပွဲမှန်အောက်၌ ထား၍ဖြစ်စေ ထည့်သွင်းပေးထားရမည်။

၉။ COVID-19 ရောဂါကာကွယ်ရေးနှင့်ပတ်သက်သော ကျန်းမာရေးအသိပညာပေး ပိုစတာများ၊ ဗီနိုင်းများကို လူအများမြင်သာသည့်နေရာများတွင် ချိတ်ဆွဲထားရှိရမည်။

၁၀။ ငွေရှင်းကောင်တာမှ ငွေလက်ခံသည့် စနစ်ဖြစ်ပါက စားသုံးသူနှင့် တိုက်ရိုက်ထိတွေ့မှု မရှိစေရန် ကောင်တာရှေ့တွင် မှန်ကာထားရမည်။

၁၁။ ဆိုင်အတွင်း အနည်းဆုံး အယ်ကိုဟောလ် (၆၀) % ပါသော လက်သန့်စင်ဆေးရည်များ (Hand gel) အလွယ်တကူ ထားရှိပေးရမည်။ သန့်စင်ခန်းအတွင်း ရေနှင့် ဆပ်ပြာကို အလွယ်တကူ ထားရှိပေးရမည်။

၁၂။ စားသုံးသူများအတွက် ပါးစပ်နှင့်နှာခေါင်းစည်းများ (Mask)၊ မျက်နှာကာများ (Face Shield) ကို ဆိုင်အတွင်းသို့မဝင်မီ တပ်ဆင်နိုင်ရန် မှန်ကန်သောဈေးနှုန်းများဖြင့် ရောင်းချပေးရမည်။



စားသောက်ဆိုင်များတွင် Physical Distancing နမူနာပုံစံများ

**စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်အချက်များ**

၁။ စားသောက်ဆိုင်ရှိ ဝန်ထမ်းအချို့အား ကိုယ်အပူချိန်တိုင်းတာရန်နှင့် သံသယလက္ခဏာများ ရှိ/မရှိ စစ်ဆေးနိုင်ရေးအတွက် ကိုယ်အပူချိန်တိုင်းတာခြင်း လုပ်ငန်းလမ်းညွှန်အတိုင်း စနစ်တကျ လေ့ကျင့်သင်ကြားပေးပြီး ဝန်ထမ်းများနှင့် စားသုံးသူများအား စစ်ဆေးပေးရန် အလှည့်ကျ တာဝန်ချထားရမည်။

၂။ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးအား နေ့စဉ်ကိုယ်အပူချိန်တိုင်းတာရန်နှင့်သံသယလက္ခဏာများ ရှိ/မရှိစစ်ဆေး၍ ကိုယ်အပူချိန်မြင့်တက်ခြင်း (သို့မဟုတ်) သံသယလက္ခဏာများရှိပါက စားသောက်ဆိုင်အတွင်းသို့လုံးဝ ဝင်ခွင့်မပြုရပါ။

၃။ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးသည် ကျန်းမာရေးကောင်းမွန်မှသာ အလုပ်ဆင်းရမည်။ မိမိကိုယ်တိုင်ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်းစသည့် ရောဂါလက္ခဏာ တစ်ခုခုခံစားရပါက အလုပ်နား၍ လိုအပ်သောဆေးကုသမှု ခံယူရမည်။

၄။ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများသည် စားသုံးသူများနှင့်သော်လည်းကောင်း၊ အချင်းချင်းသော်လည်းကောင်း ရောနှောနေထိုင်ခြင်း မပြုစေဘဲ (၆) ပေ အကွာအဝေးမှ နေထိုင်သွားလာစေရမည်။

၅။ စားသောက်ဆိုင်ဝန်ထမ်းများအတွက် အိပ်ဆောင်များရှိပါက တစ်ယောက်နှင့် တစ်ယောက် အနည်းဆုံး (၆) ပေ အကွာအဝေးတွင် နေရာချထားပေးရမည်။

၆။ စားသုံးသူများအား ငွေရှင်းပြေစာနှင့် ငွေရယူခြင်း၊ ငွေပြန်အမ်းခြင်းလုပ်ငန်းများကို စားပွဲထိုးများနှင့် ဆောင်ရွက်ခြင်းမပြုစေဘဲ သီးခြားဝန်ထမ်းများအား တာဝန်ပေးရမည်။

၇။ **ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာကာ (Face Shield)၊ ခါးစည်းရှေ့ကာ (Apron)နှင့် လက်အိတ်စသည်တို့ကို ဝတ်ဆင်ရမည်။ ခါးစည်းရှေ့ကာ (Apron) ကို မကြာခဏ လဲလှယ်ရမည်။** (ယခုအချက်ကို လိုက်နာမှုအားနည်းလျက်ရှိကြောင်း သိရှိရပါသဖြင့် တာဝန်ရှိသူများနှင့် ဝန်ထမ်းများအနေဖြင့် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ပေးပါရန်)

၈။ ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောရပါမည်။ (သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး (၆၀) % ပါသော လက်သန့်စင်ဆေးရည်ဖြင့် ဆေးကြောရပါမည်။

၉။ နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်း မိမိတို့၏ ပါးစပ်နှင့် နှာခေါင်းကို တံတောင်ဆစ်အသုံးပြု၍လည်းကောင်း၊ တစ်ရှူးအသုံးပြု၍လည်းကောင်း လုံခြုံစွာဖုံးအုပ်ရန်နှင့် အသုံးပြုပြီးသော တစ်ရှူးကို စနစ်တကျ စွန့်ပစ်ပြီး လက်ကိုဆေးကြောရမည်။

၁၀။ မိမိ၏တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုရမည်။

၁၁။ လုပ်ငန်းဆောင်ရွက်နေစဉ် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကိုယ်လက်မအီမသာ ဖြစ်ခြင်းစသည့် သံသယလက္ခဏာတစ်ခုခု ခံစားရပါက အလုပ်မှ ချက်ချင်းအနားပေး၍ နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ပြီး လိုအပ်သောဆေးကုသမှုခံယူရမည်။

**စားသုံးသူများလိုက်နာဆောင်ရွက်ရမည့်အချက်များ**

၁။ စားသုံးသူများသည် မိမိတွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်းစသည့် သံသယလက္ခဏာ တစ်ခုခု ခံစားရပါကစားသောက်ဆိုင်သို့ လုံးဝမသွားသင့်ပါ။

၂။ အသက်အရွယ်ကြီးသူများ၊ ကိုယ်ခံအားနည်းသူများ၊ သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကင်ဆာရောဂါ ရှိသူများသည် စားသောက်ဆိုင်သို့ လုံးဝမသွားသင့်ပါ။

၃။ စားသောက်ဆိုင်အတွင်းသို့ ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာကာ (Face Shield) ပါမှသာ ဝင်ရောက်ရန်။

၄။ စားသုံးသူများသည် ဆိုင်အတွင်းသို့ မဝင်မီ လက်ဆေးရမည်။

၅။ စားသောက်ဆိုင်တွင် အချိန်ကြာမြင့်စွာ မထိုင်သင့်ပါ။

၆။ စားသုံးသူများသည် စားပွဲမျက်နှာပြင်များ၊ ပရိဘောဂများအား ထိတွေ့မိပါက အနည်းဆုံး အယ်ကိုဟောလ် (၆၀) % ပါသော လက်သန့်စင်ဆေးရည်များ (Hand gel) ဖြင့် လက်သန့်စင်ပြီးမှသာ အစားအစာ စားသုံးရမည်။

၇။ စားသောက်ဆိုင်တွင် သန့်စင်ခန်းအသုံးပြုပါက ရေနှင့်ဆပ်ပြာဖြင့် လက်ကို ဆေးကြော ရမည်။

၈။ စားသောက်ဆိုင်မှ နေအိမ်သို့ ပြန်လည်ရောက်ရှိပါက အဝတ်အစားများအား ချက်ချင်းလဲလှယ်၍ ၎င်းအဝတ်အစားများကို ချက်ချင်းလျှော်ဖွတ်ရန် လိုအပ်ပါသည်။

**အထူးဂရုပြုဆောင်ရွက်ရမည့် သန့်ရှင်းရေးလုပ်ငန်းများ**

၁။ စားပွဲမျက်နှာပြင်များ၊ ကုလားထိုင်များ၊ ကောင်တာများ၊ တံခါးလက်ကိုင်များကို (70 %) Alcohol ဖြင့် မကြာခဏ သန့်ရှင်းရေး ပြုလုပ်ရမည်။

၂။ ဆိုင်အတွင်း သန့်ရှင်းရေးတာဝန်များအတွက် သီးခြားဝန်ထမ်းများ တာဝန်ချထားရမည်။ စားပွဲထိုးများမှ မဆောင်ရွက်ရပါ။

၃။ သန့်စင်ခန်းများ၏ သန့်ရှင်းရေးကို မကြာခဏ ဆောင်ရွက်ရမည်။

၄။ ဆိုင်ဝန်ထမ်းများအားလုံး တကိုယ်ရေသန့်ရှင်းရေး (လက်မကြာခဏဆေးကြောရန်၊ လက်အိတ် တပ်ထားသော်လည်း ဟိုကိုင်ဒီကိုင်မလုပ်ရန်) ပညာပေးရေးနှင့် လိုက်နာဆောင်ရွက်မှုရှိစေရန် ကြပ်မတ်ရမည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
၁၁-၆-၂၀၂၀

## Cash For Work စီမံကိန်း မိတ်ဆက်ရှင်းလင်း

**ပေါင်  ဇွန်  ၁၁**

မွန်ပြည်နယ် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ Cash For Work စီမံကိန်း မိတ်ဆက်ရှင်းလင်းပွဲကို ယမန်နေ့တွင် ကျုံကကျေးရွာအုပ်စု၊ ကရင်စုကျေးရွာ မူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနဝန်ကြီး ဦးထွန်းမင်းအောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းတို့က အမှာစကားပြောကြားကြပြီး ပြည်နယ်ဦးစီးမှူး ဦးစိုးမောင်က Cash For Work စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်း၍ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က အကောင်အထည် ဖော်ဆောင်ရွက်မည့် Cash For Work စီမံကိန်း လုပ်ငန်းအကြောင်းအရာများ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မိုးဝင်း**

❖ **ရှေ့ဖုံးမှ**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသား စုစုပေါင်း ၃၅၃၄ ဦးအား မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။ ဇွန် ၁၈ ရက်တွင်လည်း စင်ကာပူနိုင်ငံနှင့် အခြားနိုင်ငံတချို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အဌမကြိမ်မြောက် ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

❍ **ကော့သောင်းနယ်စပ်ဂိတ်မှ**

ပါဝင်လာခြင်း ရှိ၊ မရှိ၊ မြန်မာနိုင်ငံသားမဟုတ်သူများပါဝင်လာခြင်း ရှိ၊ မရှိ စစ်ဆေးလက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

ပြန်လည်ဝင်ရောက်လာသူများမှ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်နေထိုင်ကြသူများအား မိမိတို့နေထိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့များအသီးသီးသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး သက်ဆိုင်ရာ မြို့နယ်များရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ၂၁ ရက်နှင့် နေအိမ်တွင် ခုနစ်ရက်စောင့်ကြည့်မှု ခံယူကြရမည်ဖြစ်ပြီး ကော့သောင်းဒေသခံများကိုမူ ကော့သောင်းမြို့ရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် ၂၁ ရက်နှင့် နေအိမ်တွင် ခုနစ်ရက် ဆက်လက်ထားရှိစောင့်ကြည့်ပြီး အာခေါင်တို့ဖတ် နမူနာများအား အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့ပြီး ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်လမ်းကြောင်းပေါ် ခရီးနှင်နေသည့် ငါးရွာမင်္ဂလာရေအသုံးချသူများကို တောင်သူများနှင့် ဖွဲ့စည်းထားရှိ



နေပြည်တော်  ဇွန်  ၁၁

မြန်မာနိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းများအတွက် သဘာဝမိုးရေကိုအားထားပြီး တစ်နှစ် တစ်သီးသာ စိုက်ပျိုးနိုင်သည့်စနစ်မှ ရာသီမရွေးစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေရရှိရေးကို ဆည်မြောင်းတာတမံရေလှောင်ဆည်များ တည်ဆောက်ခြင်း၊ မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ခြင်း၊ မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းနှင့် တောင်ပေါ်ဒေသများတွင် စိမ့်စမ်းရေထွက်များမှ ရေကို သွယ်ယူအသုံးပြုခြင်းစသော နည်းလမ်းပေါင်းစုံဖြင့် နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

**ဖွဲ့စည်းဆောင်ရွက်လျက်ရှိ**

ထိုသို့ဆောင်ရွက်ရာတွင် ရေရရှိရေးအခြေခံအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများသာမက ကုန်ကျစရိတ်များစွာဖြင့် ရယူခဲ့သည့်မြစ်ရေကို အလေအလွင့်အနည်းဆုံးဖြင့် စီမံအသုံးပြုစေရန်၊ ပိုမိုကောင်းမွန်သော ရေပေးဝေနည်းစနစ်များကို ပြောင်းလဲအသုံးပြုနိုင်စေရန်နှင့် ပြုပြင်ထိန်းသိမ်း ကုန်ကျစရိတ်ထိရောက်စေရန်ရည်ရွယ်၍ တောင်သူလယ်သမားများ ပူးပေါင်းပါဝင် ဆည်မြောင်း စီမံခန့်ခွဲမှုစနစ်လမ်းညွှန်ချက်နှင့်အညီ ရေအသုံးချသူအသင်းများ ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပူးပေါင်းပါဝင် ဆည်မြောင်းစီမံခန့်ခွဲမှုစနစ်ဆိုသည်မှာ စိုက်ပျိုးရေးအတွက် ရေစီမံခန့်ခွဲမှုလုပ်ငန်းများတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် တောင်သူများကိုယ်တိုင်ပါဝင်သည့် ရေအသုံးချသူများအသင်းနှင့် ရေအသုံးချသူများအဖွဲ့တို့ အတူတကွ ပူးပေါင်းပါဝင်သည့် ရေစီမံခန့်ခွဲမှုစနစ်တစ်ရပ်ဖြစ်သည်။

**ဆွေးနွေးပညာပေး**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်ရှိ ပျော့ရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့ အကူအညီအထောက်အပံ့ဖြင့် UNOPS, IWMI, WHH, ICRISAT, NEPS အစရှိသော ပြည်တွင်းပြည်ပ ပညာရှင်အဖွဲ့များဖြင့် ရေပေးမြောင်း၊ ရေပေးအဆောက်အအုံများ၊ ရေစုပ်စက်၊ ရေတင်စက်ရုံများ၊ ပိုက်လိုင်းများ ရေသောက်စနစ်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် ရေပေးရေယူစနစ်တကျဖြစ်စေရန်နှင့် ရေယူတောင်သူများ စိုက်ပျိုးရေ မျှမျှတတရရှိနိုင်ရေးအတွက် ရေအသုံးချသူများအသင်း(WUA)ဖွဲ့စည်းရန် IWMI အဖွဲ့မှ ကျေးရွာများအရောက် ကွင်းဆင်းပြီး ရေယူတောင်သူများနှင့် တွေ့ဆုံကာ ဆွေးနွေးပညာပေးခြင်း စသည့်လုပ်ငန်းများအား ၂၀၁၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။

ရေတင်စီမံကိန်းဧရိယာရှိ ပျော့ရွာ၊ နဘဲကြီး၊ ကန်ပြား၊ ညောင်ရင်း၊ မူးဝရွာတောင်စသော ကျေးရွာငါးရွာပါဝင်သည့် ငါးရွာမင်္ဂလာ ရေအသုံးချသူများအသင်းကို ၂၀၁၈ ခုနှစ် ဇွန် ၆ ရက်တွင် ဖွဲ့စည်းတည်ထောင်ပြီး ငါးရွာမင်္ဂလာ ရေအသုံးချသူများအသင်းက ဦးဆောင်၍ ရေသုံးစွဲသူတောင်သူများ စိုက်ပျိုးရေရရှိရေးအတွက် ယခင်သီးနှံရာသီများတွင် လယ်ကြားမြောင်း အဆင့်ထိ ရေပေးမြောင်းများ သန့်ရှင်းရေးဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၉-၂၀၂၀ မိုးသီးနှံရာသီတွင် ဌာနနှင့် အသင်းပူးပေါင်း၍ ရေသုံးစွဲမည့်တောင်သူများ အဆင်ပြေစေရေးအတွက် လယ်ကြားမြောင်းများအပြင် လက်တံမြောင်းများအထိ မြောင်းသန့်ရှင်းရေးလုပ်ငန်းများကို စည်းရုံးဆောင်ရွက်ခဲ့ရာ တောင်သူများက ယခုနှစ်ဇွန် ၈ ရက်မှ ၂၅ ရက်အတွင်း ရေတင်အဆင့်(၃)ဆင့်ရှိ လက်တံမြောင်း ၁၅ မြောင်းနှင့် DO မြောင်းများအား ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ ဇွန် ၈ ရက်တွင်ရေတင်အဆင့်(၂)ရှိ လက်တံ(၇)၊ လက်တံ(၉)၊ လက်တံ(၁၁)မြောင်းများအား ရေသုံးစွဲသူများအသင်းက ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

**အင်တိုက်အားတိုက် ဆောင်ရွက်**

ပျော့ရွာလျှပ်စစ် မြစ်ရေတင်စီမံကိန်းမှ ၂၀၁၉-၂၀၂၀ မိုးသီးနှံရာသီတွင် စပါးဧက၁၄၀၀ နှင့် အခြားသီးနှံ ဧက ၄၀၀ စုစုပေါင်း ဧက ၁၈၀၀ အား ရေပေးနိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ငါးရွာမင်္ဂလာ ရေအသုံးချရေးအသင်းဝင် တောင်သူများကလည်း အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟန်သိန်းမောင်

# နိုင်ငံတကာသတင်းဂျာနယ် ပြန်လည်ထုတ်ဝေမည်

ကြေးမုံသတင်းစာတိုက် စာတည်းအဖွဲ့က တည်းဖြတ်ထုတ်ဝေသည့် နိုင်ငံတကာသတင်းဂျာနယ်ကို ဇွန် ၂၂ ရက်မှစ၍ အပတ်စဉ် တနင်္လာနေ့တိုင်း ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

နိုင်ငံတကာသတင်းဂျာနယ်တွင် ကြော်ငြာထည့်သွင်းလိုသူများနှင့် ဆက်သွယ်ဝယ်ယူလိုသူများအနေဖြင့် အမှတ်(၇၇)၊ ၅၂ လမ်း၊ ကြေးမုံသတင်းစာတိုက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၁-၃၉၇၃၃၀ နှင့် ၀၁-၂၉၂၈၃၀ တို့သို့ ဆက်သွယ်နိုင်ပါသည်။

စာတည်းအဖွဲ့၊ နိုင်ငံတကာသတင်းဂျာနယ်

# နေပြည်တော် သတင်းစာတိုက်များနှင့် ဝန်ထမ်းအိမ်ရာများ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်း ဆောင်ရွက်

နေပြည်တော်  ဇွန်  ၁၁

နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်နှင့် ဝန်ထမ်းအိမ်ရာများရှိ သောက်သုံးရေကန်များကို ယနေ့နံနက်ပိုင်းက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားစေနိုင်သည့် ခြင်မပေါက်ပွားစေရေးနှင့် ပိုးလောက်လမ်း ကာကွယ်နိုင်ရေးအတွက် ပြည်စံအောင် ကျေးလက်ကျန်းမာရေးဌာနခွဲမှ လက်ထောက်ကျန်းမာရေးမှူး ဦးကျော်မင်း ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက ရုံးနှင့် အိမ်ရာများရှိ သောက်သုံးရေကန် ၆၀ ကျော်တွင် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်လင်းကြည်



# မင်းဘူးခရိုင် ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ပွင့်ဖြူ  ဇွန်  ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် သံကိုင်းကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာ မူလတန်းကျောင်း၌ ငါးသယံဇာတ ထိန်းသိမ်းရေးပညာပေးဟောပြောပွဲကို မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပညာပေးဗီနိုင်း ပိုစတာစိုက်ထူခဲ့ကြောင်း သိရသည်။



အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းနှင့် ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသက်အောင်တို့က ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးခြင်းဆိုင်ရာများ ဟောပြောဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




**COVID- 19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

# မတတ်သာ ခပ်ခွာခွာနေရမှာမို့...

ခင်နှင်းယု(ကြေးမုံ)

“လက်ကိုခဏခဏဆေးပါ….လူစုလူဝေးရှောင်ရှားပါ….. နှာချေ၊ ချောင်းဆိုးလျှင် အုပ်ထားပါ …. ကိုယ့်ကိုကူးစက်သွားမှာ….. ဒါ လုံးဝ လုံးဝမကောင်းပါ… မိမိကစကာကွယ်ပါ…… ”

ဒီစာသား၊ ဒီသံစဉ်နဲ့ ဒီသီချင်းကို ကိုဗစ်-၁၉ ဆိုတဲ့ ကပ်ရောဂါပျံ့နှံ့စဉ်ကတည်းက ရုပ်မြင်သံကြားက ကြားခဲ့ရတာ အခုအချိန်အထိ လူကြီး၊ လူငယ်၊ ကလေးအားလုံးရဲ့ နှုတ်ဖျားတွင် စွဲထင်စေခဲ့တာပါ။ ဂီတအနုပညာဆိုတာကလည်း စွမ်းအားအကြီးသား။ ကျွန်မတို့မြန်မာ့သမိုင်း အစဉ်အဆက် ကဗျာ၊ လင်္ကာ၊ တေးသီချင်းတွေနဲ့ လွတ်လပ်ရေးကြိုးပမ်းစဉ်က အစ၊ မျိုးချစ်စိတ်ဓာတ် ထက်သန်စေရန် အလယ်၊ အထိမ်းအမှတ် နေ့ထူးနေ့မြတ်နဲ့တကွ အခုလို ကပ်ရောဂါဘေးကာကွယ်ရေးသီချင်းအဆုံး ရင်ထဲကို ချက်ချင်းထိစေတဲ့ စွမ်းအားက အံ့မခန်းပါပဲ။

**စည်းကမ်းတကျနေထိုင်ခဲ့ရ**

ကိုဗစ်- ၁၉ ကပ်ရောဂါဟာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကစလို့ ကမ္ဘာအနှံ့ ခရီးဆန့်ခဲ့တာဟာ အခုအချိန်အထိပျံ့နှံ့လို့ကောင်းတုန်းပင်။ ရောဂါစတင်ဖြစ်ပွားစဉ် ကတည်းက မတွေ့ရ၊ မမြင်ရပေမယ့် သူ့ရဲ့ခြောက်လှန့်မှုကတော့ သိစိတ်တွင်တစ်မျိုး၊ မသိစိတ်တွင်တစ်သွယ် ကြောက်ခဲ့ရသည်ကတော့ အမှန်ပါပဲ။ အပြင်ကိုထွက်မယ် ဆိုကတည်းက ကိုယ်စတင်ကိုင်တွယ်ထိတွေ့မိတဲ့အရာ၊ နေရာ၊ အချိန်၊ တွေ့ခဲ့တဲ့လူ၊ အသုံးပြုခဲ့တဲ့ပစ္စည်းအားလုံးကို စိတ်ထဲက သတိနဲ့မှတ်နေမိတာကလည်း အကျင့်တစ်ခုလို ဖြစ်လို့နေပါပြီ။ နှာခေါင်းစည်းဝတ်၊ စက္ကန့် ၂၀ ကြာ လက်ဆေး၊ လူစုလူဝေးရှောင်ပြီး ခပ်ခွာခွာနေရတာကလည်း ကျင့်သားရနေပါပြီ။ အပြင်က ပြန်လာတော့လည်း အိမ်မှာရှိတဲ့ပစ္စည်းတွေနဲ့ သားသမီး တွေကိုတောင် မထိရဲဘဲ ရေချိုးခန်းထဲ တန်းဝင် ခြေတွေ၊ လက်တွေဆေး၊ အသုံးအဆောင်တွေလဲကာ သန့်ရှင်းရေး လုပ်ရတာကလည်း တာဝန်တစ်ခုလိုပါပဲ။

အိမ်ထဲဝင်စဉ် ကိုယ်လျှောက်ခဲ့တဲ့ လမ်းတစ်လျှောက်မှာများ ထိမိသေးလားဆိုတဲ့ သံသယနဲ့ မသိစိတ်ထဲက တင်းကျပ်မှုကြီးကို သယ်ပိုးရင်း စည်းကမ်းတကျနေထိုင်ခဲ့ရတဲ့အဖြစ်။ “မေမေလက်ဆေးဦးနော်” ဆိုတဲ့ အိမ်ထဲဝင်ဖို့ပြင်နေတဲ့ ကျွန်မကို အိမ်ထဲကနေ သတိပေးတဲ့ သမီးဖြစ်သူရဲ့ သတိပေးစကားသံကလည်း အပြင်ကပြန်လာတဲ့ ကျွန်မအတွက်တော့ နားထဲမှာ သတိပေးသံစဉ်တစ်ခုလို ဖြစ်လို့နေပါတယ်။ KG အရွယ်ကလေး ဖြစ်ပေမယ့် တီဗွီထဲကနေ သတိပေးတဲ့ ကိုဗစ်-၁၉ နဲ့ပတ်သက်တဲ့သီချင်းတွေ၊ ဖေ့စ်ဘွတ်ထဲကနေ မြင်ဖူးတဲ့ tik tok ကစားနေကြတဲ့ သီချင်းတွေအစုံပါပဲ။ သူမို့မှတ်နိုင်တယ်။ ဖုန်းကြည့်နေတဲ့ သူ့အဖေကိုမြင်တာနဲ့ “ဒီနေ့ထပ်တွေ့သေးလား” ဆိုတဲ့ အမေးစကားကလည်း ဘယ်တော့မှမလွတ်စတမ်း။ ကျောင်းပိတ်ကတည်းက အိမ်ထဲမှာပဲနေရလို့ အညောင်းပြေလမ်းလျှောက်ရအောင် ဆိုတာတောင် “ဟာ…ရောဂါပိုးတွေ ဖြစ်နေတာလေ ကူးမှာမကြောက်ဘူးလား” တဲ့။ မည်သို့ပင်ဆိုစေကာမူ ကုသခြင်းထက် ကာကွယ်ခြင်းက ပိုကောင်းတယ် ဆိုသလိုပဲ သူတို့လေးတွေ အခုလို သိတတ်လိမ္မာမှုအတွက် ကျေးဇူးတောင်တင်ရပါသေးတယ်။

အခုရက်ပိုင်းမှာတော့ ဖြေလျှော့မှုတွေနဲ့အတူ ရောဂါပိုးတွေ့လူနာအခြေအနေတွေလည်း လျော့ပါးလာတယ်။ ကိုယ့်နိုင်ငံမှာ အခြေအနေကောင်းတာကို သိပေမယ့် စိတ်ကတော့ မလျှော့ရဲသေး။ ဒါကတော့ ကျွန်မတို့မိသားစုလေးရဲ့ ကိုဗစ်-၁၉ နဲ့ပတ်သက်တဲ့ စိတ်ခံစားချက် တစ်စိတ်တစ်ပိုင်းပေါ့လေ။ ဒီလိုပါပဲ ပြည်သူတွေအနေနဲ့လည်း ဒီကိုဗစ်-၁၉ ကပ်ရောဂါကာလမှာ စိတ်ခံစားချက်တွေ အမျိုးမျိုးအဖုံဖုံနဲ့ ဘဝရှင်သန်ရပ်တည်ရေးအတွက် ကြိုးစားရုန်းကန်နေကြရလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။

**အဘက်ဘက်က ပံ့ပိုးမှုများ**

နိုင်ငံတော်အစိုးရအနေနဲ့လည်း Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဖွဲ့စည်းပြီး စီစဉ်ဆောင်ရွက်သင့်တဲ့ကိစ္စမှန်သမျှကို အချိန်နဲ့တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ပုံမှန်ဝင်ငွေမရှိတဲ့သူတွေအတွက် အခြေခံစားသောက်ကုန်တွေကို အချိန်နဲ့တစ်ပြေးညီ ထောက်ပံ့ပေးနိုင်ခဲ့သလို Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် တကယ့်လက်တွေ့နယ်ပယ်မှာ လုပ်ဆောင်နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ပရဟိတအဖွဲ့တွေ၊ ပြည်သူတွေ၊ တာဝန်ရှိသူတွေနဲ့ ဗီဒီယိုကွန်ဖရင့်စနစ်နဲ့ ချိတ်ဆက်ပြီး ဆွေးနွေးကာ လိုအပ်တဲ့အကူအညီတွေ၊ နည်းလမ်းတွေ ညွှန်ကြား၊ အကြံပြု၊ ကူညီထောက်ပံ့ပေးတာတွေ လုပ်ဆောင်နေတာဟာလည်း အားရစရာပါ။

**ဒီကိုဗစ်-၁၉ ဆိုတဲ့ ကပ်ရောဂါဆိုးကြီးဟာ ဘယ်အချိန်၊ ဘယ်ကာလမှာ ကင်းစင်ပပျောက်သွားမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်သလို ဘယ်လောက်အထိ ကူးစက်မှုတွေ ရှိနေမှာလဲဆိုတာလည်း မသိနိုင်ပါဘူး။ လက်ရှိကာလမှာတော့ နှာခေါင်းစည်းတပ်ခြင်း၊ လက်ဆေးခြင်းနှင့်အတူ မတတ်သာလို့ ခပ်ခွာခွာနေထိုင်ကြရင်း ကပ်ရောဂါဆိုးကြီးအား ရင်ဆိုင်ကျော်လွှားကြပါစို့ . . . ။**

**Stay Home နှင့် ကဏ္ဍပေါင်းစုံ**

ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့လည်း လူသားချင်းတူပေမယ့် တာဝန်သိစိတ်ရဲ့ စေ့ဆော်မှုအရ အများသူငါကြောက်ရွံ့တဲ့ ကိုဗစ်ကို Stay Home မနေဘဲ ရှေ့တန်းကထွက်ပြီး ရဲရဲရင့်ရင့် ရင်ဆိုင်ခုခံ ကာကွယ်ရင်း ပြည်သူတွေရဲ့ ထိတ်လန့်မှုကို သူတို့တတ်တဲ့ပညာနဲ့ အစွမ်းကုန် အားသွန်ခွန်စိုက်ကုသ၊ စောင့်ရှောက်ပေးနေတာကလည်း ဂုဏ်ယူစရာပါ။ ကျန်းမာရေးဝန်ထမ်းတွေနဲ့အတူ စွမ်းစွမ်းတမံပါဝင်ခဲ့ကြတဲ့ တပ်မတော်၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ၊ စည်ပင်သာယာရေးကော်မတီအဖွဲ့တွေ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွေနဲ့ ဌာနဆိုင်ရာ အဖွဲ့အစည်းတွေ၊ ပရဟိတအဖွဲ့တွေ၊ လူမှုရေး အဖွဲ့တွေ၊အလှူရှင်တွေ၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေ အားလုံး အားလုံးကလည်း သူ့နေရာနဲ့သူ လက်တွဲညီညီ ကြိုးပမ်းမှုတွေဟာ သမိုင်းတစ်ခေတ်ရဲ့ ကမ္ပည်းမှတ်တိုင်ပါပဲ။

မည်သို့ပင်ဆိုစေ ဒီကပ်ရောဂါကာလအတွင်းမှာ အနုပညာရှင်တွေအနေနဲ့လည်း ရုပ်မြင်သံကြား၊ ရေဒီယို၊ အွန်လိုင်းတွေကနေတစ်ဆင့် သီချင်းတွေ၊ ကြော်ငြာတွေ၊ သတိပေးစကားတွေ စတဲ့ လှုပ်ရှားမှုမျိုးစုံနဲ့ ပြည်သူတွေကို အလုပ်အကျွေးပြုလို့ နေကြပါတယ်။ Stay Home ပြည်သူတွေ ကျန်းမာရေးနဲ့ ညီစေဖို့ အစားအသောက်ကဏ္ဍ၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကဏ္ဍ၊ အိမ်တွင်းမှုပညာကဏ္ဍတွေကို တစ်မျိုးပြီးတစ်မျိုးမရိုးရအောင် စီစဉ်တင်ဆက်ပေးနေတာတွေကလည်း Stay Home ကာလမှာ ဘဝင်ခိုက်စရာပါ။

နေ့စဉ်နဲ့အမျှ ကမ္ဘာနဲ့ မြန်မာမှာ ဖြစ်နေတဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်တဲ့ ထုတ်ပြန်ချက်တွေ၊ သတင်းစကားတွေအပြင် အချိန်နဲ့တစ်ပြေးညီ ပညာပေးလှုံ့ဆော်မှုတွေ၊ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးနေတာကလည်း အုတ်တစ်ချပ် သဲတစ်ပွင့်ပမာပါ။

အခုဆို ဖြေလျှော့မှုတွေအရ တက္ကသိုလ်တွေ၊ အခြေခံပညာကျောင်းတွေကို တစ်ဆင့်ပြီးတစ်ဆင့် ပြန်ဖွင့်ဖို့ပြင်ဆင်ကြသလို တောင်သူတွေလည်း စိုက်ပျိုးရေးလုပ်ငန်းတွေ စတင်စိုက်ပျိုးနေကြပါပြီ။ သစ်တောဦးစီးဌာနက အိမ်ခြံဝင်းဥယျာဉ်နဲ့ မိုးရာသီသစ်ပင်စိုက်ပျိုးမှုတွေအတွက် မျိုးစေ့တွေနဲ့ပျိုးပင်တွေ ထောက်ပံ့ပေးနေသလို သမဝါယမဦးစီးဌာနကလည်း စပါးမျိုးစေ့တွေကို ဈေးနှုန်းချိုသာစွာနဲ့ ဖြန့်ဝေပေးနေတာတွေ၊ စက်မှုလယ်ယာဦးစီးဌာနကလည်း အချိန်မီစိုက်ပျိုးနိုင်ဖို့ စက်တွေနဲ့ အားဖြည့်ပေးနေတာတွေဟာလည်း ပီတိဖြစ်စရာပါ။

ဒီကိုဗစ်-၁၉ ဆိုတဲ့ ကပ်ရောဂါဆိုးကြီးဟာ ဘယ်အချိန်၊ ဘယ်ကာလမှာ ကင်းစင်ပပျောက်သွားမယ်ဆိုတာ ဘယ်သူမှမပြောနိုင်သလို ဘယ်လောက်အထိ ကူးစက်မှုတွေ ရှိနေမှာလဲဆိုတာလည်း မသိနိုင်ပါဘူး။ လက်ရှိကာလမှာတော့ နှာခေါင်းစည်းဝတ်ခြင်း၊ လက်ဆေးခြင်းနှင့်အတူ မတတ်သာလို့ ခပ်ခွာခွာနေထိုင်ကြရင်း ကပ်ရောဂါဆိုးကြီးအား ရင်ဆိုင်ကျော်လွှားကြပါစို့လို့ သတင်းစကားပါးလိုက်ရပါတယ်။ ။

# မိတ္တာရှင်းပွဲ

ဟေ့ ကိုဗစ်တစ်ကိုး မိတ္တာဆိုး …။

ကမ္ဘာအနှံ့ … ခြေကုန်ဆန့်ကာ
မတန့် မရပ် … လူကိုသတ်ဖို့
မှတ်ချက်ချကာ … လူကိုရှာသည်
ကာလအတန် … ကြာခဲ့ပြီ။

ထိုကာလမှာ … သင် မိတ္တာကြောင့်
“သေရွာ” ရောက်သူ … “ဒုက္ခပူ” ဖြင့်
အပူမျိုးစုံ …တွေ့ ကြုံ ဆုံလျက်
မကြုံစဖူး … ကြုံပုံထူးပြီ
သူရှူးပမာ … တို့ကမ္ဘာ။

လူ၏အသက် ‘ပမာဖက်’ … သို့
ရက်စက်လွန်းစွ … သင့် ဒုက္ခကြောင့်
“လူ”က“ကိုဗစ်” … “ကမ္ဘာစစ်” … ဟေ့
စစ်ကြေညာကာ … တံ့ပြန်ပါပြီ
ကမ္ဘာ၊ မြန်မာ … တူညီစွာ။

တို့မြန်မာပြည် … သွေးစည်းညီ၏
“လှိုင်း”သည် “လေ့အောက်” …မုချ
ရောက်အံ့။

မကြောက်မရွံ့ … နောက်မတွန့်ဘဲ
“ကိုဗစ်တစ်ကိုး” … အစွယ်ချိုးဖို့
မျိုးစုံအလွှာ … စည်းဝေးကာလျှင်
မြန်မာအရေး … ဤအရေးမို့
အရေးကြီးခါ … သွေးစည်းစွာဖြင့်
ကျန်းမာဖို့အရေး … ပို့ဆောင်ရေးကို
မနှေးစေရ … ဦးအစ။

တစ်ဝဆွေးနွေး… “စောင့်ကြည့်ရေး” ပါ
မနှေး၊ မဖင့် …. စီစဉ်နှင့်၏။

တစ်ဆင့် တစ်ဖန် … “စေတနာ”မှန်သည့်
“ဘော်လန်တီယာ” တပ်ဖွဲ့ပါလျက်
မေတ္တာ စာဂ … ဝီရိယဖြင့်
ကူကြ ညီကြ … ဝိုင်းဝန်းကြမို့
“ခဏ” “မကြာ” … အောင်မြင်လာမည်
မိတ္တာရက်စက် …. ပြန့်ပွားချက်ကို
တို့ လက်မခံ … အပြတ်နှင်ပြီ
“သံပုံး” တီးကာ … ရှင်းထုတ်လို့
“အောင်ပွဲ” ရမည် …. “မြန်မာ”တို့။

ဦးရဲဆွေ (ကြံခင်း)

မှတ်ချက်။ ။ ဘော်လန်တီယာ = စေတနာ့ဝန်ထမ်း (ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း တိုက်ပွဲကြီးအား နေ့မအား၊ ညမနား ဦးဆောင်နေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်တကွ ပါဝင်ကြသူအားလုံးကို ဤစာစုဖြင့် ဂုဏ်ပြုအပ်ပါသည်)

## ပုဂ္ဂလိက သူနာပြုသားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် လုပ်ငန်းလိုင်စင်လျှောက်ထားနိုင်

**နေပြည်တော် ဇွန် ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကျန်းမာရေးကဏ္ဍတွင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ တရားဝင်အသိအမှတ်ပြု ပုဂ္ဂလိက သူနာပြုသားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် ခွင့်ပြုပေးမည်ဖြစ်၍ လျှောက်ထားလိုသူများသည် လုပ်ငန်းလိုင်စင်ကို မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီမှတစ်ဆင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် ဇွန် ၁၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# အင်္ဂလန်ရှိ စီးပွားရေးလုပ်ငန်းစုများက ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကန့်သတ်ချက်များဖြေလျှော့ပေးရန် အစိုးရအား တိုက်တွန်း




**လန်ဒန် ဇွန် ၁၁**

အင်္ဂလန်ရှိစီးပွားရေးနှင့်ပတ်သက်သော အဖွဲ့အစည်းများက နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပြီး စီးပွားရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခွင့်ပြုရန် အစိုးရအား စာရေးသားတိုက်တွန်းခဲ့သည်။

စီးပွားရေးလုပ်ငန်းများအား ပြန်လည်လုပ်ကိုင်ခွင့်ပေးရန် ပြည်ထဲရေးဝန်ကြီး ပရီတီပတဲ၊ နိုင်ငံခြားရေးဝန်ကြီး ဒေါမနစ်ရက်ပ်နှင့် ပို့ဆောင်ရေးဝန်ကြီး ဂရန့်စ်ရှပ်တို့ထံ ဗြိတိန်ကုန်သည်ကြီးများအသင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများဆိုင်ရာအဖွဲ့ချုပ်၊ လန်ဒန်စက်မှုလုပ်ငန်းများဆိုင်ရာအဖွဲ့ချုပ်တို့က စာရေးသားတိုက်တွန်းခဲ့သည်။

အဆိုပါ တိုက်တွန်းစာထဲတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးအကျပ်အတည်းများမှ ရုန်းထွက်နိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ အင်္ဂလန်အနေဖြင့် မိမိ၏ ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုများကို အမြန်ဆုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း ရေးသားထားသည်။ ဗြိတိန်အစိုးရအနေဖြင့် လုပ်ငန်းမူဘောင်တစ်ရပ် ချမှတ်ပြီး အင်္ဂလန်နှင့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု နည်းပါးသောနိုင်ငံများအကြား ခရီးအသွားအလာပြုလုပ်နိုင်သော စင်္ကြံတစ်ခု တည်ဆောက်ရန်နှင့် ဗြိတိန်သို့ရောက်ရှိလာသော ခရီးသည်များအား ကန့်သတ်စောင့်ကြည့်ခြင်းမှ ကင်းလွတ်ခွင့်ပေးရန်လည်း တိုက်တွန်းထားသည်။ ဗြိတိန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၉၁၄၀၉ ဦးနှင့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၄၁၂၇၉ ဦး ရှိသည်။ ဗြိတိန်နိုင်ငံတွင် ဇွန် ၈ ရက်မှစတင်ပြီး နိုင်ငံအတွင်း ဝင်ရောက်လာသူများအား ၁၄ ရက်ကြာ ကန့်သတ်စောင့်ကြည့်ခြင်းကို ဆောင်ရွက်ခဲ့သည်။

**ကိုးကား – နေရှင်နယ်ပို့စ်**
**ဘာသာပြန် – စိုးသူရ**

# ဘူရွန်ဒီသမ္မတ ပီယာရီကူရွန်ဇီဇာ ကိုဗစ်-၁၉ ရောဂါကြောင့် ကွယ်လွန်သည့် ပထမဆုံးသော ကမ္ဘာ့ခေါင်းဆောင်ဖြစ်လာ

**ဂီတီဂါ ဇွန် ၁၁**

ဘူရွန်ဒီသမ္မတ ပီယာရီကူရွန်ဇီဇာသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ကွယ်လွန်ခဲ့ရာ အဆိုပါကပ်ရောဂါကြောင့် သေဆုံးသည့် ကမ္ဘာ့ပထမဆုံး နိုင်ငံ့ခေါင်းဆောင်ဖြစ်လာဖွယ်ရှိကြောင်း သတင်းတစ်ပုဒ်အရ သိရသည်။

အသက် ၅၅ နှစ်အရွယ် သမ္မတ ကူရွန်ဇီဇာသည် နှလုံးဖောက်ပြန်မှုကြောင့် သေဆုံးခဲ့သည်ဟု ဘူရွန်ဒီအစိုးရက ဇွန် ၉ ရက်တွင် ကြေညာခဲ့သော်လည်း သေဆုံးမှုမှာ ကိုဗစ်-၁၉ ရောဂါကြောင့်ဖြစ်ကြောင်း အတိုက်အခံသတင်းရပ်ကွက်များက ပြောသည်။ ဖျားနာမှုခံစားခဲ့ရသည့် သမ္မတကူရွန်ဇီဇာကို ကာရူဇီမြို့ရှိ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ ဘူရွန်ဒီနိုင်ငံရှိ အနည်းငယ်သော အသက်ရှူအထောက်အကူပြုကိရိယာများက နေမကောင်းဖြစ်နေသော ကူရွန်ဇီဇာ၏အသက်ကို မကယ်တင်နိုင်ခဲ့ပေ။

"ဆေးရုံရောက်လာတာ တော်တော်ကို နောက်ကျနေပါပြီ။ သူ့အခြေအနေက ချက်ချင်းကို ဆိုးရွားသွားခဲ့ပါတယ်" ဟု သတင်းတစ်ရပ်က ဖော်ပြထားသည်။ ကူရွန်ဇီဇာ၏ ဇနီးသည် ဒင်းနစ်ဘူကူမီအား ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုကြောင့် ဆေးကုသပေးခဲ့ကြောင်း ကင်ညာတာဝန်ရှိသူများကို ကိုးကား၍ မီဒီယာတစ်ခုက ဖော်ပြခဲ့သည်။ ဘူရွန်ဒီနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၃ဦးနှင့် သေဆုံးသူ တစ်ဦးသာရှိကြောင်း သိရသည်။ ဘူရွန်ဒီအစိုးရက သမ္မတ ကူရွန်ဇီဇာ မမျှော်လင့်ဘဲ သေဆုံးမှုအတွက် များစွာဝမ်းနည်းမှုကြောင့် အဆိုပါသတင်း မကြေညာမီ အမှန်တကယ် သေဆုံးခြင်း ရှိ၊ မရှိ အတည်ပြုနိုင်ရန် တစ်ရက်ကြာစောင့်ဆိုင်းခဲ့ကြောင်း သိရသည်။



ပြီးခဲ့သော မေလအတွင်း ကျင်းပသည့် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် သမ္မတအဖြစ် ရွေးကောက်ခံရသူ အီဗာရက်စတီ ဒါယီရှီမီဘေး ကျမ်းသစ္စာမကျိန်ဆိုမီ သီတင်းပတ်အနည်းငယ်အလိုတွင် ကူရွန်ဇီဇာ သေဆုံးခဲ့ခြင်းဖြစ်သည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန်–ကျော်ထိုက်စိုး**

# တရုတ်နိုင်ငံက သမုဒ္ဒရာစောင့်ကြည့်လေ့လာရေး ဂြိုဟ်တုသစ် အောင်မြင်စွာလွှတ်တင်

**ထိုက်ယွမ် ဇွန် ၁၁**

တရုတ်နိုင်ငံသည် နိုင်ငံမြောက်ပိုင်း ဆန်းရှီးပြည်နယ်ရှိ ထိုက်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ သမုဒ္ဒရာစောင့်ကြည့်လေ့လာရေးဂြိုဟ်တုသစ်တစ်ခုကို ဇွန် ၁၁ ရက်တွင် အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

အဆိုပါသမုဒ္ဒရာစောင့်ကြည့်လေ့လာရေးဂြိုဟ်တုသစ် HY-1D ကို တာဝေးပစ်ဒုံးကျည်ထိပ်ဖူးတပ် March-2C ဖြင့် ဇွန် ၁၁ ရက် ပေကျင်းစံတော်ချိန် နံနက် ၂ နာရီ ၃၁ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသစီမံခန့်ခွဲမှုဌာန(စီအင်န်အက်စ်အေ)က ပြောကြားခဲ့သည်။

ယခုလွှတ်တင်ခဲ့သည့် ဂြိုဟ်တုသည် ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်းက လွှတ်တင်ခဲ့သော တရုတ်နိုင်ငံ၏ ပထမဆုံးသောဂြိုဟ်တုဖြစ်သည့် HY-1C နှင့်အတူ အဏ္ဏဝါဗေဒ စောင့်ကြည့်လေ့လာမှုများကို အတူတကွလုပ်ဆောင်မည်ဖြစ်ကြောင်းနှင့် လက်ရှိဆောင်ရွက်နေသည့် သမုဒ္ဒရာစောင့်ကြည့်လေ့လာရေးဆိုင်ရာ အချက်အလက်များကို နှစ်ဆအထိ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသစီမံခန့်ခွဲမှုဌာနနှင့် တရုတ်နိုင်ငံ သဘာဝသယံဇာတဝန်ကြီးဌာနတို့က ပြောကြားသည်။

ယင်းဂြိုဟ်တုနှစ်လုံးက သမုဒ္ဒရာ၏ အရောင်၊ ကမ်းရိုးတန်းဆိုင်ရာ အရင်းအမြစ်များနှင့် ဂေဟဗေဒဆိုင်ရာ သဘာဝပတ်ဝန်းကျင်ကို စောင့်ကြည့်လေ့လာခြင်းနှင့် မိုးလေဝသခန့်မှန်းချက်၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံ၏ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းကို တိုးတက်မှုရှိစေမည်ဟုလည်း မျှော်လင့်ထားသည်။

တရုတ်နိုင်ငံ၏ အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်နိုင်သည့် သမုဒ္ဒရာစောင့်ကြည့်လေ့လာရေးဆိုင်ရာ လေးခုမြောက်ဂြိုဟ်တုဖြစ်သည့် HY-1D သည် အာကာသဒုံးယာဉ်၊ ဂြိုဟ်တုတို့တွင်ပါရှိသော ပစ္စည်းငါးမျိုးအထိ သယ်ဆောင်နိုင်စွမ်းရှိပြီး HY-1C ဂြိုဟ်တုကဲ့သို့ လုပ်ဆောင်နိုင်စွမ်းရှိကြောင်းနှင့် ဂြိုဟ်တုတွင်ပါရှိသည့် ပုံရိပ်ဖမ်းစက်သည် နေ့စဉ် ၁ ဒသမ ၁ ကီလိုမီတာ အကွာအဝေးအတွင်းရှိ သမုဒ္ဒရာအရောင်ကို စောင့်ကြည့်လေ့လာနိုင်ကာ ပင်လယ်ရေမျက်နှာပြင်အပူချိန်ကိုလည်း တိုင်းတာနိုင်စွမ်းရှိကြောင်း သိရသည်။

အဆိုပါ ပုံရိပ်ဖမ်းစက်သည် မီတာ ၅၀ အတွင်းရှိ ကမ်းရိုးတန်းဆိုင်ရာ ရေအရင်းအမြစ်များ၊ ကမ်းရိုးတန်းဇုန်နှင့် မြစ်များ၊ ကန်များ၏ ဂေဟဗေဒဆိုင်ရာ အချက်အလက်တို့ကို သုံးရက်လျှင်တစ်ကြိမ် ဖမ်းယူနိုင်စွမ်းရှိပြီး ရရှိလာသည့်အချက်အလက်များကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်သုံးသပ်ချက်များအတွက် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**



# တရုတ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေး ဆေးဘက်ဆိုင်ရာအထောက်အပံ့များ လစ်ဗျားသို့ ပေးပို့မည်

**ထရီပိုလီ ဇွန် ၁၁**

လစ်ဗျားနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးအကူအညီပေးရန် တရုတ်နိုင်ငံမှ ဆေးဘက်ဆိုင်ရာ အထောက်အပံ့များ မကြာမီရက်ပိုင်းအတွင်း လစ်ဗျားနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ကြောင်း လစ်ဗျားနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ယမန်နေ့က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံမှ လစ်ဗျားနိုင်ငံသို့ ထောက်ပံ့မည့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့များသည် ယနေ့တွင် တူနီးရှားနိုင်ငံ၏ တူနစ်-ကာသေ့ဂ်ျ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိနေပြီး ရက်ပိုင်းအတွင်း လစ်ဗျားနိုင်ငံသို့ ပို့ဆောင်ပေးရန် စီစဉ်လျက်ရှိကြောင်း လစ်ဗျားနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ဆေးဘက်ဆိုင်ရာအထောက်အပံ့များထဲတွင် အက်စ်စ်ခာတ်ပါသည့် ရောဂါဗေဒစမ်းသပ်ပစ္စည်း ၈၃၄ မျိုး၊ ဆေးဘက်ဆိုင်ရာအကာအကွယ်ပြုဝတ်စုံ ၅၀၀၀၊ N95 နှာခေါင်းစည်း ၁၅၀၀၀၊ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း ၁၀၀၀၀၀၊ ဆေးမျက်မှန် ၅၀၀၀ နှင့် ဆေးဘက်ဆိုင်ရာသုံး လက်အိတ်အစုံ ၅၀၀၀ တို့ ပါဝင်ကြောင်း အဆိုပါသံရုံးက ပြောကြားခဲ့သည်။




အနောက်အာဖရိကနိုင်ငံဖြစ်သည့် လစ်ဗျားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၇၈ ဦးရှိပြီး သေဆုံးသူ ငါးဦးရှိခဲ့ကာ ရောဂါကူးစက်မှုမှ ပြန်လည်ကျန်းမာလာသူ ၅၉ ဦးရှိကြောင်း လစ်ဗျားနိုင်ငံ၏ အမျိုးသားရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာမှ သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် လစ်ဗျားနိုင်ငံအာဏာပိုင်များသည် ကျောင်းများနှင့် ဘာသာရေးဆိုင်ရာဝတ်ပြုရာနေရာများအပါအဝင် နိုင်ငံ၏ နယ်စပ်ဒေသများကို ပိတ်ထားခဲ့ပြီး အများပြည်သူစုဝေးခွင့်ကိုလည်း ပိတ်ပင်တားမြစ်ထားကာ ညမထွက်ရအမိန့်ကိုလည်း ထုတ်ပြန်ထားကြောင်း သိရသည်။

လစ်ဗျားနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ကူးစက်ဖြစ်ပွားမှုကို မတ်လအတွင်းက သတင်းထုတ်ပြန်ခဲ့ပြီး ရောဂါကူးစက်မှုကြောင့် ပထမဆုံးသေဆုံးမှုကို ဧပြီလအတွင်းက ကြေညာခဲ့ခြင်းဖြစ်သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

# ကိုဗစ်-၁၉ ရောဂါ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့်စပ်လျဉ်း၍ ကမ္ဘောဒီးယားနှင့် အိန္ဒိယဝန်ကြီးချုပ်တို့ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

**ဖနောင်ပင် ဇွန် ၁၁**

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့သည် ယမန်နေ့ ညနေပိုင်းက တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြရာ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့်စပ်လျဉ်း၍ အလေးထားဆွေးနွေးခဲ့ကြကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်တစ်ရပ်တွင် ယနေ့ဖော်ပြထားသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည် ဆွေးနွေးစဉ် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် လူမှုစီးပွားပြန်လည်ဦးမော့လာရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရာတွင် ပို၍ကြီးမားသော နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုသည် ယခင်ကထက် ပို၍လိုအပ်လာလိမ့်မည်ဖြစ်သည်ဟု သဘောတူခဲ့ကြကြောင်း သိရသည်။

တစ်ဆက်တည်းမှာပင် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနယ်ပယ်၌ အိန္ဒိယအစိုးရ၏ ကြိုးပမ်းလုပ်ဆောင်မှုများအပေါ် ချီးကျူးဂုဏ်ပြုခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် အိန္ဒိယပြည်သူများစွာ အသက်ဆုံးရှုံးခဲ့မှုအပေါ် အလွန်ပင်ဝမ်းနည်းကြေကွဲမိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် အိန္ဒိယဝန်ကြီးချုပ်မိုဒီက ကမ္ဘာတစ်ဝန်း ကူးစက်ပျံ့နှံ့သွားသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအား ကမ္ဘောဒီးယားအစိုးရအနေဖြင့် အောင်မြင်စွာ ထိန်းချုပ်နိုင်မှုအပေါ် ချီးကျူးဂုဏ်ပြုခဲ့သည်။

ထို့အပြင် ဟွန်ဆန်နှင့် မိုဒီတို့သည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကာလအတွင်း နှစ်နိုင်ငံစလုံးတွင် သောင်တင်နေကြသော သက်ဆိုင်ရာနိုင်ငံသားများအား နေရပ်ပြန်ပို့နိုင်ရေးအတွက် လိုအပ်ချက်များအား နှစ်နိုင်ငံအနေဖြင့် အချင်းချင်းပံ့ပိုး ဖြည့်ဆည်းပေးခဲ့မှုအပေါ် အပြန်အလှန်ကျေးဇူးတင်စကားပြောခဲ့ကြကြောင်း သိရသည်။

ကမ္ဘောဒီးယားအစိုးရသည်ကျောင်းသားများအပါအဝင် ကမ္ဘောဒီးယားနိုင်ငံသား ၆၀ ခန့်ကို ဇွန် ၁၂ ရက်တွင် စင်းလုံးငှားလေယာဉ်တစ်စင်းဖြင့် အိန္ဒိယနိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ ခေါ်ဆောင်လာမည်ဖြစ်ကြောင်း သိရသည်။ ထို့အတူ အိန္ဒိယအစိုးရသည်လည်း ကမ္ဘောဒီးယားနိုင်ငံ၌ နေထိုင်ကြသော အိန္ဒိယနိုင်ငံသား ၂၈၀ ခန့်ကို မကြာမီရက်များအတွင်း အိန္ဒိယနိုင်ငံသို့ ပြန်ခေါ်မည်ဖြစ်သည်။



ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်



အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ

သို့သော် ကမ္ဘောဒီးယားနိုင်ငံ၌ နေထိုင်ကြသော အိန္ဒိယနိုင်ငံသားတချို့သည် ဖနောင်ပင်မြို့မှ ယနေ့ထွက်ခွာသွားပြီး ကျန်တချို့သည် ဇွန် ၁၉ ရက်တွင် ကမ္ဘောဒီးယားမှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်သည်။

ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်တို့သည် ကမ္ဘောဒီးယားနှင့် အိန္ဒိယနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ကတိကဝတ်ပြုခဲ့ကြသလို အာဆီယံ-အိန္ဒိယ မူဘောင်အတွင်းအပါအဝင် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ခိုင်မာတောင့်တင်းစေရန် ကတိကဝတ်ပြုခဲ့ကြကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

## တရုတ်တောင်ပိုင်း၌ ရေကြီးရေလျှံမှုများကြောင့် လူ ၃၀ ခန့် သေဆုံး၊ အများအပြား နေရပ်စွန့်ခွာရ

**ပေကျင်း ဇွန် ၁၁**

တရုတ်နိုင်ငံတောင်ပိုင်းတွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ ဖြစ်ပွားမှုကြောင့် ပြည်သူများစွာ အိုးအိမ်မဲ့ဖြစ်ခဲ့ရပြီး အများအပြား သေဆုံးသို့မဟုတ် ပျောက်ဆုံးခဲ့ရကြောင်း နိုင်ငံပိုင်မီဒီယာများက ဖော်ပြခဲ့သည်။



ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေစဉ်ကာလအတွင်း လနှင့်ချီ ခရီးသွားလာမှု ကန့်သတ်ချက်များ ကြုံတွေ့ခဲ့ရသည့် နာမည်ကျော် ခရီးသွားနယ်မြေများတွင် ဆိုးရွားသောရာသီဥတုက အကြီးအကျယ်ထိခိုက်စေခဲ့ခြင်းဖြစ်သည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူ ၂၃၀၀၀၀ နီးပါးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပြီး အိမ်ပေါင်း ၁၃၀၀ ကျော် ပျက်စီးခဲ့ရကြောင်း အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနကို ကိုးကား၍ နိုင်ငံပိုင်သတင်းဌာန ဆင်ဟွာက ဖော်ပြခဲ့သည်။ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လူခြောက်ဦး သေဆုံးခဲ့ပြီး တစ်ဦးပျောက်ဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့သည်။ နာမည်ကျော် ကမ္ဘာလှည့်ခရီးသွားနယ်မြေ ယန်ရှောင်၌ လမ်းမကြီးများတွင် ရေလွှမ်းမိုးခဲ့ရာ ဒေသခံများ၊ ခရီးသွားများက ဝါးဖောင်များအသုံးပြု၍ဘေးလွတ်ရာရွှေ့ပြောင်းနေရကြောင်း သိရသည်။

ဟိုတယ်အလုံး ၁၀၀၀ ကျော် ရေနစ်မြုပ်ခဲ့ပြီး ကမ္ဘာလှည့်ခရီးသွားနယ်မြေ ၃၀ ကျော် ထိခိုက်ပျက်စီးခဲ့ရသည်။ ရေကြီးရေလျှံမှုများက ကိုဗစ်-၁၉ ကပ်ရောဂါဘေးသင့်ဒေသတွင်း ခရီးသွားလုပ်ငန်းအတွက် ထိုးနှက်ချက်တစ်ခု ဖြစ်လာခဲ့သည်။ ရေကြီးရေလျှံမှုများကြောင့် စီးပွားရေးအရ ဆုံးရှုံးမှုပမာဏမှာ ယွမ်လေးဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၅၅၀) ရှိခဲ့ဟု အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ဟူနန်ပြည်နယ်တွင် မိုးရွာသွန်းမှုနှင့်ဆက်စပ်သည့် ဘေးအန္တရာယ်များကြောင့် လူ ၁၃ ဦးထက်မနည်း သေဆုံးခဲ့ပြီး တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွမ်ကျိုးပြည်နယ်တွင် လူရှစ်ဦး ပျောက်ဆုံး သို့မဟုတ် သေဆုံးခဲ့ကြောင်း ဒေသန္တရအရေးပေါ်တုံ့ပြန်ရေးဌာနများ၏ ပြောကြားချက်အရ သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုများမှာ ယခုလအစတွင် စတင်ခဲ့ပြီး မြစ်အစင်း ၁၁၀ တွင် အန္တရာယ်ကြီးမားသော မြစ်ရေကြီးမှုများဖြစ်စေခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဆိုသည်။ လာမည့် ရက်အနည်းငယ်အတွင်း တရုတ်နိုင်ငံ တောင်ပိုင်းတစ်လျှောက် မိုးသက်မုန်တိုင်းများ ကျရောက်မည်ဟု မျှော်မှန်းရသည်။

**ကိုးကား-သည်ဂါးဒီးယန်း**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## ပါကစ္စတန် အတိုက်အခံပါတီခေါင်းဆောင်နှင့် နိုင်ငံရေးသမားအများအပြား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**အစ္စလာမ္မာဘတ် ဇွန် ၁၁**

ပါကစ္စတန်အမျိုးသားလွှတ်တော်မှ အတိုက်အခံပါတီခေါင်းဆောင် ရှာဘတ်ဇ်ရှာရစ်ဖ်နှင့် အခြားနိုင်ငံရေးသမား အများအပြားသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း ဒေသဆိုင်ရာမီဒီယာများက ယနေ့ဖော်ပြထားသည်။

ပါကစ္စတန်မွတ်ဆလင်အဖွဲ့ချုပ်-နာဝါဇ်ပါတီဥက္ကဋ္ဌ ရှာဘတ်ဇ်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ပြီးနောက် နေအိမ်၌ သီးခြားခွဲ၍ နေရကြောင်း ပါတီ၏ပြောရေးဆိုခွင့်ရှိသူ မာရီယမ်အော်ရန်ဇက်ဘ်က ယနေ့ပြောကြားသည်။

ထို့အပြင် အသက် ၆၉ နှစ်အရွယ် ရှာဘတ်ဇ်သည် ကင်ဆာဝေဒနာရှင်တစ်ဦးဖြစ်ပြီး လောလောဆယ် နေအိမ်၌ ဆရာဝန်များ၏ စောင့်ကြည့်မှုကို ခံယူလျက်ရှိကြောင်း၊ ၎င်းမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုခံခဲ့ရကြောင်း ပြသခြင်းသာရှိပြီး လောလောဆယ် ကျန်းမာရေးအခြေအနေ တည်ငြိမ်လျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ထပ်မံပြောကြားသည်။

ထို့အတူ ပါကစ္စတန် ပြည်ထဲရေးဝန်ကြီးဟောင်း အာရှန်အစ်ဘာလ်နှင့် လက်ရှိအာဏာရပါတီဖြစ်သည့် ပါကစ္စတန်-အီး-အင်ဆာ့ဖ်ပါတီဝင် ခူရ်ရမ်ရှာဇာမန်အပါအဝင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော အခြားနိုင်ငံရေးသမားအားလုံး၏ ကျန်းမာရေးအခြေအနေသည်လည်း တည်ငြိမ်လျက်ရှိပြီး ၎င်းတို့၏ နေအိမ်များတွင် သီးခြားခွဲ၍နေကြရန် တာဝန်ရှိသူများက ဆုံးဖြတ်ထားကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းတွင် နိုင်ငံရေးသမား ၄၆ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီး ၎င်းတို့အနက် တချို့သည် အဆိုပါ ရောဂါကြောင့် သေဆုံးခဲ့ကြောင်း ပါကစ္စတန်သိပ္ပံနှင့် နည်းပညာဝန်ကြီး ချောင်ဒါရီ ဖာဝတ်ဟူစိန်က ယမန်နေ့က ပြောကြားသည်။

လွှတ်တော်အမတ်များအကြား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်တက်လာခြင်းကြောင့် ပါကစ္စတန်အစိုးရသည် လာမည့်ဘတ်ဂျက်နှင့်ပတ်သက်၍ အောက်လွှတ်တော်၌ ဆွေးနွေးရန် နည်းဥပဒေသစ်တစ်ခုကို အတည်ပြုခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

## အပူဒဏ်ခံနိုင်သည့် နှာခေါင်းစည်းများ ဂျပန်ထုတ်လုပ်မည်



**တိုကျို ဇွန် ၁၁**

ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ကာကွယ်သည့်အနေဖြင့် ပြည်သူများက နှာခေါင်းစည်းများ ဝတ်ဆင်ကြရသဖြင့် နွေရာသီကာလတွင် အပူလျှပ်ခြင်းကဲ့သို့သော ကျန်းမာရေးဘေးဥပဒ်များ ဖြစ်ပေါ်လာမည်ကို ပြည်သူများက စိုးရိမ်လျက်ရှိသောကြောင့် အပူဒဏ်ကိုကာကွယ်နိုင်ပြီး အေးမြမှုကို ပေးစွမ်းနိုင်သည့် နှာခေါင်းစည်းများ ထုတ်လုပ်ရန် နိုင်ငံအတွင်းရှိ ကုမ္ပဏီများက ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

တိုကျိုမြို့၏ ယခုနှစ်အပူချိန်သည် အမြင့်မားဆုံးဖြစ်ကြောင်း ဇွန် ၁၀ ရက် တိုင်းထွာချက်အရ သိရသည်။ ထို့ပြင် အပူလျှပ်ရောဂါကြောင့် ဆေးရုံသို့ ပို့ဆောင်ပေးရသူ ၃၀ ခန့်ရှိသည်။

လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သော အိုင်ရစ်အိုယာမာက ရောဂါကာကွယ်ရေးအတွက်နွေရာသီကာလအတွင်း ဝတ်ဆင်ရန် သင့်တော်သည့် နှာခေါင်းစည်းများ ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်။ အိုင်ရစ်အိုယာမာကုမ္ပဏီက အပူဒဏ်ကို ခံနိုင်ရည်ရှိပြီး လေဝင်လေထွက်ကောင်းမွန်သော နှာခေါင်းစည်းများကို မကြာမီ ထုတ်လုပ်သွားမည် ဖြစ်သည်။ အဆိုပါနှာခေါင်းစည်းများသည် မူလနှာခေါင်းစည်းများထက် အပူချိန်ကို တစ်ဝက်နှုန်း လျှော့ချပေးမည်ဖြစ်သည်ဟု အိုင်ရစ်အိုယာမာကုမ္ပဏီက ဆိုသည်။

အလားတူ အားကစားပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ယိုနက်စ်သည် အပူဒဏ်ကို ခံနိုင်ရည်ရှိသည့် နှာခေါင်းစည်းများ ထုတ်လုပ်မည်ဖြစ်ပြီး ယင်းနှာခေါင်းစည်းများကို အားကစားပစ္စည်းများတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများဖြင့် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

### ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၇၄၉၆၆၃၁ ဦး

သေဆုံးသူ
၄၁၉၈၀၇ ဦး

ပြန်လည်ကျန်းမာလာသူ
၃၈၀၅၅၄၀ ဦး

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက် နှစ်သိန်းအထိ မြင့်တက်လာနိုင်ဖွယ်ရှိ

**ဝါရှင်တန် ဇွန် ၁၁**

အမေရိကန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် ဆက်လက်မြင့်တက်လာနိုင်ဖွယ်ရှိသည်ဟု ဟားဗက်တက္ကသိုလ်၏ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအင်စတီကျူအကြီးအကဲ အာရှီဂျာက စီအင်န်အင်န်သတင်းဌာနနှင့် အင်တာဗျူးတစ်ရပ်၌ ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုသည် စက်တင်ဘာလတွင် ယခုထက်ပိုမိုများပြားလာဖွယ်ရှိသည့်အပြင် သေဆုံးမှုအရေအတွက်သည်လည်း နှစ်သိန်းခန့်မြင့်တက်လာနိုင်ကြောင်း အာရှီဂျာက ဆိုသည်။ လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်သည် နှစ်သန်းကျော်အထိ မြင့်တက်လျက်ရှိနေစဉ် ဒေသန္တရအစိုးရအဖွဲ့များက ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ ဖြေလျှော့လျက်ရှိသည့်အတွက် ခန့်မှန်းပြောကြားခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

ယမန်နေ့ စစ်တမ်းများအရ အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၂၇၅၄ ဦးရှိပြီး အဆိုပါသေဆုံးမှုအရေအတွက်သည် ကမ္ဘာ့နိုင်ငံများတွင် အမြင့်မားဆုံးဖြစ်သည်။

အမေရိကန်နိုင်ငံသည် ဗိုင်းရပ်စ်ကူးစက်မှု ထိန်းချုပ်နိုင်သည့်အခြေအနေကို ရောက်ရှိခြင်းမရှိသေးဘဲ ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ ပြန်လည်ဖြေလျှော့ပေးခြင်းသည် ဗိုင်းရပ်စ်ကူးစက်မှုကို ပိုမိုဖြစ်ပွားစေရန် တွန်းအားပေးလျက်ရှိသည်ဟု အာရှီဂျာက ဆိုသည်။

ဗိုင်းရပ်စ်ကူးစက်မှုကို ထိန်းချုပ်နိုင်သည့် အဆင့်ဆိုသည်မှာ အနည်းဆုံး ၁၄ ရက်တိုင် ၅ ရာခိုင်နှုန်းခန့်သာ ဗိုင်းရပ်စ်ပိုးကူးစက်မှုတွေ့ရှိသည့်အခြေအနေကို ဆိုလိုခြင်းဖြစ်သည်။

မကြာသေးမီရက်များအတွင်း အမေရိကန်ပြည်နယ်အများအပြား၌ ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် သိသိသာသာ မြင့်မားလာသည်ကို တွေ့မြင်ရပြီး အာဏာပိုင်များကလည်း ဗိုင်းရပ်စ်ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့ပေးခြင်းမှာ အချိန်အားဖြင့်စောလွန်းသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

နယူးမက္ကစီကို ယူတာပြည်နယ်တွင် လွန်ခဲ့သော ရက်သတ္တပတ်အတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ၄၀ ရာခိုင်နှုန်း မြင့်တက်လာပြီး ဖလော်ရီဒါနှင့် အာကန်ဆက်စ်ပြည်နယ်များတွင်လည်း ကူးစက်မှုနှုန်း



မြင့်မားလာသည်ဟု အာရှီဂျာက ဆိုသည်။

ယင်းသို့ ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခြင်းမှာ နိုင်ငံအတွင်း၌ ခရီးသွားလာခွင့်များဖြေလျှော့ခဲ့ပြီးနောက် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လာကြခြင်းကြောင့် ဖြစ်သည်ဟု အာရှီဂျာက ထောက်ပြပြောကြားခဲ့သည်။

**ကိုးကား-စီအင်န်အင်န်**
**ဘာသာပြန်-အောင်ကျော်ကျော်**

# နိုင်ဂျီးရီးယားနိုင်ငံ၌ စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ ၆၉ ဦးသေဆုံး



**ကိုနို(နိုင်ဂျီးရီးယား) ဇွန် ၁၁**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ဘက် ဘော်နိုပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် အိုင်အက်စ်စစ်သွေးကြွအုပ်စုနှင့် ဆက်နွှယ်သော စစ်သွေးကြွများက တိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့ရာ ဒေသခံပြည်သူ ၆၉ ဦး သေဆုံးခဲ့ကြောင်း လုံခြုံရေးသတင်းရင်းမြစ်နှင့် ဒေသခံပြည်သူများက ယမန်နေ့က ပြောကြားသည်။

အနောက်အာဖရိက ဒေသဆိုင်ရာ အိုင်အက်စ်အုပ်စုမှ စစ်သွေးကြွများဟု ယူဆရသော တိုက်ခိုက်ရေးသမားများသည် နိုင်ငံ၏ အရှေ့မြောက်ဘက် ဝေးလံခေါင်သီသော ဖီလိုကျေးရွာသားများကို ယမန်နေ့က တရစပ်ပစ်ခတ်ခဲ့ပြီး မော်တော်ယာဉ်များဖြင့် ကြိတ်သတ်ခဲ့ကြောင်း သိရသည်။

တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် အဆိုပါကျေးရွာ၌ အလောင်း ၁၀ လောင်းကို ထပ်မံတွေ့ရှိခဲ့ရာ သေဆုံးသူဦးရေ ၅၉ ဦးမှ ၆၉ ဦးအထိ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း အဆင့်မြင့် တပ်မတော်အရာရှိတစ်ဦးက ပြောကြားသည်။

စစ်သွေးကြွများသည် ကျေးရွာ၏ အပြင်ဘက်ရှိ ရေတွင်းတစ်ခု၌ ၎င်းတို့ပိုင်နွားများအား စောင့်ကြည့်နေကြသော အမျိုးသားများနှင့် ကလေးများအပါအဝင် လူ ၆၉ ဦးကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါနေရာသည် ကွင်းပြင်ကြီးဖြစ်ပြီး ပုန်းခိုရန် နေရာမရှိသဖြင့် ရွာသားများအနေဖြင့် ထွက်ပြေး၍မရနိုင်ကြောင်း ကျေးရွာလူကြီးတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ဘက် ဘော်နိုပြည်နယ်သည် စစ်သွေးကြွများ၏ တိုက်ခိုက်မှုဒဏ်ကို ဆယ်စုနှစ်တစ်စုကြာ ခံခဲ့ရပြီး စစ်သွေးကြွများ၏ တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူ ၃၆၀၀၀ ထက်မနည်း သေဆုံးခဲ့ကာ နှစ်သန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သိရသည်။

အနောက်အာဖရိကဒေသဆိုင်ရာ အိုင်အက်စ်အုပ်စုသည် ဘိုကိုဟာရမ်စစ်သွေးကြွအုပ်စုမှ ၂၀၁၆ ခုနှစ်က ခွဲထွက်သွားသည့် စစ်သွေးကြွအုပ်စုဖြစ်သည်။ အဆိုပါအဖွဲ့သည် လွန်ခဲ့သည့် နှစ်နှစ်မှစ၍ နိုင်ဂျီးရီးယားအစိုးရတပ်ဖွဲ့အပေါ် တိုက်ခိုက်မှု အရှိန်မြှင့်လုပ်ဆောင်လာခဲ့ပြီး အစိုးရတပ်ဖွဲ့ဝင်များအပေါ် သေစေနိုင်သည့် တိုက်ခိုက်မှု အကြိမ်ပေါင်းများစွာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖီလိုကျေးရွာသည် ဘော်နိုပြည်နယ်၏ မြို့တော်မိုင်ဒူဂူရီမှ ကီလိုမီတာ ၈၀ ခန့်အကွာတွင် တည်ရှိပြီး စစ်သွေးကြွများက မကြာခဏ ပစ်မှတ်ထားတိုက်ခိုက်သည့်ဒေသဖြစ်သည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - စိုးသူရ**

# အီသီယိုးပီးယား၊ လစ်ဗျားအရေး အမေရိကန်နှင့် အီဂျစ်သမ္မတတို့ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

**ကိုင်ရို ဇွန် ၁၁**

အီဂျစ်သမ္မတ အဗ္ဗယ်လ်ဖာတာအယ်လ်စီစီနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် ဇွန် ၁၀ ရက်က တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြရာ နိုင်းမြစ်တွင် တည်ဆောက်ထားသည့် အီသီယိုးပီးယားနိုင်ငံ၏ ရေကာတာအကြောင်းနှင့် လစ်ဗျားပဋိပက္ခ၏ နောက်ဆုံးအခြေအနေကို အဓိကထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အယ်လ်စီစီနှင့် ထရမ့်တို့သည် ဆက်သွယ်ဆွေးနွေးစဉ် အီသီယိုးပီးယားရေကာတာ၏ လက်ရှိအခြေအနေနှင့် အီဂျစ်၊ အီသီယိုးပီးယားနှင့် ဆူဒန်နိုင်ငံတို့အကြား ဆက်ဆံရေးဆိုင်ရာ ဆွေးနွေးမှုများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း အီဂျစ်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဘာဆမ်ရာဒီက ပြောကြားသည်။

အီသီယိုးပီးယားနိုင်ငံက ရေအားလျှပ်စစ်စီမံကိန်းအတွက် ဆောက်လုပ်ထားသည့် ကြီးမားသော ရေကာတာထဲ မြစ်ရေဖြည့်သွင်းရေးနှင့် ရေကာတာလုပ်ငန်းလည်ပတ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ လွန်ခဲ့သည့် နှစ်အနည်းငယ်က ပြုလုပ်ခဲ့သည့် သုံးပွင့်ဆိုင်ဆွေးနွေးမှုများသည် အသီးအပွင့် တစ်စုံတစ်ခုမျှ မဖြစ်ထွန်းဘဲ အဆုံးသတ်ခဲ့သည်။

သုံးပွင့်ဆိုင် သဘောတူမှုမရရှိမီ ရေကာတာထဲ မြစ်ရေဖြည့်သွင်းမှုနှင့် ပတ်သက်၍ မည်သည့်တစ်ဖက်သတ်လုပ်ဆောင်မှုမှ မပြုလုပ်ရန် အီဂျစ်အစိုးရက အီသီယိုးပီးယားအစိုးရကို ယမန်နေ့ အစောပိုင်းက ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် အယ်လ်စီစီနှင့် ထရမ့်တို့သည် လစ်ဗျားပဋိပက္ခနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြသည်။

လစ်ဗျားနိုင်ငံအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအား ထောက်ခံအားပေးခြင်းနှင့် လစ်ဗျားနိုင်ငံအတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် လစ်ဗျားပြည်သူများ၏ လိုအင်ဆန္ဒကို အသက်သွင်းခြင်းအားဖြင့် နိုင်ငံအတွင်း ပဋိပက္ခများကို နိုင်ငံရေးအရ အဖြေရှာပြီး အဆုံးသတ်ရန် အီဂျစ်အစိုးရ၏ ကြိုးပမ်းလုပ်ဆောင်မှုအပေါ် ထရမ့်က ကြိုဆိုကြောင်း သိရသည်။

လစ်ဗျားနိုင်ငံ ခေါင်းဆောင်ဟောင်း မွမ်မာကဒါဖီအား ရာထူးမှ ဖြုတ်ချခံရပြီးနောက် ပြည်တွင်းစစ်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



နိုင်းမြစ်တွင် တည်ဆောက်ထားသည့် အီသီယိုးပီးယားနိုင်ငံ၏ ရေကာတာကို တွေ့ရစဉ်။



# ယူကရိန်း၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၈၉ ဦး စံချိန်တင် စမ်းသပ်တွေ့ရှိ

**ကီယက်ဗ် ဇွန် ၁၁**

ယူကရိန်းနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၈၉ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိခဲ့ချိန်ကတည်းက တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း အများဆုံးဖြစ်လာကြောင်း ယူကရိန်းကျန်းမာရေးဝန်ကြီး မာ့ခ်ဆိမ်စတီပါနော့ဗ်က ယနေ့ ပြောကြားသည်။

"ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအခြေအနေ အဆိုးရွားဆုံးနဲ့ အခက်ခဲဆုံးဖြစ်တဲ့ ဧပြီလမှာ တစ်ရက်အတွင်း လူ ၆၈၉ ဦး ကူးစက်ခံခဲ့ရတယ်။ ဒီလိုစံချိန်ချိုးခဲ့တာမျိုးကို တစ်ခါမှ ကျွန်တော်တို့ မကြုံဖူးပါဘူး"ဟု ကျန်းမာရေးဝန်ကြီး မာ့ခ်ဆိမ်စတီပါနော့ဗ်က နေ့စဉ် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ယနေ့ ပြောကြားသည်။

လက်ရှိအချိန်အထိ ယူကရိန်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၀၇၀ ရှိပြီး ၎င်းတို့အနက် ၈၅၄ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း၊ ရောဂါကူးစက်ခံရသူ ၁၃၁၄၁ ဦးသည် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ နယ်မြေခံတပ်မှ အရာရှိတစ်ဦးနှင့် စစ်သည်တစ်ဦးတို့အား ပုဏ္ဏားကျွန်းမြို့ မြို့သစ်ဈေး၌ အမျိုးသား ရှစ်ဦးခန့်က ဓားနှင့် သံတုတ်များဖြင့် ဝိုင်းဝန်းထိုးနှက်ရိုက်ပုတ်ပြီး စစ်သည်အား ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် ဇွန် ၁၁**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ နယ်မြေခံတပ်မှ အရာရှိတစ်ဦးနှင့် စစ်သည်တစ်ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပုဏ္ဏားကျွန်းမြို့ မြို့သစ်ဈေးသို့ ဈေးဝယ်ရန် သွားရောက်စဉ် အမျိုးသား ရှစ်ဦးခန့်က ၎င်းတို့နှစ်ဦးအား ဓားနှင့် သံတုတ်များဖြင့် ဝိုင်းဝန်းထိုးနှက်ရိုက်ပုတ်ပြီး စစ်သည်အား ဖမ်းဆီးခေါ်ဆောင်ခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ ပုဏ္ဏားကျွန်းမြို့ နယ်မြေခံတပ်မှ အရာရှိတစ်ဦးနှင့် စစ်သည်တစ်ဦးတို့သည် ယနေ့နံနက် ၇ နာရီခွဲခန့်တွင် ဈေးဝယ်ရန် မြို့သစ်ဈေးသို့ အရပ်ဝတ်ဖြင့် ဆိုင်ကယ်စီးနင်း၍ သွားရောက်ခဲ့ကြောင်း၊ မြို့သစ်ဈေးအနီး အေးစေတီလမ်းဆုံ၌ ဆိုင်ကယ်ရပ်နား၍ ဈေးဝယ်ရန် ပြင်ဆင်နေစဉ် ရုတ်တရက် အမျိုးသား ရှစ်ဦးခန့်ရောက်ရှိလာပြီး တစ်ဦးမှ အရာရှိအား ဓားဖြင့် ထိုးရာ အရာရှိမှ ပြန်လည်ခုခံ၍ ပါလာသည့်ပစ္စတိုသေနတ်ဖြင့် ထုတ်ချိန်စဉ် ကျန် ခုနစ်ဦးခန့်က သံတုတ်များဖြင့် အရာရှိနှင့် စစ်သည်အား ဝိုင်းဝန်းရိုက်နှက်ခဲ့ကြောင်း။

ပတ်ဝန်းကျင်မှ အရပ်သားများ ဝိုင်းအုံလာသဖြင့် ခုခံရန်းကန်နေသော အရာရှိထံမှ ပစ္စတိုသေနတ်ကိုလုယူပြီး အရိုက်ခံရသဖြင့် လဲကျမေ့မြောနေသော စစ်သည်အား ဖမ်းဆီးခေါ်ဆောင်ကာ ဆိုင်ကယ် ငါးစီးဖြင့် ထွက်ပြေးသွားခဲ့ကြောင်း၊ အဆိုပါအရာရှိတွင် ဓားထိုးခံရခြင်း၊ သံတုတ်ဖြင့် ရိုက်နှက်ခံရခြင်းတို့ကြောင့် မစိုးရိမ်ရ ဒဏ်ရာရရှိသဖြင့် လိုအပ်သော ဆေးကုသမှုခံယူစေလျက်ရှိကြောင်း။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများသည် AA အကြမ်းဖက်သောင်းကျန်းသူများ၊ ယင်းတို့နှင့်ဆက်စပ်ပတ်သက်သူများ ဖြစ်နိုင်ပြီး ပုဏ္ဏားကျွန်းမြို့မရဲစခန်း၌ လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေးနှင့် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသည့် စစ်သည်အား ပြန်လည်ရရှိရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**



# ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်း(အလယ်)၌ နေအိမ်တိုက်ခန်း မီးဖိုချောင်ခန်း ပြိုကျမှုဖြစ်

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်း(အလယ်)၌ နေအိမ်တိုက်ခန်းမှ မီးဖိုချောင်ခန်းပြိုကျမှုဖြစ်စဉ် ယနေ့မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်က ပန်းဘဲတန်းမြို့နယ် အမှတ်(၄) ရပ်ကွက် ကုန်ဈေးတန်းလမ်း အမှတ်(၂၄၈) တတိယထပ်နေ ဒေါ်ဥမ္မာသက်၏ နေအိမ်တိုက်ခန်း မီးဖိုချောင်ခန်း အလျား ၁၅ ပေ၊ အနံ ၈ ပေခန့်ရှိ ကွန်ကရစ်ကြမ်းခင်းမှာ ဒုတိယထပ်သို့ ပြိုကျခဲ့ခြင်းဖြစ်ပြီး မီးဖိုချောင်သုံးပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မွန်းလွဲ ၃ နာရီ ၂၂ မိနစ်အထိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းပြိုကျမှုဖြစ်စဉ်ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပညာရှင်များက အဆိုပါ အဆောက်အအုံအား စစ်ဆေး၍ လူနေထိုင်ရန် သင့်၊ မသင့်ကို ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပွင့်သစ္စာ**

# မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၁**

သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၇ ရက်မှ ၉ ရက်အတွင်း ဂန့်ဂေါမြို့နယ် လောင်ထောင်ကြိုးဝိုင်း အကွက်အမှတ်(၁၉)အတွင်း တရားမဝင်ကျွန်းသစ် ခြောက်တန်၊ လောင်ထောင်ကြိုးဝိုင်း အကွက်အမှတ်(၂၁)အတွင်း တရားမဝင်ကျွန်းသစ် ကိုးတန်၊ မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ်(၁၀/၄) နှင့် (၁၀/၅) ကြား ယာဉ်ပေါ်မှ တရားမဝင် ပျဉ်းကတိုး/ အင်ခွဲသား ခုနစ်တန်၊ ကလေးဝမြို့နယ် မြစ်သာမြစ်အတွင်း စက်လှေငယ် နှစ်စင်းနှင့်အတူ တရားမဝင်အင်ခွဲသား ၁၂ တန်၊ ဟုမ္မလင်းမြို့နယ် မှိုတောက်ကြိုးဝိုင်းအတွင်း တရားမဝင် အင်သစ်/ခွဲသား ၁၁ တန်နှင့်အတူ ချိန်းဆော တစ်လက်၊ အင်ဂျင်တစ်လုံးနှင့်ဆက်စပ်ပစ္စည်းများ၊ အင်းတော်မြို့နယ် ပါအော့ကျေးရွာအနီး တပ်လှင်ကြိုးဝိုင်း(၆၅) အတွင်း တရားမဝင်ကျွန်းသစ် ခုနစ်တန်၊ မော်လိုက်မြို့နယ် မော်ကူးကြိုးဝိုင်းအကွက်(၈၀၊ ၈၁)အတွင်း တရားမဝင် ကျွန်းသစ်/ခွဲခြမ်း ၁၃ တန်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် မုံရွာမြို့နယ် နန္ဒဝန်ရပ်ကွက် နယ်မြေ(၇) သစ္စာလမ်း ရွှေအိမ်စံကုန်စည်ပို့ဆောင်ရေး(ဂိတ်/အဆောက်အအုံ)အတွင်းမှ ကျွန်း/အင်ခွဲသား ရှစ်တန်နှင့် ပြစ်မှုကျူးလွန်သူ တစ်ဦး၊ ကျောက်တံခါးမြို့နယ် ပဲခူးနယ်ကုန်းမြို့ တောင်သလဲပင်ရွာအနီးမှ ကျွန်း/မျောက်ငို/ပျဉ်းကတိုး ခွဲသား ၁၁ တန်၊ အင်ဂျင် တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦး၊ နမ့်စန်-လွိုင်လင်သွားကားလမ်းဘေး ဝမ်ပုံကျေးရွာအုပ်စု ဟိုဦးကျေးရွာအထွက် လေးဘီးယာဉ်ပေါ်မှ တရားမဝင်ကျွန်းပြတင်း/တံခါးချပ် ၈၄ချပ်၊ တစ်တန်နှင့် ပြစ်မှုကျူးလွန်သူ တစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာ ရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းသောယာဉ်များအား အရေးယူ

**နေပြည်တော် ဇွန် ၁၁**

အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၉ ရက်ညနေ ၅ နာရီမှ ယမန်နေ့ ညနေ ၅ နာရီအထိ ယာဉ်စည်းကမ်းစစ်ဆေးခြင်းများ ဆောင်ရွက်စဉ် ရန်ကုန်-မန္တလေး အမြန်လမ်း လှည်းကူးမြို့နယ် အမှတ်(၃) လမ်းဆုံတိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ် နှစ်စီး၊ နေပြည်တော်တိုးဂိတ်၌ ကိုးစီး၊ သီးကုန်းတိုးဂိတ်၌ သုံးစီး၊ စကားအင်းတိုးဂိတ်၌ နှစ်စီး စုစုပေါင်း ယာဉ် ၁၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ ယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့မည်ဖြစ်ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မိုးညှင်းမြို့နယ်၌ ယာဉ်တိမ်းမှောက်၍ တစ်ဦးသေ၊ ကိုးဦး ဒဏ်ရာရ

**နေပြည်တော် ဇွန် ၁၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ ယမန်နေ့ မွန်းတည့် ၁၂ နာရီက ယာဉ်တိမ်းမှောက်၍ တစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဟိုပင်မြို့မှ ညောင်ပင်ကျေးရွာသို့ စိုင်းစိုး မောင်းနှင်ပြီး ဒေါ်မြမြဝင်းပါ ၁၀ ဦးလိုက်ပါလာသော Hijet ယာဉ်သည် မိုးညှင်းမြို့နယ် အင်းတော်ကြီးမြို့ အုပ်ချုပ်ရေးမှူးရုံး အနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိအမှတ်အသားပြဆိုင်းဘုတ်တိုင်အား ဝင်တိုက်မိ၍ လမ်း၏ဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ဒေါ်မြမြဝင်းသည် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ကျန် ကိုးဦးတွင် ဒဏ်ရာများ ရရှိခဲ့သည်။ ယာဉ်မောင်း စိုင်းစိုးအား လုံးတုံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇွန် ၁၃ ရက် (စနေနေ့)၌ ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် သဘာဝသစ်တော သစ်ပင်များကို ထိန်းသိမ်းဖို့ရာ အလေးထားဆောင်ရွက်သင့်ပုံအကြောင်းနှင့် ငါးများ မျိုးသုဉ်းမသွားစေရန် သတိပြုဆင်ခြင်သင့်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "ဒီရေတောကအပြန်" မျက်နှာဖုံး ကာတွန်း၊ မြန်မာလူမျိုးတို့၏ အရသာရှိသော ဟင်းလျာတစ်မျိုးဖြစ်သည့် မှိုဟင်းအကြောင်းကို ဗဟုသုတဖြစ်ဖွယ်တင်ဆက်ထားသည့် "မှိုအကြောင်း သိကောင်းစရာ" သုတဆောင်းပါး၊ ပုပုတို့သူငယ်ချင်းတစ်စု၏ ကြက်ခြေနီ ရှေးဦးပြုစုနည်းဖြင့် သတိလစ်နေသော ပေစိ၏ အမေအား ပြုစုကုသပေးခဲ့ပုံအကြောင်းကို တင်ဆက်ထားသည့် "ပုပုပါဝင်သည့် သိပါလေစ" နှစ်မျက်နှာ ကာတွန်း၊ မိဘစကားနားထောင်သော ဖိုးသက်သည် သူ့မိခင်၏ ဆုံးမသွန်သင်လမ်းပြမှုများအပေါ် လေးစားဂုဏ်ယူမိပုံအကြောင်းကို ရေးဖွဲ့ထားသည့် ဝတ္ထုကြက္ကာအပါအဝင် ရွှေသွေးစကားဝိုင်းကဏ္ဍ၊ ကျန်းမာရေးအသိပေးချက် ကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရသည်။




**သတင်းစဉ်**

❒ ကျောဖုံးမှ

၎င်းတို့အနက် (၁၅၀) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၀-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၁-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၈) ဦး ရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၁-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁၁) ဦး | (၂၆၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၆၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၁၁-၆-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု**
**ည (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 250 | 26 နှစ် | ကျား | ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | ရှိ (ဘင်္ဂလားဒေ့ရှ်) | ပြည်သူ့ဆေးရုံ၊ ဘူးသီးတောင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘူးသီးတောင်မြို့နယ်) |
| 251 | 70 နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ဒဂုံမြို့နယ်) |
| 252 | 15 နှစ် | ကျား | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဗိုလ်တထောင်မြို့နယ်) |
| 253 | 10 နှစ် | မ | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 254 | 22 နှစ် | မ | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 255 | 17 နှစ် | မ | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဗိုလ်တထောင်မြို့နယ်) |
| 256 | 28 နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 257 | 24 နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 258 | 14 နှစ် | မ | မင်္ဂလာတောင်ညွန့်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 259 | 15 နှစ် | မ | မင်္ဂလာတောင်ညွန့်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 260 | 67 နှစ် | မ | မင်္ဂလာတောင်ညွန့်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | |

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၁-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၁၀-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးမှုများပြုလုပ်ရာတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၅၅၄)ခုနှင့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL - MDY)မှ ဓာတ်ခွဲနမူနာ (၂၇၄)ခု၊ စုစုပေါင်း (၈၂၈) ခုအား (၁၁-၆-၂၀၂၀) ရက်နေ့၊ နံနက် အစောပိုင်းတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ (၁၁-၆-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၄၉) ဦးရှိပါသည်။

၃။ (၁၀-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးမှုများပြုလုပ်ရာတွင်

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁၁၀၇)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၅၅)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL-MDY)မှ ဓာတ်ခွဲနမူနာ (၂၇၄)ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၇၇)ခု၊
- စုစုပေါင်း ဓာတ်ခွဲနမူနာ (၁,၆၁၃)ခုအား စစ်ဆေးခဲ့ပါသည်။

**(၁၀-၆-၂၀၂၀) ရက်နေ့ COVID-19 ဓာတ်ခွဲစစ်ဆေးမှုများတွင် ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု**
**(၁၁-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့်ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 249 | ၂၄ နှစ် | မ | မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး ဗန်းမော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၁-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၀-၆-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ (ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၅၄) ခု |
| (၁၀-၆-၂၀၂၀) ရက်နေ့အတွက် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ် | (၁) ဦး |

(၁၀-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်ရာတွင်- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ဓာတ်ခွဲနမူနာ (၁၁၀၇)ခု၊ ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၅၅)ခု၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL-MDY)မှ ဓာတ်ခွဲနမူနာ (၂၇၄)ခုနှင့် ရန်ကုန်မြို့၊ အမှတ်(၁)တပ်မတော်ဆေးရုံကြီး၊ ခုတင်(၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၇၇)ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၁၆၁၃)ခုအား စစ်ဆေးခဲ့ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဝန်ထမ်းများ၊ ဖူဆယ်ကလပ်အသင်းများမှ ကစားသမားများနှင့် ဒိုင်လူကြီးများအတွက် လှူဒါန်း

**ရန်ကုန် ဇွန် ၁၁**

ဧရာဝတီဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဝန်ထမ်းများ၊ ဖူဆယ်ကလပ်အသင်းများမှ ကစားသမားများနှင့် ဒိုင်လူကြီးများအတွက် ဆန်နှင့် အစားအသောက်များ ဒုတိယအကြိမ် လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီဥက္ကဋ္ဌ ဒေါက်တာရဲမွန်ထွဋ်နှင့် ဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်တို့က ဖူဆယ်ကလပ်အသင်းများမှ ကစားသမား ၂၇၅ ဦး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဝန်ထမ်း ၂၂၉ ဦးနှင့် ဒိုင်လူကြီး ၄၀ တို့အား ဆန်၊ ဆီနှင့် ငါးသေတ္တာဘူးများ ပေးအပ်လှူဒါန်းခဲ့သည်။

**ပေးအပ်လှူဒါန်း**

ထို့ပြင် ယနေ့တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မီဒီယာနှင့် သတင်းဆက်သွယ်ရေးကော်မတီနှင့် ဧရာဝတီဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ သက်ကြီးအားကစားမီဒီယာနှင့် အားကစားသတင်းထောက် ၁၃၈ ဦးအား ဆန်နှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် တည်ထောင်ထားသည့် ဧရာဝတီဖောင်ဒေးရှင်းအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်လျက်ရှိပြီး ငွေကြေးနှင့် ဆေးဝါးများ၊ ကုသရေးစက်ပစ္စည်းများ၊ ဆန်နှင့် ထောက်ပံ့ပစ္စည်းများ၊ အခြားလိုအပ်သည့် ကူညီပံ့ပိုးမှုများကို ဆေးရုံများနှင့် အကူအညီ လိုအပ်နေသည့် နေရာဒေသအသီးသီးသို့ လှူဒါန်းမှုများ ပြုလုပ်လျက်ရှိသည်။

သတင်း-ရဲရင့်ရှိန်း
ဓာတ်ပုံ-MFF




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာရဲမွန်ထွဋ်က ဆန်နှင့်အစားအသောက်များ ပေးအပ်လှူဒါန်းစဉ်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှမ်း၊ လားဟူ၊ လားဟူရှီ၊ ဝ၊ အာခါ၊ လွယ်၊ အဲန် တိုင်းရင်းသားများနေထိုင်ရာဒေသများသို့ စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့

**ကျိုင်းတုံ ဇွန် ၁၁**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်း၊ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်နှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီဝင်များ၊ ပရဟိတအဖွဲ့ဝင်များသည် ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ရှမ်း၊ လားဟူ၊ လားဟူရှီ၊ ဝ၊ အာခါ၊ လွယ်၊ အဲန် စသည့် တိုင်းရင်းသားများနေထိုင်ရာဒေသများသို့ သွားရောက်၍ အခြေခံပြည်သူများအား ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ပါဝင်သည့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းသို့သွားရောက်ထောက်ပံ့လှူဒါန်းရာ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုင်းတုံမြို့ ဓမ္မောဒယစာသင်တိုက်သို့လည်းကောင်း၊ ဟိုခုံကျောင်းတိုက်သို့ လည်းကောင်း ရောက်ရှိပြီး ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်




လှူဒါန်းခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှမ်းချယ်ရီပရဟိတကျောင်းသို့ ရောက်ရှိကာ အဲန်၊ လားဟူ၊ အာခါ၊ လွယ်၊ ရှမ်း စသည့် တိုင်းရင်းသားကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီကို ပေးအပ်လှူဒါန်းပြီး ရှမ်းချယ်ရီပရဟိတကျောင်းအတွက် ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ် သိန်း ၂၀၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းက ငွေကျပ်သိန်း ၃၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

**ထောက်ပံ့ပေးအပ်**

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကထောင်ကျေးရွာသို့ ရောက်ရှိပြီး အဲန်၊ လားဟူ၊ အာခါ၊ ရှမ်းတိုင်းရင်းသား အခြေခံပြည်သူများ၊ ဂျိုးဖြူကျေးရွာမှ "ဝ" တိုင်းရင်းသားအခြေခံပြည်သူများနှင့် မိုင်းခွန်ကျေးရွာမှ လားဟူ၊ လားဟူရှီ၊ အာခါတိုင်းရင်းသားအခြေခံပြည်သူများကို စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြသည်။ ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗုဒ္ဓဥယျာဉ်သို့ ရောက်ရှိပြီး ဝစီပိတ်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဟဲဟိုးမြို့မှထွက်ရှိသည့် ဂေါ်ဖီထုပ်များအား မကွေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်က ဖြန့်ဖြူးရောင်းချ

**ဟဲဟိုး ဇွန် ၁၁**

ရှမ်းပြည်နယ် ဟဲဟိုးမြို့ရှိ တောင်သူများစိုက်ပျိုးသော သီးနှံထွက်ကုန်များသည် ကိုဗစ်-၁၉ ကာလအတွင်း ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးရောင်းချရန် အခက်အခဲဖြစ်နေချိန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (အရှေ့ပိုင်း)သမဝါယမအသင်းစုချုပ်လီမိတက်နှင့် ချိတ်ဆက်ဆောင်ရွက်၍ ဟဲဟိုးမြို့ရှိ သီးနှံစိုက်တောင်သူများထံမှ ဂေါ်ဖီထုပ် ပိဿာချိန် ၁၀၀၀၀ အား ဝယ်ယူ၍ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေနံချောင်း၊ ချောက်၊ တောင်တွင်းကြီး၊ နတ်မောက်၊ မြို့သစ်၊ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ မင်းလှ၊ ဆိပ်ဖြူမြို့နယ်များရှိ အခြေခံသမဝါယမအသင်းသား ပြည်သူများထံသို့ ဂေါ်ဖီထုပ်တစ်ထုပ်လျှင် ဒေသပေါက်ဈေး ငွေကျပ် ၅၀၀ ဖြစ်သော်လည်း သမဝါယမမှ အမြတ်အစွန်းမယူဘဲ သယ်ယူပို့ဆောင်ခအပြီး ၁၈၅ ကျပ်နှုန်းဖြင့်သာ ပြန်လည်၍ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






## ကန်ကြီးထောင့်မြို့နယ် သမဝါယမအသင်းစုမှ အခြေခံစားကုန်များအား ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

**ကန်ကြီးထောင့် ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် သမဝါယမအသင်းစုမှ ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းလတ်ဆတ်သော အခြေခံစားကုန်များအား ဈေးနှုန်းချိုသာစွာ ရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ကန်ကြီးထောင့်မြို့နယ်သမဝါယမဦးစီးဌာနရုံး ကန်ကြီးထောင့်စတိုးသမဝါယမအသင်းဆိုင်၊ ဒါးကကျေးရွာ ခိုင်ရတနာစတိုးသမဝါယမအသင်းဆိုင်နေရာများတွင် ဇွန် ၅ ရက်မှ စတင်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းသားများအား အတိုးမပါ ကုန်ကြွေးအရစ်ကျဆပ်စနစ်ဖြင့်လည်း ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၇၀ ဆက်လက်ဝင်ရောက်

**မြဝတီ ဇွန် ၁၁**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၇၀ သည် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့တွင် ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြန်လည်ဝင်ရောက်**

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်တွင် ၆၀၊ မေ ၂ ရက်တွင် ၅၄ ဦး၊ မေ ၃ ရက်တွင် တစ်ဦး၊ မေ ၄ ရက်တွင် ၄၄ ဦး၊ မေ ၅ ရက်တွင် ၂၃ ဦး၊ မေ ၈ ရက်တွင် ၁၀၀၊ မေ ၁၀ ရက်တွင် ၄၄ ဦး၊ မေ ၁၁ ရက်တွင် ၁၃ ဦး၊ မေ ၁၂ ရက်တွင် ၄၁ ဦး၊ မေ ၁၃ ရက်တွင် ၁၆ ဦး၊ မေ ၁၄ ရက်တွင် ၃၈ ဦး၊ မေ ၁၅ ရက်တွင် ၁၂၀ ၊ မေ ၁၆ ရက်တွင် ၇၆ ဦး၊ မေ ၁၇ ရက်တွင် ၉၀၊ မေ ၁၉ ရက်တွင် ၆၄ ဦး၊ မေ ၂၂ ရက်တွင် ၃၆ ဦး၊ မေ၂၃ ရက်တွင် ၆၀၄ ဦး၊ မေ ၂၄ ရက်တွင် ၁၁၁၈ ဦး၊ မေ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ မေ ၂၆ ရက်တွင် ၁၃၉၄ ဦး၊ မေ ၂၇ ရက်တွင် ၁၄၃၄ ဦး၊ မေ ၂၈ ရက်တွင် ၁၁၆၈ ဦး၊ မေ ၂၉ ရက်တွင် ၁၂၀၂ ဦး၊ မေ ၃၀ ရက်တွင် ၁၁၅၂ ဦး၊ မေ ၃၁ ရက်တွင် ၁၅၁၁ ဦး၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ဇွန် ၂ ရက်တွင် ၁၅၁၇ ဦး၊ ဇွန် ၃ ရက်တွင် ၁၅၄၇ ဦး၊ ဇွန် ၄ ရက်တွင် ၁၂၀၄ ဦး၊ ဇွန် ၅ ရက်တွင် ၁၁၉၀၊ ဇွန် ၆ ရက်တွင် ၁၇၈၄ ဦး၊ ဇွန် ၇ ရက်တွင် ၁၆၃၅ ဦး၊ ဇွန် ၈ ရက်တွင် ၉၄၆ ဦး၊ ဇွန် ၉ ရက်တွင် ၁၀၉၄ ဦး၊ ဇွန် ၁၀ ရက်တွင် ၉၉၄ ဦး၊ ယနေ့တွင် ၆၇၀ ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၂၅၃၀၄ ဦးထိ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။



ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၄၂၅ ဦး၊ အမျိုးသမီး ၂၄၅ ဦး စုစုပေါင်း ၆၇၀ ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ဇွန် ၁၁ ရက်တွင် ကိုဗစ် -၁၉ ရောဂါပိုးရှိသူ ၁၂ ဦးတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၆၀ ရှိပြီ

**နေပြည်တော် ဇွန် ၁၁**

ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ ၁၂ ဦးတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၆၀ ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၂ ဦးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦး၊ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ ၁၀ ဦးနှင့် ပြည်ပသို့ ခရီးသွားရာဇဝင်မရှိသူ တစ်ဦးတို့ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၆၀ ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၆၀ အနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၆၅ ဦးရှိပြီး ဆေးရုံမှ ဆင်းခွင့်ပြုသူ ၁၅၀ ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၄၃၉၃၆ | ၂၆၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၆၅ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၃၇၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၅၀ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၀၀ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ပဲခူး | ၈ | ၁ |
| ၅ | ရခိုင် | ၇ | |
| ၆ | ရှမ်း(တောင်) | ၄ | |
| ၇ | မန္တလေး | ၃ | |
| ၈ | ရှမ်း(ရှေ့) | ၃ | |
| ၉ | ရှမ်း(မြောက်) | ၃ | |
| ၁၀ | မကွေး | ၃ | |
| ၁၁ | နေပြည်တော် | ၂ | |
| ၁၂ | ကရင် | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၂ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| | စုစုပေါင်း | ၂၆၀ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၁-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၂၀၆၈၁၃၉ | ၈၀၈၅၅၆ | ၁၁၅၁၆၆ |
| ဘရာဇီး | ၇၇၅၁၈၁ | ၃၉၆၆၉၂ | ၃၉၈၀၃ |
| ရုရှား | ၅၀၂၄၃၆ | ၂၆၁၁၅၀ | ၆၅၃၂ |
| ဗြိတိန် | ၂၉၁၄၀၉ | စိစစ်ဆဲ | ၄၁၂၇၉ |
| အိန္ဒိယ | ၂၈၉၉၃၆ | ၁၄၂၉၅၄ | ၈၁၄၃ |
| စပိန် | ၂၈၉၃၆၀ | စိစစ်ဆဲ | ၂၇၁၃၆ |
| အီတလီ | ၂၃၅၇၆၃ | ၁၆၉၉၃၉ | ၃၄၁၁၄ |
| ပီရူး | ၂၀၈၈၂၃ | ၉၈၀၃၁ | ၅၉၀၃ |
| ဂျာမနီ | ၁၈၆၅၄၇ | ၁၇၁၂၀၀ | ၈၈၄၅ |
| အီရန် | ၁၈၀၁၅၆ | ၁၄၂၆၆၃ | ၈၅၈၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၃၉၃၈၇ | ၂၆၅၃၂ | ၂၅ |
| အင်ဒိုနီးရှား | ၃၅၂၉၅ | ၁၂၆၃၆ | ၂၀၀၀ |
| ဖိလစ်ပိုင် | ၂၄၁၇၅ | ၅၁၆၅ | ၁၀၃၆ |
| မလေးရှား | ၈၃၆၉ | ၇၀၆၅ | ၁၁၈ |
| ထိုင်း | ၃၁၂၅ | ၂၉၈၇ | ၅၈ |
| ဗီယက်နမ် | ၃၃၂ | ၃၂၁ | ၀ |
| မြန်မာ | ၂၆၀ | ၁၆၅ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၆ | ၁၂၅ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

# ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ကော်မတီသို့ ခန္ဓာကိုယ်အပူချိန်တိုင်းကိရိယာ လာရောက်လှူဒါန်း



**ရန်ကုန် ဇွန် ၁၁**

လက်ဝါးဖြန့်ပြရုံဖြင့် ခန္ဓာကိုယ်အပူချိန်တိုင်းနိုင်သည့် ကိရိယာကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းထံသို့ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်နှင့် Techmation Myanmar Co.,Ltd. မန်နေဂျင်းဒါရိုက်တာနှင့်အဖွဲ့က လာရောက်လှူဒါန်းခဲ့သည်။

**အကျိုးရှိရှိအသုံးချနိုင်ဖို့ ပြုလုပ်**

ခန္ဓာကိုယ်အပူချိန်တိုင်းကိရိယာတီထွင်သူ Techmation Myanmar Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာက "လတ်တလောကြုံတွေ့နေရတဲ့ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတဲ့ကာလမှာ ဈေးဝယ်စင်တာကို သွားတဲ့အခါ ခန္ဓာကိုယ်အပူချိန်တိုင်းတဲ့ စက်တွေနဲ့ထောက်ပြီး တိုင်းတယ်။ နောက်တစ်ယောက်က လက်သန့်ဆေးရည်ဖျန်းပေးတယ်။ လူနှစ်ယောက်လောက်နဲ့ လုပ်နေရတယ်။ အထဲကိုဝင်ဖို့ တန်းစီစောင့်နေရတဲ့အတွက် အချိန်ကုန်တယ်။ တချို့လူတွေက မလုပ်ချင်ကြဘူး။ ကျွန်တော်တို့ ကုမ္ပဏီက အာရုံခံကိရိယာတွေကို အင်တာနက်နဲ့ ထိန်းချုပ်လုပ်တဲ့ ကုမ္ပဏီဖြစ်တယ်။ အာရုံခံကိရိယာတွေ သုံးပြီးလုပ်ရင် ရနိုင်သလားဆိုပြီး ဝန်ထမ်းတွေနဲ့တိုင်ပင်ပြီး လူတွေ သက်သောင့်သက်သာ အကျိုးရှိရှိအသုံးချနိုင်ဖို့ ပြုလုပ်ခဲ့တာပါ" ဟု ပြောသည်။

**ပြုလုပ်ဖို့ အများကြီးရှိ**

"အာရုံခံကိရိယာတွေကို နိုင်ငံခြားက မှာရတာမျိုးရှိတယ်။ ကျန်အစိတ်အပိုင်းအားလုံးက ဒီမှာပဲ ပြုလုပ်ထားပါတယ်။ တစ်ပတ်လောက်အချိန်ယူခဲ့ရတယ်။ ဘောင်ခတ်ရတာပဲကြာတယ်။ အခုတစ်နေ့ကို သုံးလုံး ထုတ်နိုင်ပါပြီ။ ကုန်ကျစရိတ်က နှစ်သိန်းဝန်းကျင်ရှိပါတယ်။ အာရုံခံကိရိယာတွေနဲ့ပတ်သက်ပြီး ပြုလုပ်ဖို့ အများကြီးရှိပါတယ်။ ဒီထက်ပိုကောင်းအောင် လုပ်ဆောင်ဖို့ အစီအစဉ်ရှိပါတယ်။ ကိုဗစ်- ၁၉ ရောဂါနဲ့ ကြုံတွေ့နေရတဲ့ကာလမှာ စီးပွားဖြစ်မလုပ်ချင်ဘူး။ ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံမှာ ပူးပေါင်းပါဝင်ချင်တဲ့ ဆန္ဒရှိတယ်။ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနကို လှူဒါန်းဖို့တင်ပြထားပါတယ်။ လိုအပ်လို့ တောင်းဆိုရင် ကူညီပေးပါ့မယ်"ဟု ဆက်လက်ပြောပြသည်။

**အောင်သူရ**

■

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၁**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဇွန် ၆ ရက်က ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြို့နယ် ၄၇ မြို့နယ်ရှိ နေရာ ၁၀၁ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၁၁၂ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၁၃ ကီလိုဂရမ် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ချင်းပြည်နယ် ဟားခါးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။




ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ရေနံမကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



နေပြည်တော် ဇေယျာသီရိမြို့နယ် ကျောက်ချက်အခြေခံပညာအထက်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ကချင်ပြည်နယ် မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



## ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**လောင်းလုံး ဇွန် ၁၁**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ယမန်နေ့တွင် လောင်းလုံးမြို့မစည်ပင်သာယာဈေးအတွင်း ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများ စားသုံးပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ (က)ရပ်ကွက် မူလတန်းကျောင်းရှေ့၌ ပညာပေးမြေစိုက်ပိုစတာစိုက်ထူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လူမှုဖူလုံရေးထောက်ပံ့မှုအကျိုးခံစားခွင့် ငွေကျပ် ၁၃၈ သိန်းကျော် ပေးအပ်

**မော်လမြိုင် ဇွန် ၁၁**

မွန်ပြည်နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများအား မော်လမြိုင်မြို့ လူမှုဖူလုံရေးရုံးမှ ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ယမန်နေ့တွင် ကိုဗစ်-၁၉ ကာလအတွင်း ယာယီပိတ်သိမ်းထားသည့် ပဒုမ္မာဆပ်ပြာစက်ရုံ၊ လင်းရောင်နီအအေးခန်းစက်ရုံ၊ သံလွင်အေး အအေးခန်းစက်ရုံ၊ မိုးမြချယ်ကုမ္ပဏီ၊ Shwe KVS Co.,Ltd. နှင့် ဝါရီရှုကုမ္ပဏီတို့အား စစ်ဆေးပြီး အလုပ်သမားပေါင်း ၄၂၆ ဦးအတွက် လူမှုဖူလုံရေးထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း (ငွေကျပ် ၁၃၈ သိန်းကျော်)ကို တာဝန်ရှိသူများအား မြို့နယ်လူမှုဖူလုံရေးရုံးခွဲ တာဝန်ခံဦးစီးအရာရှိ ဒေါ်မြတ်မွန်မိုးက ပေးအပ်ခဲ့ကြောင်း သိရသည်။

လူမှုဖူလုံရေး ထောက်ပံ့မှုအနေဖြင့် အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို မေလမှစတင်ပေးအပ်ခဲ့ရာ ယခုအကြိမ်အပါအဝင် ငါးကြိမ်ပေးအပ်ခဲ့ပြီး အလုပ်ဌာနပေါင်း ၁၁ ခုအတွက် စုစုပေါင်းငွေကျပ် ၄၀၂ သိန်းကျော်ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၂၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ



မောင်စာဂ

လွှတ်တော်အသီးသီး၏ဖွဲ့စည်းမှုနှင့် မဲဆန္ဒနယ်များ သတ်မှတ်ခြင်းတို့ကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ လွှတ်တော်အသီးသီး၏ဖွဲ့စည်းမှုကို သိရှိထားကြသင့်သကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဖွဲ့စည်းမှုကိုလည်း သိရှိသင့်ကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်တို့ကို ကိုးကား၍ အနှစ်ချုပ်မျှဝေပါရစေ။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစုစည်းသတ်မှတ်ပုံ**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ်စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ် စုစည်းသည်။ သာဓကအားဖြင့် ရှမ်းပြည်နယ်ရှိ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်နှင့် ပန်ဆန်း (ပန်ခမ်း) မြို့နယ် ခြောက်မြို့နယ်တို့ကို ခရိုင်နှစ်ခရိုင်ဖွဲ့ပြီး “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အဖြစ် သတ်မှတ်သည်။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစုစည်းသတ်မှတ်ပုံ**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ထိုဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် စုစည်းသည်။ သာဓကအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ကိုစုစည်းပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်သည်။ ရှမ်းပြည်နယ်ရှိ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့ကို စုစည်းပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်လည်းကောင်း၊ ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ကိုစုစည်းပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်လည်းကောင်း၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့ကိုစုစည်းပြီး ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်လည်းကောင်း၊ ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့ကိုစုစည်းပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်လည်းကောင်း သတ်မှတ်သည်။

**အဆင့်အတန်းတူညီခြင်း**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများဖြစ်ကြသည့်အားလျော်စွာ အဆင့်အတန်းတူညီကြသည်။

**ဦးစီးအဖွဲ့များဖွဲ့စည်းခြင်း**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ အသီးသီး ဖွဲ့စည်းထားရှိသည်။ ဖော်ပြပါ ဦးစီးအဖွဲ့များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အုပ်ချုပ်ရေးအဖွဲ့များဖြစ်သည်။

**ဦးစီးအဖွဲ့တွင်ပါဝင်ရမည့်အဖွဲ့ဝင်ဦးရေ**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တွင် အဖွဲ့ဝင်ဦးရေ အနည်းဆုံး ၁၀ ဦးပါဝင်ရမည်။

ပထမအချက်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များမှ ရွေးကောက်တင်မြှောက်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည်။

ဒုတိယအချက်တွင် လုံခြုံရေးတာဝန်ဖြစ်စေ၊ နယ်စပ်ရေးရာ တာဝန်ဖြစ်စေ ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား ကိုယ်စားလှယ်များ ပါဝင်သည်။

တတိယအချက်တွင် ပထမအချက်နှင့် ဒုတိယအချက်တို့ပါ ပုဂ္ဂိုလ်များက ရွေးချယ်ဖြည့်စွက် ခန့်ထားသည့် ကိုယ်စားလှယ်များ ပါဝင်သည်။

**ဥက္ကဋ္ဌအဖြစ်ရွေးချယ်ခြင်း**

အထက်ဖော်ပြပါ ပထမအချက်နှင့် ဒုတိယအချက်ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များသည် မိမိတို့အချင်းချင်းညှိနှိုင်းလျက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များမှ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များအနက် သင့်လျော်သူတစ်ဦးအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌအဖြစ် ရွေးချယ်သည်။

ထိုသို့ရွေးချယ်သည့်ပုဂ္ဂိုလ်အမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတထံ တင်ပြရသည်။ နိုင်ငံတော်သမ္မတသည် အမည်စာရင်းတင်သွင်းလာသည့်ပုဂ္ဂိုလ်အား သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးအပ်သည်။ ဥက္ကဋ္ဌသည် ရာထူးအလျောက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဖြစ်သည်။

**တိုင်းရင်းသားလူမျိုးတစ်ဦးစီကို ရွေးချယ်ခန့်ထားခွင့်ရှိခြင်း**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသအတွင်း နေထိုင်ကြသည့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် လူဦးရေအနည်းဆုံး ၁၀,၀၀၀ နှင့်အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သည့် တိုင်းရင်းသားလူမျိုးများရှိလျှင် ယင်းတိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်တစ်ဦးကျစီကို မိမိတို့အချင်းချင်းညှိနှိုင်း၍ ရွေးချယ်ခန့်ထားသည်။ ရွေးချယ်ခန့်ထားခြင်းခံရသော ဦးစီးအဖွဲ့ဝင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံရမည်။

**သင့်လျော်သောပုဂ္ဂိုလ်များအား ရွေးချယ်ခန့်ထားခွင့်ရှိခြင်း**

ဦးစီးအဖွဲ့တွင် အဖွဲ့ဝင် ၁၀ ဦး မပြည့်သေးပါက အဖွဲ့ဝင်အနည်းဆုံး ၁၀ ဦးပြည့်စေရန် လိုအပ်သည့်အဖွဲ့ဝင်ဦးရေကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဦးစီးအဖွဲ့များသည် မိမိတို့၏တိုင်း သို့မဟုတ် ဒေသအတွင်း အုပ်ချုပ်ရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရသကဲ့သို့ သတ်မှတ်ထားသည့် ဥပဒေပြုခွင့်အာဏာများကိုလည်း ကျင့်သုံးကြရ . . .**

သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နေထိုင်သူများထဲမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသော သင့်လျော်သည့်ပုဂ္ဂိုလ်များအား မိမိတို့သဘောဆန္ဒအလျောက် ရွေးချယ်ဖြည့်စွက်ခန့်ထားရပါမည်။

**တပ်မတော်သားများကို ဖြည့်စွက်တာဝန်ပေးအပ်နိုင်ခြင်း**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့တွင် ဦးစီးအဖွဲ့ဝင်စုစုပေါင်း၏ လေးပုံတစ်ပုံဖြစ်သည့် ဦးစီးအဖွဲ့ဝင်ဦးရေကို တပ်မတော်သားများဖြင့်လိုအပ်သလို ဖြည့်စွက်တာဝန်ပေးနိုင်သည်။ အဆိုပါ တပ်မတော်သားများသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းများနှင့်ပြည့်စုံရပါမည်။

**ကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်ခွဲဝေပေးအပ်ခြင်း**

ဦးစီးအဖွဲ့၏ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းတာဝန်များကို အချိန်ပြည့်တာဝန်ယူဆောင်ရွက်ရန် ဦးစီးအဖွဲ့ဥက္ကဋ္ဌသည် အနည်းဆုံး သုံးဦးမှ အများဆုံး ငါးဦးအထိပါဝင်သော ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ သဘောတူညီချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်တို့ဖြင့် ရွေးချယ်ဖွဲ့စည်းရမည်။ ဦးစီးအဖွဲ့ဥက္ကဋ္ဌသည် ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီနှင့်ညှိနှိုင်းပြီး ဦးစီးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်များအား စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး ကဏ္ဍအသီးသီးတွင် တာဝန်ခွဲဝေပေးအပ်နိုင်သည်။

**ရာထူးသက်တမ်း**

ဦးစီးအဖွဲ့ဥက္ကဋ္ဌ၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်ပြီး ဦးစီးအဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သက်တမ်းအတိုင်း ဖြစ်သည်။

**ဦးစီးအဖွဲ့ရုံး**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံး ဖြစ်သည်။ ထိုတိုင်း သို့မဟုတ် ထိုဒေသ၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးသည် ရာထူးအလျောက် ထိုတိုင်း သို့မဟုတ် ထိုဒေသဦးစီးအဖွဲ့၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရပါမည်။

**ဥပဒေပြုခွင့်အာဏာ**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များသည် မြို့ပြနှင့်ကျေးရွာ စီမံကိန်းများ၊ လမ်းတံတားများဖောက်လုပ်၊ တည်ဆောက်၊ ပြုပြင်ထိန်းသိမ်းရေး၊ ပြည်သူ့ကျန်းမာရေး၊ စည်ပင်သာယာရေးလုပ်ငန်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ စားကျက်မြေများထိန်းသိမ်းရေး၊ သစ်တောများကာကွယ်ထိန်းသိမ်းရေး၊ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြို့နှင့် ကျေးရွာများအတွင်း ရေနှင့်လျှပ်စစ်မီးဆိုင်ရာကိစ္စများနှင့် မြို့များနှင့် ကျေးရွာများ၏ ဈေးများဆိုင်ရာကိစ္စများအတွက် ဥပဒေပြုခွင့်အာဏာရှိသည်။

အနှစ်ချုပ်အားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဦးစီးအဖွဲ့များသည် မိမိတို့၏တိုင်း သို့မဟုတ် ဒေသအတွင်း အုပ်ချုပ်ရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရသကဲ့သို့ သတ်မှတ်ထားသည့်ဥပဒေပြုခွင့်အာဏာများကိုလည်း ကျင့်သုံးကြရသည် ဖြစ်ကြောင်းပါဗျာ။

❍ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ-**
**ဖွံ့ဖြိုးတိုးတက် ပေါကြွယ်ဝကြပါစေ၊ ငြိမ်းချမ်းသာယာပျော်ရွှင်ချမ်းမြေ့ကြပါစေ။ ။**

**ကိုးကားချက်**

- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၁ (စ)၊ (ဆ)၊ ၅၆၊ ၁၉၆၊ ၂၇၅ မှ ၂၈၃
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥပဒေ၊

# ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ




**ရန်ကုန် ဇွန် ၁၁**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAO)၏ လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ရှေ့လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ (NCA-S EAO) ရုံး၌ ကျင်းပခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် NCA-S EAO ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း က EAO အဖွဲ့များ ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အခြေအနေကို သတင်းမီဒီယာများအား ရှင်းလင်းပြောကြားသည်။

**အစိတ်အပိုင်း (၃) ကို ချုပ်ဆိုနိုင်ဖို့**

ဦးမျိုးဝင်းက "အခုကျွန်တော်တို့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်ပြီး ဦးတည်ကြိုးပမ်းနေတာကတော့ ၂၀၂၀ ရွေးကောက်ပွဲမတိုင်ခင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ကျင်းပနိုင်ဖို့အတွက် ရည်ရွယ်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ညီလာခံ ဒုတိယအစည်းအဝေးနဲ့ တတိယအစည်းအဝေးမှာ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁) နဲ့ (၂) ကို ချုပ်ဆိုနိုင်ခဲ့ပါတယ်။ အခု စတုတ္ထညီလာခံမှာလည်း ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ကို ချုပ်ဆိုနိုင်ဖို့ကြိုးစားသွားမှာပါ။ ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃)ကို ဘယ်လိုပုံစံမျိုး ချုပ်ဆိုမလဲဆိုတာကိုလည်း ပြီးခဲ့တဲ့ (၈) ကြိမ်မြောက် JICM အစည်းအဝေးမှာ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး အခုချုပ်ဆိုနိုင်ဖို့အတွက် ပြင်ဆင်နေတာဖြစ်ပါတယ်" ဟု ပြောသည်။

(၈) ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို ဇန်နဝါရီ ၈ ရက်က နေပြည်တော်တွင် ကျင်းပခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)ကို အပိုင်းသုံးပိုင်းဖြင့် ချုပ်ဆိုသွားရန် သဘောတူညီခဲ့ကြသည်။

**အပိုင်းသုံးပိုင်းနဲ့ ချုပ်ဆို**

NCA-S EAO ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်းက "ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)ကို ချုပ်ဆိုရာမှာ အပိုင်းသုံးပိုင်းနဲ့ ချုပ်ဆိုသွားဖို့ JICM မှာ သဘောတူထားပါတယ်။ အဲဒီမှာ အပိုင်း(၁)အနေနဲ့ NCA အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူညီချက်၊ အပိုင်း(၂)က ၂၀၂၀ အလွန်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့အတွက် အဆင့်လိုက်လုပ်ငန်းစဉ်တွေကို အဆင့်လိုက်အကောင်အထည်ဖော်ဖို့နဲ့ အပိုင်း(၃)က အနာဂတ်ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို ဘယ်လိုအခြေခံမူနဲ့ ပုံဖော်သွားမလဲဆိုတာကို လမ်းညွှန်ချမှတ်နိုင်ဖို့အတွက် ရည်ရွယ်ပြီး နှစ်ဖက်အလုပ်အဖွဲ့တွေ ဆွေးနွေးနေပါတယ်။ ၂၀၂၀ ပထမ လေးလပတ်အတွင်းမှာပဲ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအစည်းအဝေး ကျင်းပနိုင်ဖို့ သဘောတူချမှတ်ခဲ့ပေမယ့် မထင်မှတ်ဘဲ တစ်ကမ္ဘာလုံး ရင်ဆိုင်နေရတဲ့ ကိုဗစ်-၁၉ ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရသလို ညှိနှိုင်းဆွေးနွေးပွဲတွေကိုလည်း ရွှေ့ဆိုင်းခဲ့ရပါတယ်" ဟု ပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပနိုင်ရေးအတွက် အစိုးရနှင့် NCA-S EAO နှစ်ဖက်ကိုယ်စားလှယ် အလုပ်အဖွဲ့များသည် လာမည့် ဇွန် ၂၃၊ ၂၄၊ ၂၅ ရက်များတွင် အစည်းအဝေးများ ကျင်းပသွားမည်ဖြစ်သည်။

**ပုံသဏ္ဌာန်ပြောင်းပြီး ကျင်းပ**

"အခုလာမယ့် ဇွန်လ ၂၃၊ ၂၄၊ ၂၅ ရက်တွေမှာ အစိုးရအလုပ်အဖွဲ့နဲ့ ကျွန်တော်တို့ EAO အလုပ်အဖွဲ့ အစည်းအဝေးကျင်းပဖို့ နှစ်ဖက်သဘောတူထားပါတယ်။ အရင်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပပြီဆိုရင် နိုင်ငံရေးအရ အဆင်သင့်ဖြစ်မှုအပေါ်မှာ မူတည်ပြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ၊ လူထုတွေ့ဆုံပွဲတွေ ရှိမယ်။ နောက် UPDJC က ဖွဲ့စည်းပေးထားတဲ့ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းကော်မတီရှိတယ်။ အဲဒီလို အဆင့်ဆင့်လုပ်ပြီးမှ နိုင်ငံရေးဆွေးနွေးပွဲကို ကျင်းပတာဖြစ်ပါတယ်။ ဒါပေမယ့် ဒီနေ့ကာလမှာ အဲဒီလို နိုင်ငံရေးဆွေးနွေးပွဲ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပဖို့ဆိုတာ တော်တော်လေး အခက်အခဲရှိပါတယ်။ ပါဝင်မှုကို ကျယ်ကျယ်ပြန့်ပြန့်ရှိဖို့ အရင်ကလို အခြေအနေမပေးတော့ဘူး။ အစိုးရနဲ့ကျွန်တော်တို့ ညှိနှိုင်းထားတာက ညီလာခံကို ပုံသဏ္ဌာန်ပြောင်းပြီး ကျင်းပရမယ်။ အစိတ်အပိုင်းသုံးပိုင်းပါဝင်တဲ့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ကို ချုပ်ဆိုနိုင်ဖို့ ပုံစံချမှတ်ပြီးပြီဆိုရင် JICM ကို ကျွန်တော်တို့ တင်ပြရမှာဖြစ်ပါတယ်။ JICM ကိုတင်ပြပြီးရင် UPDJC ဆုံးဖြတ်ချက်နဲ့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ကို ချုပ်ဆိုနိုင်မယ့် ညီလာခံကျင်းပဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်။ ဒါကြောင့် မီဒီယာကနေတစ်ဆင့် လက်ရှိလုပ်ငန်းစဉ်အခြေအနေကို တင်ပြတာပါ" ဟုပြောသည်။

အစိုးရဘက်မှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ဇူလိုင်လအတွင်း ကျင်းပနိုင်ရန် အဆိုပြုထားသော်လည်း NCA-S EAO ဘက်က ဩဂုတ်လတွင် ကျင်းပရန် ပြန်လည်အဆိုပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**လူဦးရေရဲ့ သုံးပုံနှစ်ပုံ**

ဦးမျိုးဝင်းက "အခုဆိုရင် အားလုံးသိတဲ့အတိုင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှာ ကျင်းပမယ့် ရွေးကောက်ပွဲမတိုင်ခင် ပြုလုပ်ရမှာ ဖြစ်ပါတယ်။ အစိုးရဘက်က ညီလာခံကို ဇူလိုင်လမှာ ကျင်းပနိုင်ဖို့ အဆိုပြုထားတယ်။ အစိုးရရဲ့ အဆိုပြုချက်ကို EAO ဘက်က ပြန်လည်အဆိုပြုဖို့ ပြင်ဆင်နေတာကတော့ ဩဂုတ်လအတွင်း ကျင်းပနိုင်ဖို့ပါ။ နောက်ထပ် အလွတ်သဘောအနေနဲ့ နှစ်ဖက်ညှိနှိုင်းထားတာကတော့ ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ညီလာခံကိုယ်စားလှယ်အချိုးအစားကို လျှော့ချဖို့ပါ။ အခုလွှတ်တော်အစည်းအဝေးကျင်းပသလို စနစ်တကျနဲ့ပါ။ အရင်က ညီလာခံကျင်းပရင် လူဦးရေထောင်ဂဏန်းအထိရှိပေမယ့် အခုတော့ တက်ရောက်မယ့် လူဦးရေရဲ့ သုံးပုံနှစ်ပုံလောက်အထိ လျှော့ချဖို့ ပြင်ဆင်ထားတာရှိတယ်။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ပါဝင်မှုနဲ့အညီ ညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ဖို့ ဒီလိုမျိုး ရည်ရွယ်ထားပါတယ်" ဟု သတင်းမီဒီယာများအား ပြောကြားသည်။

**သတင်း..ရဲခေါင်ညွန့်၊ ဓာတ်ပုံ..ဖိုးထောင်**

## အနုပညာ



### ယခုလကုန်ပိုင်းတွင် BLACKPINK ၏ တေးသီချင်းသစ် ထွက်ရှိမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACKPINK ဟာ လာမယ့် ဇွန် ၂၆ ရက်မှာ အဖွဲ့ရဲ့ တေးသီချင်းသစ်တွေ ထုတ်လွှင့်မှုနဲ့အတူ ပရိသတ်ရှေ့အရောက် ပြန်လာမှာဖြစ်ကြောင်း လတ်တလောမှာ အေဂျင်စီဘက်က အတည်ပြုခဲ့တယ်လို့ ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေးသီချင်းသစ်တွေ စမ်းသပ်ထုတ်လွှင့်မှုတွေနဲ့အတူ ဇွန် ၂၄ ရက်မှာ ပရိသတ်ရှေ့အရောက် ပြန်လာမှာဖြစ်ကြောင်း BLACKPINK ရဲ့ တရားဝင်လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ တွစ်တာပေါ်မှာ ဇွန် ၁၀ ရက်က ရေးသားဖော်ပြခဲ့ပါတယ်။ အဆိုပါသတင်းနဲ့ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းမှ ပရိသတ်တွေက ကြိုဆိုကြောင်းနဲ့ အဖွဲ့ရဲ့တေးသီချင်းသစ်တွေကို မျှော်လင့်နေကြောင်း လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

### ဆောင်းဂျွန်ကီ ချစ်သူသစ်ရနေပြီဖြစ်ကြောင်း သတင်းတွေကို အေဂျင်စီငြင်းဆို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဆောင်းဂျွန်ကီဟာ လတ်တလောမှာ ရှေ့နေတစ်ဦးနဲ့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ရာ အဆိုပါသတင်းတွေ မှန်ကန်မှုမရှိကြောင်း မင်းသားရဲ့အေဂျင်စီက လတ်တလောမှာ တုံ့ပြန်ဖြေရှင်းခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆောင်းဂျွန်ကီဟာ ရှေ့နေတစ်ဦးနဲ့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေဟာ တရားရေးအဖွဲ့အစည်းကြားမှာ လူပြောများနေပါတယ်။ ဒီလိုကောလာဟလတွေ ပေါ်ထွက်လာခဲ့ရာမှာ ဆောင်းဂျွန်ကီရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဟစ်စရီဒီအန်စီအင်တာတိန်းမန့်က အဆိုပါသတင်းတွေ မှန်ကန်မှုမရှိကြောင်းနဲ့ ဆောင်းဂျွန်ကီဟာ သူ့ရဲ့ရုပ်ရှင်သစ်ရိုက်ကူးမယ့်အချိန် ပြောင်းလဲခဲ့တာကြောင့် အနုပညာလှုပ်ရှားမှု အစီအစဉ်တွေကို ပြန်လည်စီစဉ်ရင်း အလုပ်တွေများနေကြောင်း ဇွန် ၁၁ ရက်က ပြန်လည်ရှင်းလင်းခဲ့တယ်လို့ သိရပါတယ်။

ဆောင်းဂျွန်ကီဟာ မင်းသမီး ဆောင်းဟေကိုနဲ့ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးနောက် မကြာမီမှာပင် ယခုလို ချစ်သူသစ်ရနေပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့တာပါ။ ဒီလို အချစ်သစ်နဲ့ပတ်သက်တဲ့ ကောလာဟလတွေ ပေါ်ထွက်လာတာဟာ ဆောင်းဟေကိုနဲ့ လမ်းခွဲပြီးနောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်းလည်း သိရပါတယ်။

### လမ်းခွဲလိုက်ပြီဖြစ်တဲ့ ယွန်းကေဆန်းနဲ့ ဟန်နီလီ



အေးပြည့် - စုစည်းသည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသား ယွန်းကေဆန်းနဲ့ မင်းသမီး ဟန်နီလီတို့ဟာ လတ်တလောမှာတော့ ခုနစ်နှစ်ကြာ ဖြတ်သန်းလာခဲ့တဲ့ ဆက်ဆံရေးတစ်ခုကို အဆုံးသတ်ကာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ယွန်းကေဆန်းနဲ့ မော်ဒယ်လ်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဟန်နီလီတို့ဟာ ချစ်သူတွေအဖြစ် ခုနစ်နှစ်ကြာ လက်တွဲခဲ့ပြီးနောက် လတ်တလောမှာ လမ်းခွဲလိုက်တာဖြစ်ပါတယ်။ ဒီသတင်းတွေကို ကြယ်ပွင့်တွေရဲ့ အေဂျင်စီကလည်း မှန်ကန်ကြောင်း ဇွန် ၁၁ ရက်မှာ အတည်ပြုပေးခဲ့တယ်လို့ သိရပါတယ်။ နှစ်ဦးသား လမ်းခွဲလိုက်ရတဲ့ အကြောင်းရင်းကိုတော့ အေဂျင်စီဘက်က ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပါဘူး။

၂၀၁၃ ခုနှစ်အတွင်း ချစ်သူတွေဖြစ်နေကြောင်း အတည်ပြုပြောကြားခဲ့ပြီးနောက် ယွန်းကေဆန်းနဲ့ ဟန်နီလီတို့ကို တောင်ကိုရီးယားအနုပညာအသိုင်းအဝိုင်းမှာ သက်တမ်းရှည်စွာ လက်တွဲနိုင်ခဲ့ကြတဲ့ စုံတွဲတစ်တွဲအဖြစ် အမြဲအသိအမှတ်ပြု ပြောကြားခဲ့ကြပါတယ်။

# MNL ကလပ် ချင်းယူနိုက်တက်နှင့် ဖွဲကပင်အသင်း ဖျက်သိမ်း

**ရန်ကုန် ဇွန် ၁၁**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် ဖွဲကပင်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့သည် ယမန်နေ့က နေပြည်တော်တွင် ပြုလုပ်သည့် လိဂ်ကော်မတီအစည်းအဝေးတွင် နုတ်ထွက်လိုကြောင်း တင်ပြခဲ့ပြီး အသင်းဖျက်သိမ်းလိုက်ပြီဖြစ်သည်။

ယင်းနှစ်သင်း၏ တင်ပြမှုအပေါ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ခွင့်ပြုပေးခဲ့သောကြောင့် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပြန်လည်ကျင်းပပါက အသင်း ၁၀ သင်းသာ ကျန်ရှိတော့မည်ဖြစ်သည်။ ချင်းယူနိုက်တက်အသင်းသည် ၂၀၁၇ ခုနှစ်က တစ်ကြိမ် ဖျက်သိမ်းဖူးပြီး ၂၀၁၉ ရာသီတွင် အသင်းပြန်လည်တည်ထောင်ကာ ယှဉ်ပြိုင်ခဲ့သော်လည်း နှစ်နှစ်အကြာတွင် ဒုတိယအကြိမ် ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။ ဖွဲကပင်အသင်းမှာမူ ၂၀၁၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လိဂ်ပြိုင်ပွဲတွင် အမြင့်ဆုံးတတိယနေရာအထိ ရယူနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ဖျက်သိမ်းလိုကြောင်း တင်ပြကာ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

MNL ပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး အသင်းအချို့ ဖျက်သိမ်းမှုများရှိခဲ့သော်လည်း ယခုကဲ့သို့ ပြိုင်ပွဲကာလအတွင်း အသင်းနှစ်သင်း တစ်ပြိုင်တည်း ဖျက်သိမ်းမှုမရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် လက်ကျန်ပွဲများအတွက် ပွဲစဉ်များ ပြန်လည်ရေးဆွဲရမည်ဖြစ်ပြီး ယင်းနှစ်သင်း၏ရလဒ်နှင့် တန်းဆင်းကိစ္စတို့အတွက်ပါ အတည်ပြုထုတ်ပြန်ရမည်ဖြစ်သည်။ လာမည့်ရာသီတွင်လည်း MNL ပြိုင်ပွဲတွင် အသင်း ၁၂ သင်းပြည့်ရန် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

---

**ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ**
**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၂နှင့် ဆက်နွှယ်သည့်**
**၂၀၂၀ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၇၂**

ကိုဝင်းလွင်ထွန်း } နှင့် { UBM(Auto Showroom Co.,Ltd) (MD ကိုကျော်နိုင်)

ဒီကရီအနိုင်ရသူ　　　　တရားရှုံး

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်-၇၁/B နေ UBM (Auto Showroom Co.,Ltd) (MD ကိုကျော်နိုင်) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၂ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ကိုဝင်းလွင်ထွန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ (၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၀ ခုနှစ်၊ ဇွန်လ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်နှဲ့သီ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

# ဒေါ့မွန်အသင်းက ဂျာဒန်ဆန်ချိုရဲ့ ပြောင်းရွှေ့ကြေးကို ပေါင် ၁၁၅ သန်းအထိတောင်းဆို



ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းဟာ မန်ယူအသင်းကခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ တောင်ပံကစားသမား ဂျာဒန်ဆန်ချိုရဲ့ ပြောင်းရွှေ့ကြေးကို ပေါင် ၁၁၅ သန်းအထိ တောင်းဆိုထားတယ်လို့ သိရပါတယ်။

အသက် ၂၀ အရွယ်ရှိ တောင်ပံကစားသမား ဂျာဒန်ဆန်ချိုဟာ လက်ရှိအနေအထားအရ မန်ယူအသင်းဆီ ပြောင်းရွှေ့ကစားဖို့ရှိနေတာဖြစ်ပေမယ့် မန်ယူအသင်းရဲ့ ပရီမီယာလိဂ်ပြိုင်ဘက် ချယ်လ်ဆီးအသင်းကလည်း ဂျာဒန်ဆန်ချိုကို ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ချယ်လ်ဆီးအသင်းဟာ အေဂျက်အသင်းမှ ဇီယက်ချ်ကို ပြောင်းရွှေ့ကြေးပေါင် ၃၈ သန်းနဲ့ ခေါ်ယူခဲ့တဲ့အပြင် လိုက်ဇစ်အသင်းမှ တိုက်စစ်မှူး တီမိုဝါနာကိုလည်း ပြောင်းရွှေ့ကြေးပေါင် ၄၉ သန်းနဲ့ ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။ လက်ရှိမှာတော့ တောင်ပံကစားသမားတစ်ဦး ထပ်မံခေါ်ယူဖို့အတွက် ချယ်လ်ဆီးအသင်းနည်းပြ ဖရန့်လမ်းပတ်က ပြင်ဆင်နေတာဖြစ်ပြီး ဒေါ့မွန်တောင်ပံကစားသမား ဂျာဒန်ဆန်ချိုကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

---

# ကိုရိုနာဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီး ဗီဒီယိုဖော်ပြခဲ့တဲ့ စပါးကွင်းလယ်လူ ဒီလီအလီ တစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရ

စပါးအသင်း ကွင်းလယ်ကစားသမား ဒီလီအလီဟာ ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး လူမှုမီဒီယာတစ်ခုမှာ ပို့စ်တစ်ခုတင်ခဲ့တဲ့အတွက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က တစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့တယ်လို့ သိရပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဒီလီအလီဟာ အာရှသားတစ်ဦးကို ပြက်ရယ်ပြုတဲ့အနေနဲ့ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနဲ့ပတ်သက်ပြီး ဟာသသဘောပါဝင်တဲ့ ဗီဒီယိုဖိုင်တစ်ခုကို ဖေဖော်ဝါရီလအတွင်းက လူမှုမီဒီယာတစ်ခုမှာ တင်ခဲ့တာပဲဖြစ်ပါတယ်။

အဲဒီလို ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး ပြက်ရယ်ပြုတဲ့ ဗီဒီယိုဖိုင်တစ်ခုတင်ခဲ့တဲ့အတွက် ဒဏ်ငွေအဖြစ် ပေါင် ၅၀၀၀၀ ဒဏ်ရိုက်ခံခဲ့ရတာဖြစ်ပြီး ဒီလီအလီဟာ ဇွန် ၁၉ ရက်မှာ မန်ယူအသင်းနဲ့ စပါးအသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ်မှာ လွဲချော်ရတော့မှာလည်းဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

---

**ဦးမောင်မောင်လတ် (၁၀/မဒန (နိုင်) ၀၁၂၆၆၇) နှင့် ၎င်း၏လွှဲအပ်ညွှန်ကြားချက်အရ ဦးကျော်ကျော်ထိုက် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၁၁၆၈) တို့မှ "ဒေါ်မြင့်မြင့်ဝင်း (၁၃/တကန (နိုင်) ၀၁၃၁၆၇) နှင့် အများသိစေရန် အသိပေးကြေညာခြင်း " ခေါင်းစဉ်ဖြင့် ကြေညာခဲ့သည့်(၈-၅-၂၀၂၀)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၇) ပါ ကြေညာချက်အပေါ် ဦးမောင်မောင်လတ် နှင့် အများပြည်သူသိရှိစေရန် ပြန်လည်ရှင်းလင်း ကြေညာခြင်း**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မာဃလုလင်လမ်း၊ အမှတ် (၇၇၇) နေ **ဒေါ်မြင့်မြင့်ဝင်း (၁၃/တကန(နိုင်)၀၁၃၁၆၇)** ၏ လွှဲအပ်ချက်အရ (၈-၅-၂၀၂၀)ရက်နေ့စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၇)ပါ ကြေညာချက်အပေါ် **ဦးမောင်မောင်လတ် (၁၀/မဒန (နိုင်) ၀၁၂၆၆၇)** နှင့် ၎င်း၏ရှေ့နေ **ဦးကျော်ကျော်ထိုက် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၁၁၆၈)** တို့ သိရှိစေရန်အတွက် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်ဝင်း နှင့် ဦးမောင်မောင်လတ်တို့ အကြင်လင်မယားအဖြစ် စတင်ပေါင်းသင်းနေထိုင်သည့်အချိန်တွင် ဦးမောင်မောင်လတ်သည် နိုင်ငံ့တာဝန်များ ထမ်းဆောင်နေသည့် ဝန်ထမ်းတစ်ဦးဖြစ်ပြီး၊ ယင်းအချိန်က ဒေါ်မြင့်မြင့်ဝင်းသည် စိန်ရွှေရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်တစ်ဦးဖြစ်သည့်အတွက် မိသားစု၏ စီးပွားရေးလုပ်ငန်းများကို ဒေါ်မြင့်မြင့်ဝင်း တစ်ဦးတည်းမှပင် ဦးစီးဦးဆောင်ပြု၍ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်ဟု သိရှိရပါသည်။

ထို့နောက် ၂၀၁၀-ခုနှစ်တွင် ဦးမောင်မောင်လတ်သည် နိုင်ငံ့ဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့ပြီး၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်လိုကြောင်း ပြောဆိုလာသည့်အတွက် ရော်ဘာစိုက်ပျိုးရေး စီမံကိန်းအား ဦးမောင်မောင်လတ် အမည်ဖြင့် (ဧက-၃၀၀) လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဒေါ်မြင့်မြင့်ဝင်းမှပင် လူအား၊ ငွေအားဖြင့် ပံ့ပိုးဆောင်ရွက်ပေးခဲ့ရသည်ဟုလည်း သိရှိရပါသည်။

ဒေါ်မြင့်မြင့်ဝင်း နှင့် ဦးမောင်မောင်လတ် တို့ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်စဉ် ကာလအတွင်း ဒေါ်မြင့်မြင့်ဝင်းအနေဖြင့် ဇနီးမယားတစ်ဦး၏ တာဝန်ဝတ္တရားများနှင့်အညီ နေထိုင်၍ အိမ်ထောင့်တာဝန်များကို ဦးဆောင်ဦးရွက်ပြု၍ကျေပွန်စွာ လုပ်ကိုင်ဆောင်ရွက်ခဲ့သော်လည်း ဦးမောင်မောင်လတ်သည် ခင်ပွန်းတစ်ဦး၏ တာဝန်ဝတ္တရားများအား ကျေပွန်ခြင်းမရှိဘဲ ဇနီးဖြစ်သူ ခွင့်မလွှတ်နိုင်သည့် ပြုလုပ်မှုကျူးလွန်ခဲ့သဖြင့် ဒေါ်မြင့်မြင့်ဝင်းမှ ဦးမောင်မောင်လတ်အပေါ် လှည်းကူးမြို့နယ်၊ ဖောင်ကြီးနယ်မြေရဲစခန်းတွင် (ပ)၂၁၂/၂၀၁၉ ဖြင့် " တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ " အရ အရေးယူပေးရန်အမှုဖွင့်တိုင်ကြားခဲ့ရာ ယင်းအမှုကို လှည်းကူးမြို့နယ်တရားရုံးတော်မှ ရာဇဝတ်ကြီးမှုအမှတ်-၅၂၅၂/၂၀၁၉ ဖြင့် လက်ခံကြားနာစစ်ဆေးရန် ဆောင်ရွက်လျက်ရှိသည်ကို ဦးမောင်မောင်လတ်မှ သိရှိပြီးဖြစ်ပါလျက် (၈-၅-၂၀၂၀) ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် **" ဒေါ်မြင့်မြင့်ဝင်းသည် ဦးမောင်မောင်လတ်အပေါ် မလုပ်သင့် မလုပ်အပ်သည့် ခွင့်မလွှတ်နိုင်သော ပြုလုပ်မှုအရပ်ရပ်ကို အကြိမ်ကြိမ် ပြောဆိုပြုမူ ကျူးလွန်ခဲ့ကြောင်း "** ဖြင့် ရေးသားဖော်ပြ ကြေညာခဲ့ခြင်းသည် စီးပွားရေးလုပ်ငန်းရှင်များအကြား ကောင်းမွန်သော ဂုဏ်သတင်းဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် အမျိုးသမီးတစ်ဦးဖြစ်သူ ဒေါ်မြင့်မြင့်ဝင်း၏ ဂုဏ်သိက္ခာကို လွန်စွာထိခိုက်နစ်နာစေလျက်ရှိပါသည်။

သို့ပါ၍ ဦးမောင်မောင်လတ်၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးကျော်ကျော်ထိုက် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၁၁၆၈) မှ **" ဒေါ်မြင့်မြင့်ဝင်း (၁၃/တကန (နိုင်) ၀၁၃၁၆၇) နှင့် အများသိစေရန် အသိပေးကြေညာခြင်း "** ခေါင်းစဉ်ဖြင့် ထည့်သွင်း ကြေညာခဲ့သည့်(၈-၅-၂၀၂၀) ရက်နေ့ထုတ် ကြေးမုံသတင်းစာပါကြေညာချက်အား ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇-ရက်) အတွင်း ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းပေးရန် နှင့် အကယ်၍ လိုက်နာဆောင်ရွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးမောင်မောင်လတ် နှင့် အများပြည်သူသိရှိစေရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ -

**ဦးအောင်ဇော်မျိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၃၃)**

**ဦးသောင်းဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၉၀၀)**

**ဒေါ်နွယ်နီဝင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၇၂၃)**

**ဒေါ်ဝင်းပပ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၉၄၁၈)**

**ဒေါ်ခင်မျိုးကြည် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၄၃၇၆)**

**ဦးအောင်ကျော်မိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၃၃၁၄)**

**AZM LAW FIRM** အမှတ်-၅၀(မြေညီထပ်)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Phone: 09-5184231, 018-242715

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် လူနာများအား ကုသရေးအတွက် လိုအပ်သော FDA အသိအမှတ်ပြု Consumable for Specialityများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ တရားဝင် အသိအမှတ်ပြု လိုင်စင်ရကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါပေးသွင်းကြပါရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ

စတင်ရောင်းချမည့်နေ့ရက် - ၁၁-၆-၂၀၂၀(ကြာသပတေးနေ့)

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၄-၆-၂၀၂၀(ဗုဒ္ဓဟူးနေ့)၊ ညနေ ၄:၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အချက်အလက်များကို အသေးစိတ် သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးခန်းတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁-၅၇၉၈၉၀**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာရှိ တိုက်အမှတ် (၃၁)၊ အခန်းအမှတ်(၃၀၄)ကို အမည်ပေါက် ပိုင်ဆိုင်သူ ဇကသိန်းအေး [၁၄/အမန (နိုင်)၀၀၂၇၆၅]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ကေကေခိုင်[၁၂/ မဂတ(နိုင်)၀၃၉၁၀၂]မှ ပိုင်ရှင်အမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစတင်၍ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## မီး သတိပြု

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံး
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၄၀

ဒေါ်တင်တင် **(တရားလို)** နှင့် ဦးအောင်ကြည် **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နွယ်နီ(၈) လမ်း၊ အမှတ် (၅၉၈)နေ ဦးအောင်ကြည် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်တင်က ကတိပဋိညာဉ်အတိုင်း စွန့်လွှတ်ခြင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင် သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၅ ရက် (၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်များကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့ သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့ လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(နန္ဒမျိုး)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန
## တင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီးဌာန၊ တင်ဒါကော်မတီသည် သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀၂၀ ခုဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် လျာထားသော အမှတ် (၁) ရပ်ကွက်၊ တောင်ပိုင်း(၁၀)ကေကန် တူးဖော်ခြင်းလုပ်ငန်းအား ဆောင် ရွက်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစာရွက်စာတမ်းအပြည့်အစုံကို ၁၆-၆-၂၀၂၀ရက်မှစတင်၍ သုံးခွ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အိတ်ဖွင့် တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်ဖောက်သွားမည် ဖြစ်ပါသည်-

(က) တင်ဒါပိတ်မည့်ရက်/အချိန် - ၂၉-၆-၂၀၂၀၊ နံနက် ၉:၀၀ နာရီ

(ခ) တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၉-၆-၂၀၂၀၊ နံနက် ၁၀:၀၀နာရီ

(ဂ) တင်ဒါဖွင့်မည့်နေရာ - သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး

၄။ တင်ဒါခေါ်ယူခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုသော အချက်များကို သုံးခွ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ၀၉-၄၅၀၀၁၃၀၆၂၊ ၀၉-၄၃၀၃၉၂၅၇၊ ၀၉-၇၈၆၃၆၆၉၆၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန**

အတွင်း၊ အပြင်အောင်မြင်ခြင်းနှစ်မျိုးရှိသည့်အနက် အတွင်းအောင်မြင်ခြင်းသည် "နီတိ" ကျမ်းနှင့်ပတ်သက်မှုရှိ၏။ ထို့ကြောင့် အတွင်းအောင်မြင်မှုအတွက် မကောင်းသောအာရုံခံဣန္ဒြေများ၊ ဆိုးသွမ်းသောဝါသနာစရိုက်များနှင့် စိတ်ယုတ်စိတ်ညံ့များ၏ ရုပ်သေးရုပ် မဖြစ်ရေး၊ ကျေးကျွန် မဖြစ်ရေးတို့ကို ထိန်းချုပ်ကွပ်ကဲနိုင်သည်မှာ "နီတိ" များပင်ဖြစ်သည်။



မြင့်လွင် (လွင်အီလက်ထရောနစ်)

နေ့စဉ်အသုံးချနှလုံးလှနီတိများ

စာအုပ်ထွက်ပါပြီ

တစ်ပြည်လုံးဖြန့်ချိရေး

မျိုးဆက်သစ်စာပေ - ဖုန်း - ၀၉၄ ၂၀၂၂၂၉၆၊ ၀၉၄ ၂၀၀၇၆၈၈

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ မင်းဓမ္မလမ်း၊ မြေကွက်အမှတ် (၁က^B/၂B+၁/က^B/၂.A+၁/ခ^၁) တွင်နေထိုင်သော ဒေါ်ဇင်မင်းအေး [၉/အမဇ(နိုင်)၀၀၉၄၂၆] ၏ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

SEAFOOD CITY HOTPOT
海鮮城火鍋

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မင်းအေးသည် အထက်ဖော်ပြပါ SeaFood City Hot Pot အမှတ်တံဆိပ်ကို Hot Pot Culture Co.,Ltd၏ လုပ်ငန်းခွဲများမှ တစ်ခုသော လုပ်ငန်းအနေဖြင့်သော်လည်းကောင်း၊ မူရင်းတည်ထောင်သူ ဒေါ်ဇင်မင်းအေး၏ မူပိုင် ပိုင်ဆိုင်ခွင့်အရသော်လည်းကောင်း တစ်ဦးတည်းမူပိုင်ဖြစ်စေရန် တရားဝင်မူပိုင်ခွင့် မှတ်ပုံ တင်သွင်းသွားမည်ဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါ SeaFood City Hot Pot အမှတ်တံဆိပ် အမည်အမှတ်အသားကို ဒေါ်ဇင်မင်းအေး၏ မူပိုင်ခွင့်လုပ်ပိုင်ခွင့်အရ လုပ်ငန်းနှင့် သက်ဆိုင်သော ကဏ္ဍအမျိုးမျိုး၊ ဝန်ထမ်းကျားမဝတ်စုံ၊ အမျိုးမျိုးသောထုတ်ကုန်နှင့် လူသုံးကုန် စသည်တို့တွင် ထည့်သွင်းဖော်ပြအသုံးပြု ရောင်းချသွားပါမည်။ ၎င်းကုန် အမှတ်တံဆိပ် အမည်အမှတ်အသားအား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာပါပြီးသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက စာချုပ်စာတမ်းမှတ်ပုံတင်နှင့်အညီ တရားဝင်မှတ်ပုံတင်၍ ဆက်လက်အသုံးပြုသွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲကျော်စွာထွန်း**
**(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၃၉၄၀/၂၀၁၇)**
**Delight Tremendous Consultancy and Law Firm**
**အမှတ်(၆၅/အေ)၊ မြေညီထပ်၊ ၁၆၆-လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်၅၊ နည်းဥပဒေ-၂၀)
## ညောင်လေးပင်မြို့နယ်တရားရုံးတော်၌
## ၂၀၂၀-ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၃

မအိသိမ့်သိမ့်ခိုင် **(တရားလို)** နှင့် နေအုပ်စိုး **(တရားပြိုင်)**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ အလယ်ရပ်ကွက် (ဦးသိန်းထွန်း နေအိမ်)၌ နေထိုင်သူ (ဘ)ဦးသိန်းထွန်း ၏ သားဖြစ်သူ နေအုပ်စိုး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မအိသိမ့်သိမ့်ခိုင်က လင်မယားကွာရှင်းပြတ်စဲပေးစေ လိုမှု လျှောက်ထားစွဲဆိုလာသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက် (၁၃၈၂ ခုနှစ်၊ (ပ)ဝါဆိုလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ် တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။

၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီဟအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ညောင်လေးပင်မြို့နယ်တရားရုံး**

## အသိပေးကြေညာခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စစ်ကိုင်းတိုင်း ဒေသကြီးဦးစီးမှူးရုံးကို လက်ရှိရုံးဖွင့်လှစ်လျက်ရှိသော မုံရွာခရိုင်စီမံခန့်ခွဲမှု ကော်မတီရုံးဝင်း၊ ရုံးကြီးလမ်း၊ ရုံးကြီးရပ်၊ မုံရွာမြို့မှ ရုံးအသစ်ဖွင့်လှစ် တည်ရှိရာ မေတ္တာရိပ်မြုံလမ်း၊ ချမ်းမြေ့တီရပ်ကွက်၊ မုံရွာမြို့သို့ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၂ ရက်၌ ရုံးပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ၂၅-၁၂-၂၀၁၉ ရက်စွဲဖြင့် ကြေးမုံသတင်းစာပါ ဒေါ်နွဲ့ရီ[၇/သနပ(နိုင်)၀၅၉၉၅၇]၏ သက်ဆိုင်သူများသိစေရန် ကြေညာချက်နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက် ပလရ ရပ်ကွက်၊ (၃)လမ်း၊ အိမ်ခြေ(၅၀)၊ အမှတ်(၄၁)နေ ဦးစံမြင့် [၁၂/မဂဒ(နိုင်)၀၇၀၄၅၆] ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်နွဲ့ရီနှင့် အများသိစေရန် ပြန်လည်ရှင်းလင်း အသိပေး ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာ၊ ဦးပိုင်အမှတ်-၂၁ (ခ)၊ ကွင်းအမှတ် -၅၂၉(အေ)၊ ဂုံညင်းနီတောအနောက်၊ ခြံအမှတ်(၄၀)ရှိ ခွဲစိတ်ထားသောခြံ၏ တောင်ဘက်ခြမ်း၊ မြေကွက်တည်နေရာ အနောက်ဘက်အရပ်၊ ပြည်လမ်းမကြီး မျက်နှာ ချင်းဆိုင် ပေ အကျယ် (၅၄)ပေ၊ တောင်ဘက်အရပ် ပတ္တမြားလမ်း မျက်နှာချင်းဆိုင် ပေ အကျယ် (၇၄) ပေရှိ လမ်းထောင့်မြေကွက်မှာ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးစံမြင့်သည် ၂၈-၃-၁၉၈၅ ရက်ကတည်းက ၎င်း၏ ကိုယ်ပိုင်ငွေကြေးဖြင့် ဝယ်ယူကာ လက်ရှိထား ပိုင်ဆိုင်ခဲ့သည့် မြေကွက်ဖြစ်ပါသည်။ ဒေါ်နွဲ့ရီနှင့် ကျွန်ုပ်အမှုသည် ဦးစံမြင့်တို့၏ မိဘများ ဖြစ်သည့် ဦးပိုက်နှင့် ဒေါ်အုံးကြည်တို့၏ ငွေကြေးဖြင့် ဝယ်ယူခဲ့သည့် မြေကွက်မဟုတ်ပါ။

ထို့ကြောင့် ဒေါ်နွဲ့ရီကြေညာသကဲ့သို့ အထက်ပါမြေကွက်မှာ မိဘများ ကွယ်လွန် ချိန်တွင် ကျန်ရစ်သူသားသမီးများနှင့် သက်ဆိုင်သည့် အမွေပစ္စည်းတွင် ပါဝင်ခြင်းမရှိပါ။ ကျွန်ုပ်၏အမှုသည် ဦးစံမြင့် တစ်ဦးတည်းကသာ အထက်ပါ မြေကွက်ပေါ်တွင် ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ပေးကမ်းစွန့်လွှတ်ခွင့်၊ လွှဲပြောင်းခွင့် အပြည့်အဝရှိသူဖြစ်ကြောင်း အများ သိစေရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစောရိုဝယ်ဘတင် (LL.B)** | **ဒေါ်တင်ဇာကျော်သိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၂၂၁၄)** | **(စဉ်-၇၇၁၀)** |

**အမှတ်(၆၄)၊ ဂေါ်သဇင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့။**
**ဖုန်း-၀၉-၉၇၀၉၃၆၇၂၄၊ ၀၉-၉၇၆၄၁၈၄၆၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ကွင်းအကွက်အမှတ်နှင့်အမည် "(၄)၊ ရွာမပိုင်း"၊ ဦးပိုင်အမှတ် ( ခ/၄ )၊ ဧရိယာ (၀.၀၂၃) ဧက ကျယ်ဝန်းသော မြို့မြေပေါ်တွင်ပြီး မြေစာရင်းပုံစံ (၁၀၅)တွင် ဦးကျော် ပါ-၃ အမည်ပေါက်လျက်ရှိပြီး ယခုအချိန်တွင် ဒေါ်ခင်လေး [၁၂/ကခက(နိုင်)၀၀၁၀၇၄၁]မှ တရားဝင် လက်ရှိပိုင်ဆိုင်လျက်ရှိသော အထက်ဖော်ပြပါ မြေနှင့်အိမ်ကို တရားဝင်နည်းလမ်းတကျ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ ဒေါ်ခင်လေးသို့ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ မြေနှင့်အိမ်ကို တရားဝင်ဆက်လက်၍ စာချုပ်ချုပ်ဆိုကာ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွန့်** |
| **B.Sc,DA,HGP,R.L,DBL,DML,DIL** | **LL.B** | **BA,HGP,R.L,DBL,DML,DIL** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၃၁၇၃)** | **(စဉ်-၁၀၀၆၃)** | **(စဉ်-၃၅၆၁)** |
| **ဖုန်း-၀၉-၇၃၀၈၅၀၉၀** | **ဖုန်း-၀၉-၄၂၀၃၅၉၆၃** | **ဖုန်း-၀၉-၅၀၅၃၁၀၇** |

**အမှတ်(၁၃၃)၊ ဒုထပ်-ယာ၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပါရမီအိမ်ရာရှိ တိုက်အမှတ်(၄)၊ အခန်းအမှတ် (၄၀၃)ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးမြစိန်[၁၂/အစန(နိုင်)၁၈၀၉၉၄]ထံမှ စာချုပ် စာတမ်းဖြင့် ဝယ်ယူထားသူ ဦးကိုကိုဝင်း [၆/ ရဖန(နိုင်)၀၀၂၀၂၀]မှ ပိုင်ရှင်အမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစတင်၍ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မာတင်ရိပ်သာ(ခပေါင်း)အိမ်ရာရှိ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၁၀၂)ကို အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်သီရိရဲမြင့်[၇/သကန(နိုင်) ၀၀၀၅၅၉]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးအောင်သူရဌေး[၁၃/ တကန(နိုင်)၁၂၄၁၉၇]မှ ပိုင်ရှင်အမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစတင်၍ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ၊ ကွင်း အမှတ်(၄၉၅-အေ)၊ မြေကွက်အမှတ်-၉၇၃၊ အလျားxအနံ ပေ (၁၀၀x၁၂၀)ခန့်ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကိုမြေအမည်ပေါက် ဒေါ်ကျင်စန်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင် ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဒေါ်ဥမ္မာသန်း[၁၂/သဃက(နိုင်)၀၀၆၁၃၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ် ပါသည်။ အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့် နေ့မှ(၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်ချို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၁၃)**
**အမှတ်-၂၄၆၊ ၅ လမ်း၊ ၁/က ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၅၂၁၄၇၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၇၊ (ရတနာအိမ်ရာ)၊ ပုလဲလမ်း၊ မြေကွက်အမှတ်-၄၇၊ ဧရိယာ (၇၃၁၀) စတုရန်းပေရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက တရားဝင်ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဂရန်အမည်ပေါက် ဦးစံသိန်း (ဘ) ဦးထွန်းမြတ် (၁၂/အလန (နိုင်) ၀၃၂၅၉၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အထက်ပါ မြေကွက်ရောင်းဝယ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်နေ့မှစ၍(၇) ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိ ပါက အထက်ပါ မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမိုးဇော်ဦး (LL.B)** | **ဒေါ်ယုယုလွင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ် ၈၃၈၅/၁၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ် ၁၅၆၁၇/၁၉)** |

**ဦးခိုင်လင်းထွန်း (LL.B) အထက်တန်းရှေ့နေ(စဉ်-၄၃၁၄၇)**
**အမှတ်-၁၁၁/၁၁၃ (ဒုတိယထပ်)၊ (၃၆) လမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 36 Law Group**
**Ph : ၀၉-၇၃၀၇၁၄၄၇ ၊ ၀၉-၂၅၄၂၀၁၂၁၂ ၊ ၀၉-၇၉၈၆၀၂၆၄၆**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ရွာမွန် အုပ်စု၊ ကျောင်းရွာလေးနေ ဦးစိုးနိုင် [၈/နမန(နိုင်)၀၂၃ ၆၈၈]- ဒေါ်စိန်ညွန့် [၈/နမန(နိုင်)၀၃၄၄၁၂] တို့၏သမီး မခင်မာလာထွန်း [၈/နမန(နိုင်)၁၈၄၂၆၇]သည် မိဘကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီး အဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**အဖ ဦးစိုးနိုင်-အမိ ဒေါ်စိန်ညွန့်**

သစ်တောမှန်လျှင်အသုံးဝင်အစဉ်ထာဝရထိန်းသိမ်းကြ

ဥတုရာသီ တောကိုမှီ၏

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၆၆/မမ/CE | (1" x 1 ½") (စက်ခွဲ) လမ်းခင်းကျောက် (၂၀၀၀)ကျင်းအား (မုပ္ပလင် ဘူတာ) အရောက် ဝယ်ယူရန် |
| ၂ | ၂၆၇/မမ/CE | 4" Ø GI Pipe (3m- အရှည်) (2338-Nos) နှင့် 4" Ø Pipe (Coupling) (2043-Nos) ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - အမှတ်စဉ် (၁) ( ၂၆.၆.၂၀၂၀) (၁၄:၃၀)နာရီ
- အမှတ်စဉ် (၂) ( ၁၃.၇.၂၀၂၀) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၂.၆.၂၀၂၀)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် IDL (International Dimensions Limited), No. 73, Tras Street # 03-02, Singapore 079012 တို့ပူပေါင်းဆောင်ရွက်ခဲ့သော SEA-ME-WE3 စီမံကိန်းအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကိုယ်စား IDL (International Dimensions Limited) ၏စီအီးအို Mr. Joe Chia Khian Meng က ကနဦးစိုက်ထုတ်ပေးသွင်းခဲ့သည့် JPY ၃၆,၃၃၀,၄၃၆ (ဂျပန် ယန်း သုံးဆယ့်ခြောက်သန်း သုံးသိန်း သုံးသောင်း လေးရာ သုံးဆယ့်ခြောက် တိတိ)သည် International Dimensions Limited (IDL) ၏ Myanmar Branch တာဝန်ခံဖြစ်သူ ဦးအေးဇော်ဝင်း၏ ကိုယ်ပိုင်ငွေဖြင့် စိုက်ထုတ်ပေးသွင်းခဲ့ခြင်း ဖြစ်သဖြင့် ဦးအေးဇော်ဝင်း (၁၂/မရက(နိုင်)၀၀၆၉၄၅)သို့ ပြန်လည်ထုတ်ပေးပါရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ တောင်းခံလာပါသည်။

ဦးအေးဇော်ဝင်းသည် IDL ၏ မြန်မာပြည်အခြေစိုက် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒါရိုက်တာအဖြစ်လည်းကောင်း တစ်ဦးတည်းဆောင်ရွက်နေကြောင်း၊ အဆိုပါစိုက်ထုတ်ပေးသွင်းငွေသည် ၎င်း၏ကိုယ်ပိုင်ငွေဖြင့် စိုက်ထုတ်ပေးသွင်း ခဲ့ကြောင်းနှင့် ၎င်းအားပြန်လည်ထုတ်ပေးနိုင်ရေးကိစ္စအပေါ် ကန့်ကွက်လိုက ကန့်ကွက်နိုင်ပါကြောင်း မြန်မာနိုင်ငံထုတ် The Global New Light of Myanmar (၂၃-၈-၂၀၁၉) ရက်နေ့ သတင်းစာတွင်လည်းကောင်း၊ စင်္ကာပူနိုင်ငံထုတ် THE BUSINESS TIMES (၃၀-၉-၂၀၁၉) ရက်နေ့သတင်းစာတွင် လည်းကောင်း ထည့်သွင်းကြေညာဆောင်ရွက် ခဲ့ကြောင်း ဦးအေးဇော်ဝင်းမှ တင်ပြခဲ့ပါသည်။

ဦးအေးဇော်ဝင်း (၁၂/မရက(နိုင်)၀၀၆၉၄၅)သည် (၂၆-၂-၂၀၂၀) ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်စန္ဒာဝင်း၊ အမှတ် - ၂၅၇၊ အင်းစိန်လမ်း၊ Nawarat Office Center ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက (ကွယ်လွန်သူ) ကိုယ်စား တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသူဖြစ်ပါကြောင်းနှင့် ထုတ်ယူခွင့်ပြုပါရန် တင်ပြလာပါ၍ ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမှုရင်းများဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးသီဟအောင်နိုင်၊ အထက်တန်းရှေ့နေ (စဉ်-၄၀၂၁၉)
အမှတ် - ၄၃၊ ဗိုလ်အောင်ကျော်လမ်း (အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့)

**ကိုရှမ်းလေး** ရွှေပေါက်ကံ၊
အုံမြို့သစ်မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း
မြေကွက်များဝယ်ယူလိုပါသည်။ 09450868154

**ရောင်းမည်**
အမြန်လမ်း (၂)မိုင် (၄)ဖာလုံအနီး၊
လှည်းကူး (၁)ကေ ၁၈၅ သိန်း(၃)ကေ
09-777761122

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ A.S.K Andaman Ltd ၏ အကောက်ခွန်ဦးစီးဌာန၏ ထုတ်ကုန်ကြေညာလွှာအမှတ်၊ 200048471240(16-03-2020)၊ 2000-48334520(12-03-2020)ဖြစ်သည့် Export Declaration (၂)စောင်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဦးစိုးနိုင်ဝင်း[၁၂/မရက(နိုင်)၀၀၂၃၈၉]
Ph:09-5019974

**မိဘမေတ္တာ**
အုံမြို့သစ်ဆိပ်ကမ်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
အရှေ့ပိုင်း(4)မြို့နယ်ရှိ
မြေကွက်များဝယ်လိုသည်။
(ပွဲခပေးရန် မလိုပါ။)
09-407080736
09-794949736

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ်-၂၈၊(၅-လွှာ)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၂၀x၅၀)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိပိုင် ရောင်းချခွင့်ရှိသူ ဒေါ်သန္တာထွေး[၁၂/အစန(နိုင်)၁၆၃၈၇၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆိုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)
တိုက်အမှတ်(၃၂)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၆၀၆၀၇

**မြေကွက်များ ဝယ်လိုသည်**
ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊
ဒဂုံမြောက်၊ ဒဂုံအရှေ့
မြို့နယ်များရှိ မြေကွက်များ
ဝယ်လိုသည်။
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
09400940041
09260664490

သွေးသည် အသက်

MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်

**ယာယီအထွက်ခေါ်ဆိုမှုပိတ်သွားသည့်**
**ဆင်းမ်ကတ်များကို *601# သို့ခေါ်ဆိုပြီး**
**မှန်ကန်စွာ မှတ်ပုံတင်ခြင်းဖြင့် ပြန်လည်အသုံးပြုနိုင်ပါပြီ။**

**ဇွန်လ (၃၀)ရက်နေ့အထိ**

မှတ်ပုံတင်ခြင်းအဆင့်ဆင့်




(၁) *601# ကိုနှိပ်ပါ။
(၂) Message ကိုလက်ခံရရှိမည်။
(ဤ link ထဲသို့ဝင်ပါ)
(အင်တာနက်ဖွင့်ထားရန်)
(၃) အထက်တွင် ဖော်ပြထားသော အချက်အလက်များကို ဖြည့်သွင်းပြီးပါက "တင်သွင်းသည်" ကို ပြုလုပ်ပါ။
(၄) "အောင်မြင်စွာပြင်ဆင်ပြီးဖြစ်ပါသည်။" စာတိုပေါ်လာမည် ဖြစ်သည်။

• MPT4U (သို့မဟုတ်) care.mpt.com.mm မှတစ်ဆင့်လည်း မှတ်ပုံတင်နိုင်ပါပြီ။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage
CALL CENTER 106 call free 24 hours everyday

**ခော်ဘွားလေးမိုလ်မိုလ်မောင်ကုမ္ပဏီလီမိတက်မှ**
အဆင့်မြင့် စတီးဘလိတ်စားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၁၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

**BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ**
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁) - အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရှေ့ဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။
Ph: 09-5425251, 09-73225484

**Pursuant to Section 357 of the Myanmar Companies Law 2017**

**MYANMAR BEHN MEYER CO.,LTD**

**(In Members' Voluntary Winding-up)**

**Invitation to the Final General Meeting**

Notice is hereby given that the Final General Meeting of the Members' Voluntary Winding- up of MYANMAR BEHN MEYER CO.,LTD will be held as the following schedule, therefore, all members are cordially invited to attend the Final General Meeting.

At the meeting the liquidator's report and liquidator's statement of accounts shall be presented, and the company shall be finally dissolved

| | | |
|---|---|---|
| Date | : | 10-7-2020 |
| Time | : | 10:00 AM |
| Venue | : | Unit# 411, 412 & 415, Level 4, Strand Square, No.53 Strand Road, Pabedan Township, Yangon,Myanmar |

**Daw Wit Hmone Soe**
**Liquidator**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ (၆)လမ်း၊ တိုက်အမှတ် (၆၄၆)၊ (၄) ခန်းတွဲ (၈ ၁/၂) ထပ်တိုက်၏ အခန်းအမှတ် (6-D)၊ (၆-လွှာ) အကျယ်အဝန်း (၁၂၀၅) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ တရားဝင်လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ကန်ထရိုက်တာ ဦးကျော်ကျော်ဝင်း [၁၂/ရကန(နိုင်)၀၁၆၃၄၅] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသောကြောင့် အဆိုပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ မည်သူမဆို တရားဝင် ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ပါက ခိုင်လုံသော မူရင်းစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ကိုကိုဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၇၄)**
**တိုက်(၁)၊ အခန်း (B-6)၊ ကွမ်းခြံ(၂)လမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၆၉၄၆၀**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-(၁၄)၊မြေကွက်အမှတ်(၉၉၁)၊ဧရိယာ(၄၀ပေ×၆၀ပေ)ရှိပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအမှတ်-၉၉၁၊ဓမ္မဝိဟာရလမ်း၊၁၄-ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ရန်ကုန်မြို့ဟုခေါ်တွင်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့အားတရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး၊ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူဦးမျိုးခိုင်(နိုင်ငံသားကဒ်အမှတ်-၁၂/ဗဟန(နိုင်)၀၇၇၂၃၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်နန်းဆင့်ဆင့်ထွန်း( LL.B ) | ဒေါ်မိုးမိုးအေး ( LL.B ) |
| D.B.L,D.M.L | D.B.L,D.M.L,D.I.L |
| | WIPO,DL-101 Switzerland |
| (စဉ်-၁၂၆၃၉) | (စဉ်-၈၅၅၈) |

(တရားလွှတ်တော်ရှေ့နေများ)
အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း-၀၉-၄၂၅၃၅၈၂၇၀)

အသုံးမလိုတော့သော လေအေးပေးစက်များ ဝယ်ယူလိုပါသည်။
09 25 38 33810

**မြေကွက်များ ဝယ်လိုသည်**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း၊
အိမ်ရောက်ငွေပေးချေမှုနစ် ပွဲခပေးရန် မလိုပါ။
09-254118190
09-898580954

**★STAR★**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များအထူး ဈေးကောင်းပေးဝယ်သည်။
09-5089354
09-5180139

**သီဟလင်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကားများဖြင့်လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။
01-7570307
09-5112729
09-73009734
09-73242979

## Invitation for Prequalification

Country: Republic of the Union of Myanmar

Name of Project:Myanmar Power System Efficiency and Resilience Project

Contract Title: Design, Supply, Installation, Testing and Commissioning of a Combined Cycle Gas Turbine (CCGT) Power Plant of around 300MW Net Power Capacity

Sector: Energy

Prequalification Reference No. :EPGE-PQ-01/2020 Date: June 11, 2020

1. The Government of Myanmar has applied for financing from the World Bank toward the cost of the Ywama new Combined Cycle Gas Turbine (CCGT) power plant and intends to apply part of the proceeds toward payments under the contract for Design, Supply, and Installation of a CCGT Power Plant of around 300MW Net Power Capacity.
2. Electric Power Generation Enterprise (EPGE) under the Ministry of Electricity and Energy (MOEE) intends to prequalify contractors for performance of the construction of a power plant at the Ywama site, located in the suburb of Yangon. The plant will be built using the combined cycle gas technology and the scope of works is for a full turn-key power plant; including the demolition of existing units, engineering, procurement, construction and installation of equipment, testing, and commissioning of the new power plant. The time for completion of the facilities is estimated to be of 36 months. The detailed scope of the contract is outlined in Section VII of this Prequalification Document. It is expected that the Request for Bids will be made in 2020.
3. Prequalification will be conducted through the procedures as specified in the World Bank's Procurement Regulations for IPF Borrowers July 2016, revised November 2017 and August 2018 ("Procurement Regulations"), and is open to all eligible Applicants as defined in the Procurement Regulations.
4. Interested eligible Applicants may obtain further information from EPGE at the address below during office hours 09:30 to 16:30 hr (Myanmar Standard Time). A complete set of the prequalification document in English language can be available by interested Applicants on the submission of a written application to the address below by email from the date of announcement. The document will be sent by e-mail.
5. Applications for prequalification should be submitted in sealed envelopes delivered to the address below by August 20, 2020, 14:00 hr Myanmar Standard Time and be clearly marked "Application to Prequalify for Ywama New Combine Cycle Gas Turbine (CCGT) Power Plant(ICB EPGE-PQ-01/2020)"Late applications may be rejected by Electric Power Generation Enterprise (EPGE) under the Ministry of Electricity and Energy (MOEE).

**Attn: Managing Director**
**Office No.27, Nay Pyi Taw, the Republic of the Union of Myanmar**
**Phone: +95 9 2225181, +95 9 5133511**
**E-mail: ywamaproject@gmail.com**


ကလေးနာမည်ပေး ဆရာကြီး
**ရာဇာဇော်ဝင်း**
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးတင်ပွန်းတပ်ချစ်သူနံတွဲမင်္ဂလာရက်ရွေး
01-399136,09-401207303,09-73009994 လူကြီးလိုရာမေးအိမ်ရောင်းထွက်ဖို့
09-515252 တိုက်အမှတ်(၉)ဒုထပ်၊စ၇လမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့ (ဝိတ်ရက်မရှိ)

ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## စီမံကိန်းရေးဆွဲရေးဦးစီးဌာန
## ရုံးချုပ်၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးနှင့် အငယ်တန်းစာရေးရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၇၂)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်-

(က) **ဒုတိယဦးစီးမှူး** (၆၅) နေရာ
(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)

(ခ) **အငယ်တန်းစာရေး** (၇) နေရာ
(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်ထားသူများသည် ၃၀-၆-၂၀၂၀ ရက်နေ့တွင် အသက်(၃၀) နှစ်ထက် မကျော်လွန်စေရ။
(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၃၀-၆-၂၀၂၀ ရက်နေ့တွင် အသက်(၃၅) နှစ်ထက် မကျော်လွန်စေရ။ (သက်ဆိုင်ရာဌာနအကြီးအကဲ၏ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။)
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(င) ဒုတိယဦးစီးမှူးရာထူးအတွက် ပညာအရည်အချင်းသတ်မှတ်ချက်မှာ စီးပွားရေးနှင့်ဆက်နွယ်သည့် ပညာရပ်ဆိုင်ရာဘွဲ့ရရှိသူများ၊ အင်္ဂလိပ်စာဘွဲ့ရရှိသူများဖြစ်ရပါမည်-
(B.Com, B.Econ(Stats),B.Econ(Eco), B.Act, B.BM, B.B.A, B.P.S, B.Dev.S, B.P.A,...... စသည့် စီးပွားရေးနှင့်ဆက်နွယ်သည့် ဘွဲ့များနှင့် B.A(Eng))
(အထက်ပါဘွဲ့အားလုံးအတွက် မဟာဘွဲ့ရသူများလည်း လျှောက်ထားနိုင်ပါသည်။)
(စ) အငယ်တန်းစာရေးရာထူးအတွက် ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
(ဆ) ဒုတိယဦးစီးမှူးများသည် ဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ပြီး ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
အငယ်တန်းစာရေးများသည် ဌာနတွင် အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်ရန်နှင့် ရုံးချုပ်၊ နေပြည်တော်စီမံကိန်းဦးစီးရုံးနှင့် ယင်းအောက်ရှိ ခရိုင်၊ မြို့နယ်စီမံကိန်းဦးစီးရုံးများတွင် တာဝန်ထမ်းဆောင်ရန်ဖြစ်ပါသည်။
(ဇ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

၃။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ)ကို စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးချုပ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ၏ ငွေစာရင်းအမှတ်များသို့ ပေးသွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ထားသော လျှောက်လွှာများကို စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးချုပ်(နေပြည်တော်)နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စီမံကိန်းဦးစီးရုံးများတွင် အခမဲ့ထုတ်ယူနိုင်သည်။ https://www.mopfi.gov.mm/my/content/planning-news တွင် လျှောက်လွှာပုံစံကို download ထုတ်ယူနိုင်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များအား ပူးတွဲပေးပို့ရပါမည်-
(က) စာမေးပွဲဝင်ကြေးငွေပေးသွင်းသည့် ချလန် မူရင်း။
(ခ) ဘွဲ့လက်မှတ်မိတ္တူ။ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(သို့မဟုတ်)အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ။ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်။)
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(င) လွန်ခဲ့သောခြောက်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ (၂)ပုံ။ (ဓာတ်ပုံကျောဘက်တွင်အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်။)
(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။
(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လွန်ခဲ့သောတစ်လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ထောက်ခံချက်မူရင်း၊
(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆေးရုံ၏ ဆေးစစ်ထောက်ခံချက်မူရင်း၊

၅။ လျှောက်လွှာများကို ရုံးချုပ် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများသို့ ၁၃-၇-၂၀၂၀ ရက်နေ့၊ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ အရောက်ပြန်လည်ပေးပို့ရမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတဆင့် ဤဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနသို့ ပေးပို့ရန်ဖြစ်ပြီး၊ လျှောက်လွှာမူရင်းခွဲတစ်စောင်ကို ရုံးချုပ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများသို့ ၁၃-၇-၂၀၂၀ ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်သည်။

